www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပြည့်ပိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၁၆)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၉၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၂၅၀၃၀၈

| | | |
|---|---|---|
| မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် | - | အာကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၁၃ထပ်(ယာ)၊ ၃၇လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုး (တော်ဝင်မြူးပုံနှိပ်တိုက်) |
| | | ၃၀/ခ၊ သာယာကုန်းလမ်း ပုဇွန်တောင်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | ၈၀/ခ၊ သံလွင်လမ်း ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ် ဧပြီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

BURMESE CLASSIC .com

# မာတိကာ

| | | |
|---|---|---|
| ၁။ | ညရိပ်ထဲက ကြယ်မှိုမ | ၇ |
| ၂။ | စျေးထဲမှာ | ၁၇ |
| ၃။ | ချွေးစို့ခဲ့တဲ့ည | ၂၇ |
| ၄။ | ပထမဆုံး နှင်းကျတဲ့နေ့ | ၃၅ |
| ၅။ | လေအနှောမှာ ခြေဆောတဲ့လိပ်ပြာ | ၄၅ |
| ၆။ | ပွဲးစာမှန်တော့လည်း | ၅၇ |
| ၇။ | လှူနှင့်ဝါသနာ | ၆၅ |
| ၈။ | ကျွတ်ထိုက်သသူ | ၇၅ |
| ၉။ | တစ်ကြိုးမှမရှိတဲ့ကစေ | ၈၃ |
| ၁၀။ | ကြုံရပုံက ဆန်းတော့ | ၉၁ |
| ၁၁။ | ယောက်ယက်စတ်တဲ့လ | ၁၀၁ |
| ၁၂။ | တော့်ကျမှပဲ | ၁၀၉ |
| ၁၃။ | တစ်ခွန်းဆိုတစ်ခွန်း | ၁၁၇ |
| ၁၄။ | မြင်ယောင်မိပါသေးသည် | ၁၂၁ |
| ၁၅။ | မိုးခါးရေ | ၁၃၃ |
| ၁၆။ | ခေါတာအပြစ်လား | ၁၄၁ |
| ၁၇။ | မေ်းလိုက်မှုက | ၁၄၇ |
| ၁၈။ | မှတ်ထား | ၁၅၃ |

www.burmeseclassic.com

www.burmeseclassic.com




# ညရိပ်ထဲကကြယ်ပါမြ

"မောချက်ကတော့ပြောကိုမပြောချင်ဘူး"

ခေါင်းပေါ်မှ ပဲပြုတ်တောင်းကို 'ဝုန်း'ခနဲဆောင့်ချရင်း ဆိုလေသူ ချစ်ဇနီး၏အပြောကြောင့် ရေးလက်စဝတ္ထုတိုကို တန်းလန်းထားလျက် ဇနီးဖြစ်သူဆီ မျက်နှာမူဖြစ်သည်။

"စောစောစီးစီး ဘာဖြစ်လာပြန်တာတုံး"

ကျွန်တော့်အမေးကို ခေါင်းခုဖြင့်ချွေးသုတ်နေသော ချစ်ဇနီး အင်ဂျလီနာဂျိုလီက ချက်ချင်းမဖြေနိုင်ရှာသေး။ ရေခဲသေတ္တာထဲမှရေကိုယူကာ တဂွတ်ဂွတ်မော့သောက်လိုက်သေးသည်။ ပြီးမှ. .

"ပဲပြုတ်ရောင်းရတာ ကြွေးကျရတဲ့အထဲ '၉၀၇' လမ်းက လင်းဆေးလိပ်ဟန်ဆိုတဲ့ကောင်မလေးပေါ့ . . . ပဲပြုတ်ယူထားတဲ့ ကြွေးဟောင်းကိုမဆပ်တဲ့အပြင် ထပ်ယူလိုက်ပြန်တယ်"

"မိန်းမကလည်းကွာ... လကုန်ရင်ပေးနေကျပဲ ဥစ္စာ . . . မရတော့မှာကျနေတာပဲ . . . ဗျစ်တောက်ဗျစ်တောက်နဲ့"

ကျွန်တော့်အပြစ်တင်စကားကြောင့် အင်ဂျလီနာက ဒိုင်းခနဲမျက်စောင်းထိုးသည်။ အ,ရန်ကောဆိုသည့် သဘော။

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"တော် . . . ဘာမှမသိပါဘူး။ ကျုပ်ကအကြွေးယူတာကို အပြစ်ပြောချင်တာမဟုတ်ဘူး။ သင်းကြွားတာကိုမခံချင်လွန်းလို့ပါ"

ချစ်ဇနီးအင်ဂျလီနာ အံကြိတ်သံကြီးဖြင့်ဆိုရင်း တက်ကို ခပ်ကြမ်းကြမ်းခေါက်သည်။ ပြီး . . .

"ကျုပ်ဆီက ပဲပြုတ်ကျတော့ အကြွေးယူပြီးတော့ ပါတိတ်ဝမ်းဆက်ကျတော့ . . . လက်ငင်းဝယ်ဝတ်တယ်"

"နို့ နေပါဦးမိန်းမရ . . . မင်းကိုဘယ်သူပြောလို့တုံး"

"သူကိုယ်တိုင်ပြောတာ . . . တော်ရေ။ ကျုပ်ပဲပြုတ် လာအရောင်းကိုစောင့်ပြီးမှ တကူးတကကြီးကို ထုတ်ပြရင်းကြွားလိုက်တာ။ အမလေး. . . ခံပြင်းလိုက်ချက်ကတော့ ပြောကိုမပြောချင်ဘူး"

မိန်းမသားတွေထဲက မိန်းမသားပေပဲမို့ ဝတ်ချင်စားချင်စိတ်ရှိရှာသော ဇနီးဖြစ်သူကိုသက်ပြင်းချရင်းကြည့်ဖြစ်သည်။

"သူ့ဘာသာသူ ဝယ်ဝတ်တာကို ကျုပ်မနာလိုလို့ ပြောတာတော့ မဟုတ်ပါဘူးတော်။ သင်းက ကျုပ်လိုချင်တယ်လို့ ပြောပြထားတဲ့ တံဆိပ်တင်မကဘူး အဆင်ရောအရောင်ပါ . . . တစ်ထပ်တည်းကျအောင် ဝယ်လိုက်တာကတော့ . . . ကျုပ် ရင်နာလို့မဆုံးဘူး"

ချစ်ဇနီးအင်ဂျလီနာကား နိမ့်ချည်မြင့်ချည်ဖြစ်နေသောရင်ကို တဗျမ်းဗျမ်းရိုက်ကာ ငိုသံပါကြီးနှင့်ဆိုလိုက်သောအခါ 'ကျွန်တော်'တော်တော်ကြီးကြေကွဲသွားရသည်။

ဟုတ်တော့လည်း ဟုတ်သည်။ သူ့ခမျာ ပွဲသွားလမ်းသွားဝတ်ရန် ပါတိတ်ဝမ်းဆက် ကောင်းကောင်းမပြောနှင့် . . . ခပ်လတ်လတ်လေးတစ်စုံပင်မရှိရှာ။

အို!သနားပါဘိ ချစ်ဇနီး အင်ဂျလီနာဂျိုလီငဲ့။ (တောက်! ရေးရင်း ရေးရင်းနဲ့ မျက်ရည်တောင်ကျချင်လာပြီ)





"စိတ်ချပါ မိန်းမရာ။ ဒီတစ်ခါမောင့်ထုတ်ဝေသူ ကိုမိုးဆီက ကြိုငွေရရင် မင်းကြိုက်တဲ့အဆင်ကို ရောင်စုံ. . . စုံ"

"တော်စမ်းပါ၊ တော့်စာမူခရမှ ပါတိတ်ဝမ်းဆက်နဲ့ လမ်းထွက်ရမယ်ဆိုရင်လေ မဝတ်ရရုံပဲရှိမယ် ဟွန်း။ ကျုပ်သာ ပဲပြုတ်တောင်းခေါင်းပေါ် ရွက်ပြီး တစ်လမ်းဝင်တစ်လမ်းထွက်၊ တစ်တိုက်ဝင်တစ်တိုက်တက် 'ဟော. . . ဒီက. . . ပဲပြုတ်(စ်). . . လို့'အော်ပြီး အရောင်းမထွက်ရင် တော်အခုလို Lap Top ကွန်ပျူတာမပြောနဲ့ လက်နှိပ်စက်စုတ်နဲ့တောင် စာရေးရမှာ မဟုတ်ဘူးသိရဲ့လား။ ထမင်းရည်တောင်မတွေ့ဘူးမှတ်။

စာမူခရတာနဲ့ ဟိုလူခေါ် တိုက်ရတာနဲ့၊ ဒီလူခေါ် ကျွေးရတာနဲ့ ကျုပ်တို့လင်မယားသက်တမ်းမှာ တော့်စာမူခကို ကျုပ်မမြင်ဖူးဘူး . . . အဟုတ်"

ပြောရင်းဆိုရင်း 'အင့်'ခနဲ၊ 'အီ'ခနဲ ငိုချလိုက်သော အင်ဂျလီနာ ချစ်ဇနီးလေးရဲ့ ရှိုက်သံကြောင့် ကျွန်တော့်ရင်တစ်ခုလုံး ဖိညှစ်ခံလိုက်ရသလို မွန်းကြပ်သွားရကာ ဗျာယာခတ်သွားရသည်။

"မ. . . မငိုစမ်းပါနဲ့ မိန်းမရာ၊ မောင်အတည်ပြောတာပါ။ ဒီတစ်ခါ မောင့်မိန်းမကိုလေ ပါတိတ်ဝမ်းဆက်တင်မကဘူး။ စိန်နားကပ်ပါ ပန်ရစေမယ်"

ကျွန်တော့်စကားအဆုံးမှာ မိန်းမဖြစ်သူက အငိုမတိတ်သည့်အပြင် ပိုလို့ပင်ရှိုက်လိုက်သေးသည်။

"တော်ပါတော့တော်၊ စာရေးဆရာကိုမှယူမိတဲ့ ဒီ ကံဆိုးမရဲ့ အပြစ်ပဲထားလိုက်ပါတော့။ ကျုပ်ကလည်း ဟိုကောင်မ လင်းဆေးလိုဟန်တို့လို ကားပွဲစားကိုမှ မယူမိတာကိုး"

ဘာရယ်မဟုတ်ပြောလိုက်သော ချစ်ဇနီး၏စကားက မာနကိုလာဆွ၏။ သို့သော် သူမပြောသောစကားကလည်း မမှားသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်မဆိတ်ပင်နေလိုက်ရ၏။ နေပင်နေလိုက်ရသော်ငြားလည်း မကျေနပ်မှုတို့ကြောင့် ကျွန်တော်ကိုယ်တိုင်ကလည်း ဒေါ်ထနေမိသည်။ ဘာကိုဒေါထလို့ထရမှန်းမသိ။ နောက်ဆုံးတော့ ဒေါသကိုသက်ပြင်းအသွင်ပြောင်းကာ မဟင်းချင်ဘဲ ဟင်းချလိုက်ရတော့သည်။

* * *

BURMESE CLASSIC .com

"ဝုန်း"

"ဟာ . . . လန့်လိုက်တာ . . . မိန်းမရာ . . . ဖြည်းဖြည်းလုပ်ပါကွ"

ပဲပြုတ်တောင်းကို 'ဝုန်း'ခနဲပစ်ချရင်း ဆိုဖာပေါ်ပစ်ကာ ထိုင်ချသောချစ်ဇနီးကို ခပ်ဆတ်ဆတ်ရွှတ်ဖြစ်သည်။

ချစ်ဇနီးအင်ဂျလီနာကား. . . ဘယ်က ဘယ်လိုဒေါသထွက်လာမှန်းမသိ။ မျက်နှာကို ရှစ်ခေါက်ချိုးကာထားရင်းက Air Con ကိုလှမ်းပိတ်သည်။

"ဟာ . . . ပူလို့ Air Con ဖွင့်ထားပါတယ်ဆိုမှ. . . ဘာဖြစ်လို့ပိတ်လိုက်တာတုံး"

"ဒီမယ် . . . ကိုဟတ္ထ တော်ရုံတန်ရုံပူတာလောက်ကတော့ ယပ်တောင်လေးဘာလေးနဲ့ ခတ်ဦးမှပေါ့တော့။ ကျုပ် ပဲပြုတ်ရောင်းလို့ရတဲ့အမြတ်တစ်ဝက်လောက်က ဒီ Air con အစုတ်ပြင်ရင်းနဲ့ပဲ မွဲရချည်ရဲ့"

ချစ်ဇနီးအင်ဂျလီနာကိုကြည့်ရင်းက ကျွန်တော် အတွေး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာသည်။ မိန်းမ ဒီမနက်ခင်း ပဲပြုတ်ရောင်းရင်းနှင့် တစ်ယောက်ယောက်နဲ့ကတောက်ကဆဖြစ်ခဲ့ပြီထင်တယ်။

"ကဲ . . . မိန်းမ ဒီမနက်ခင်း ဒေါ်လင်ဆေးလိပ်ဟန်က ပါတိတ်ဝမ်းဆက် နောက်တစ်စုံထပ်ကြွားလာပြန်ပြီလား"

ပြုံးစိစိဖြင့်မေးသော ကျွန်တော့်မေးခွန်းကား တက်တက်စင်အောင်လွဲ၏။

"ဘယ်ကလာတော် . . . တော်ပြောလိုက်ရင်လေ ဘောလုံးဂျာနယ်ထဲက ပွဲကြိုခန့်မှန်းချက်လို တလွဲချည်းပဲ။ နောက်တစ်ခါလာပြန်တော့လည်း ဟိုအိတ်ဆောင်ပေဒင် စာအုပ်ထဲကလို တစ်စက်ကလေးမှမမှန်ဘူး"

"နို့ ဒါဖြင့် ဓာတ်လှေကားပျက်နေလို့လား"

မေးစရာဆိုလို့ ဒါပဲရှိတော့သည်။ ကျွန်တော်နှင့်ဇနီးဖြစ်သူ ပဲပြုတ်သည် အင်ဂျလီနာတို့စုံမြန်းရာ '၃၉၈' လွှာရှိ ကွန်ဒိုတိုက်ခန်းကို တစ်ခါတစ်ရံဇနီးဖြစ်သူမှာ ခြေလျင်တက်ရရှာသည်။ ဈေးပေါပေါဖြင့် ဝယ်ထားရသော ဤအခန်းကိုတက်ရန် ဓာတ်လှေကားမှာ မကြာခဏဆိုသလိုပျက်တတ်သည်ကိုး။

"ကျုပ်မောင်ကြီးရယ် အပေါ်ထပ်ကသဘော်သားမိန်းမ ဂျနီဖာလိုပက်(ဇ်)ကြောင့်ပါတော်။ ဒီကောင်မက ကျုပ်ဆီကသာ ပဲပြုတ်အကြွေးယူယူစားနေတာ ဟော. . . အခု ပေါင်ထားတဲ့ စိန်နားကပ်ပြန်ရွေးထားပြီ တော်ရေ"

မဲ့ကာရွဲ့ကာဆိုသော ချစ်ဇနီးအင်ဂျလီနာ၏ စကားအဆုံးမှာ . . . ကျွန်တော့်ခမျာ ဖော်လိုမလိုက်ချင်လိုက်ချင်နှင့် ဟာမိုနီဖြစ်အောင် ဖောပေးရတော့သည်။

"နို့ နေပါဦး. . . မင်းကိုဘယ်သူကပြောလိုက်ပြန်ပြီလဲ"

"လင်ဆေးလိပ်ဟန်ပြောလို့ သိတာတော်ရေ။ သူပြောလို့ ကျုပ်





လည်း သတိထားကြည့်မိတယ်။ ဟုတ်ပ့ါတော် . . . သင်းက စိန်နားကပ်ကိုလူမမြင်မြင်အောင် မီးခြစ်ဆံနဲ့နားဖာကလော်ပြသေတော့"

"အာ . . . မိန်းမကလည်းကွာ. . . သူ့ဘာသာသူ နားယားလို့ ကလော်တာနေမှာပါ"

"တော်. . . အဲဒါကြောင့်လည်း တော့်စကားကို ဘောလုံးပွဲကြိုခန့်မှန်းချက်နဲ့နှိုင်းရတာ။ အဖြစ်ကိုမရှိဘူး။ သူနဲ့မျက်နှာချင်းဆိုင်အခန်းက မက်ဒေါနားက ကျုပ်ကိုလက်တို့ပြီးပြောပြလိုက်တာ . . . နှစ်ရက်ရှိပြီတဲ့။ သဘောကတော့ နားကပ် ပြန်ရွေးထားတာ နှစ်ရက်ရှိပြီဆိုတဲ့သဘော ရှင်းပြီလား"

"ရှင်းပါပြီဗျာ"

အလွှာပေါင်း '၄၀၀' တိတိရှိသော ကျွန်တော်တို့ကွန်ဒိုမှာ ကျွန်တော့်မိန်းမ,မသိတာမရှိ။ ကျွန်တော်၏မိန်းမက ထိုမျှ ထက်မြက်၏။

"တောက် . . . ဒီလိုမှန်းသိရင် အစောကြီးကတည်းက သင်္ဘောသားယူပါတယ်။ အခုတော့ သင်းနဲ့ညားလို့ ပဲပြုတ်သည်ဖြစ်ရတာပဲ အဖတ်တင်တယ်။ မိအေးနှစ်ခါနာဆိုတာ ဒါမျိုးနေမှာ"

ရေခဲသေတ္တာထဲမှ ရေသန့်ကိုပုလင်းလိုက် မော့သောက်ရင်း . . . ဗျစ်တောက်ဗျစ်တောက်ရွတ်နေသော ချစ်ဇနီး၏နားပေါက်ဟောင်းလောင်းလေးကိုကြည့်ရင်း စိတ်ထဲမှာနင့်ခနဲ။

မိန်းမအပေါ်မှာ တာဝန်မကျေသလိုဖြစ်နေပြီလားဟု တွေးရင်း ထိုနေ့ညက တစ်ညလုံးအိပ်မပျော်။ မိန်းမကတော့ စိန်နားကပ်နှင့်ပါတိတ်ဝမ်းဆက်ကို အိပ်မက်ထဲထိထည့်ယောင်သည်။

အိပ်မက်ထဲက ကျုပ်မိန်းမကြွားနေပုံက . . . .

"သွားတုန်းကတော့ စိန်နားကပ်အဝယ်ဆိုပြီး သွားလိုက်တာလေ။ ပါတိတ်အဆင်အသစ်ရောက်တယ်ဆိုလို့ ဝင်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်လုံး. . . အားလုံးသိမ်းဝယ်ပြန်လာလိုက်တာ. . . အဟင်းဟင်း"တဲ့။ သူဘော်ဒါတွေကို (ကြွားနေတာ)

နံနက်မိုးသောက်အလင်းရောက်တော့ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ပီပီပြင်ပြင်ချပြီးနေပြီဖြစ်သည်။ ပဲပြုတ်တောင်း ခေါင်းပေါ်ရွက်၍ ထဘီကိုခပ်တင်းတင်းဝတ်ကာ ဟန်းဖုန်းကိုခါးကြားထိုးပြီး ပဲပြုတ်အရောင်းထွက်ရန်ပြင်ဆင်နေသော ဇနီးဆီကပ်ဖြစ်သည်။

"မိန်းမ"

"အလိုတော် စာရေးဆရာကြီး ထူးထူးဆန်းဆန်း အစောအစီးထလို့ပါလား"

"မင်းကို မေးစရာရှိလို့ပါ"

"ဆို"

"မင်းလည်း ဟောလီးဝုတ်(ဒ်)ကလာတာပဲ။ မုန့်ဟင်းခါးလောက်တော့ ချက်တတ်မှာပေါ့"

"ချက်တတ်တာပေါ့တော် . . . နေပါဦး. . . တော်က ဘာကိစ္စမေးရတာတုံးတော့"

အံ့အားတသင့်မေးသော ဇနီးကို ရှက်ဝဲဝဲဖြင့် ကျွန်တော်ပြုံးပြမိရင်းက . . .

"ဟို . . . မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ အခုလိုမင်းကဈေးတောင်း ခေါင်းရွက်ပြီး အပိုငွေရှာချိန်မှာ ငါကလည်းအပိုဝင်ငွေရအောင် မနက်ပိုင်းမှာ အထမ်းနဲ့မုန့်ဟင်းခါးထွက်ရောင်းရင် ကောင်းမလားလို့၊ အဲဒီကရတဲ့ငွေကိုစုပြီး မင်းအတွက်စိန်နားကပ်လေး ဘာလေးဝယ်ချင်ဝယ်ရတာပေါ့"

ကျွန်တော့်စကားကို ချစ်ဇနီးအင်ဂျလီနာတစ်ယောက် အံ့အားတသင့်ကြီးသင့်ကာ ဝမ်းနည်းဝမ်းသာဟန်ဖြင့် နှုတ်ခမ်းများ





တဆတ်ဆတ်တုန်ယင်ကာလာသည်။ မျက်ဝန်းမှာ မျက်ရည်တို့ ဝေသီလျှက်က. . .

"ကျုပ် . . . ကျုပ်မောင်ကြီး"

"ဝုန်း"

ဟုတ်ကဲ့. . . အင်ဂျလီနာတစ်ယောက် ကျွန်တော့်အား (ကျုပ်မောင်ကြီး)ဟု ဝမ်းခေါင်းသံကြီးနှင့်ခေါ်ရင်း ခေါင်းပေါ်က ပဲပြုတ်တောင်းကို 'ဝုန်း'ခနဲ ကြမ်းပေါ်ပစ်ချလိုက်သည်။ ပြီးခါတ်ရှင်တွေထဲကလို slow motion ဖြင့် လိမ်ကျစ် လိမ်ကျစ်လှမ်းလာကာ ကျွန်တော့်အား အာဘွားကို ခပ်ကြမ်းကြမ်းပေးလိုက်လေတော့သည် တမုံ့။

နောက်နေ့နံနက်မှစ၍ နံနက်တိုင်းလင်မယားနှစ်ယောက် ဟန်းဖုန်းကိုယ်စီခါးကြားထိုးကာ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဖြင့် လမ်းတကာ၊ အိမ်တကာသို့. . . ဈေးရောင်းထွက်ကြလေသည်။

"ဟောဒီက . . . ပဲ. . . ပြုတ်(စ်)" ဟူသော အသံပြာ အဆုံးမှာ "မုန့်ဟင်းခါးရမယ်"ဆိုသော အသံဝါကြီးကြီး ဆက်တိုက်ပေါ်လာပါက အညတရစာရေးဆရာနှင့် သူ၏ချစ်ဇနီးအင်ဂျလီနာ ဟုသာ မှတ်လိုက်ပါမိတ်ဆွေ။

မှတ်ချက်။ ။ဟောလီးဝုတ်(ဒ်)လက်ရာ ပဲပြုတ်နှင့်မုန့်ဟင်းခါးကို အထူးအော်ဒါမှာပါကလည်း အိမ်တိုင်ယာရောက် လိုက်ပို့ပေးမည်ဖြစ်ကြောင်း။

(အင်ဂျလီနာ၏အရင်ဘဝက ခင်ပွန်း)

www.burmeseclassic.com

www.burmeseclassic.com






# ဈေးထဲမှာ

မြို့မဈေးကြီး၏ဈေးတော်သူ ဈေးတော်သားတို့သည်လည်း IT ခေတ်ကြီးတွင် ဘာရယ်ညာရယ်မဟုတ် ဘိုလို တောင်တစ်ခွန်း မြောက်တစ်ခွန်းညှပ်ကာညှပ်ကာဖြင့်ပြောလာကြသည်။

အခုပဲ ငါးစိမ်းသည်လင်မယား ရန်ဖြစ်နေသည်ကို ကြည့်တော့။

"တော့်ကို. . . ကျုပ်ပြောထားပြီးသား၊ Discount (လျှော့ရှိရောင်းသည့်ဈေး) ဒစ်စကောင့်ဈေးဆိုရင်၊ ဒစ်စကောင့် အလေးနဲ့ချိန်။ အဲလေ၊ ဟိုဒင်း တော်ဈေးကို အဲဒီလောက်ထိ ဒစ်စကောင့်ချထားရင်၊ အလေးက ရှစ်ဆယ်သားအလေးပေါ်ကို အဲလေ ယောင်ပြန်ပြီ။ တစ်ပိဿာလေးပေါ်ကို နောက်ထပ် အလေးမဖြည့်ပေးတော့နဲ့၊ လျှာဖောက်ထိုးချိန်မပေးနဲ့လို့ အမြဲတမ်း ဒီလောက် (training) ထရိန်နင်ပေးထားတဲ့ကြားက အလုပ်ကိုတန်ဖိုးမထားဘူး"

"ဟ နင့်တူမလာဝယ်တာဆိုတော့ ငါလည်း အဲဒါတဲ့ . . . ဒစ်စ်ကောင့်ချပေးပြီး အလေးတင်းပေးလိုက်တာပါဟာ"

"ဩော် ဒီလိုလား စောစောကပြောရောပေါ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ရယ်. . . တော် ဒီလောက်မပိန်းပါဘူးလို့ . . . ထင်တော့ထင်သား sorry ပါတော်. . . sorry အဟီး"

ငါးသည်ကြီး. . . ဒေါ်စိန်ကခုမှ ပြုံးနိုင်လာတော့သည်။ စောစောကတော့ သူ့ယောက်ျားကိုပဲ ထသတ်တော့မလိုဒေါသတွေ ထွက်လို့။

"ဖရက်(ရှ်) Fresh ဖြစ်တာလေးကော ရွေးပေးလိုက်ရဲ့လား"

"သူ့ဘာသာသူ. . . ရွေးသွားတာပဲ။ ဒါနဲ့မိန်းမ Tea Shop သွားလိုက်ဦးမယ်. . . ပေးစမ်းပါဦး နည်းနည်းလောက်"

"ကျုပ်အတွက် ဝေလုဝကြော်ငြာတဲ့ Hi Tea တစ်ထုပ်လောက် ဝယ်ခဲ့စမ်းပါဦးတော်။ ရော့ ရော့ ပိုက်ဆံ"

ထိုသို့နှယ် တောင်တစ်ခွန်း၊ မြောက်တစ်ခွန်းစ ဘိုလို ညှပ်ကာညှပ်ကာပြောပြောနေကြသော ဈေးကြီးတွင်းသို့ ကျွန်တော်ရောက်လာသည်။

"ဟကောင် ပြည့်ပိုင်"

ထွန်းနောင်ဦး၏သနပ်ခါးတုံးဆိုင်ရှေ့ကအဖြတ် ဆရာသမားက ကျွန်တော့်ကိုအာပြကြီးဖြင့်လှမ်းခေါ်သည်။

"ဘာလဲကွ"

"ငါ Toilet (အိမ်သာ)သွားချင်လို့ကွ၊ ဆိုင်ခဏလေး စောင့်ပေးစမ်းပါကွာ၊ ဒီအပုံထဲကဆိုရင် တစ်တုံးကိုငါးရာအနည်းဆုံး၊ အလယ်ကအပုံထဲကဆိုရင် တစ်ထောင်အနည်းဆုံး၊ ဟိုဘက်ဆုံးကရှယ်အပုံထဲကဆိုရင် နှစ်ထောင်အနည်းဆုံး ကြည့်ရောင်းထားလိုက်ကွာနော်"

မျက်နှာကြီးရှုံ့မဲ့ကာ ဗိုက်ကိုနှိပ်ရင်းဆိုနေသော ဆရာသမားကိုကြည့်ရင်း ကျွန်တော်ခေါင်းညိတ်ပြဖြစ်သည်။ ဒီကောင့်ဆိုင်ကတော့ အမြဲရောက်နေကျမို့ တော်တန်ရုံလောက်ကတော့





ရောင်းပေးနေကျ။

"ငါသွားပြီ၊ OK နော်"

"အေးပါ"

သကောင့်သား သွားပြီးလို့သိပ်မကြာခင်မှာ အဒေါ်ကြီးတစ်ယောက်ရောက်ချလာသည်။ ပြီး ထွန်းနောင်ဦးပြခဲ့သော တစ်ထောင်တန်အပုံထဲမှ သနပ်ခါးတစ်တုံးကိုယူရင်း မွှေးကြည့်သည်။

"ရှင်မဟောင်အစစ်ပါ အဒေါ်၊ ဒီမှာကျောက်ပျဉ်ရှိတယ်၊ သွေးပြရမလား။ ဈေးလည်းချိုတယ်။ အဲဒီကောင်က အသွေးလည်းခံတယ်။ အပွေးကရင့်တော့လေ . . . မြင်တဲ့အတိုင်းပဲ"

ကြားနေကျ၊ နားရည်ဝနေသော ထွန်းနောင်ဦး၏ လက်သုံးစကားတို့ကိုမှတ်မိသလောက် ဆီလျော်အောင်ရွတ်ပြရသည်။

"ဘယ်လောက်လဲ"

"ထောင့်တစ်ရာပဲပေး အဒေါ်"

တစ်ရာပိုပြောလိုက်သည်။ အမြှားကြောင့်တော့မဟုတ်။ သေချာပေါက်ဈေးဆစ်မှာမို့ လျှော့ရန်အတွက် ပိုပြောရခြင်းဖြစ်သည်။ ထွန်းနောင်ဦးဆိုင်မှာ ကျွန်တော်ရောက်သလောက်ဈေးမဆစ်သော ဈေးဝယ်သူမရှိ။ တစ်ထောင့်တစ်ရာပြောမှ တစ်ထောင်တင်မည်ဖြစ်သည်။

"ဈေးများတာပေါ့ကွယ်၊ ဒီ (Quality) ကွာလတီနဲ့ ဒီဈေး၊ သိပ်များတာပေါ့၊ လျှော့ပါဦး"

"အလို့၊ သူကလည်းမခေပါလား"ဟု ကျွန်တော်တွေးဖြစ်သည်။ ဘိုလိုညှပ်ကာ ကွာလတီတွေဘာတွေလုပ်လိုက်သေးသည်။ ကျွန်တော်ဆိုသောကောင်ကလည်း ထွန်းနောင်ဦးဆိုင်မှာ အားတိုင်းယားတိုင်းလာပြီးစစ်တုရင်ထိုးနေကျမို့ သည်အထာတွေသိနေသည်။ ချက်ချင်းကြီးသွားလျှော့လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"လျှော့ပေးလို့မကိုက်ဘူး အဒေါ်ရဲ့ စိတ်ချ ဈေးမများစေရဘူး"

"အိုး ဒစ်စကောင့်တော့ရှိရမှာပေါ့၊ တစ်ခွန်းဆိုင်လည်း မဟုတ်ဘဲနဲ့ . . . ငါလည်း မတရားမဆစ်ဘူး၊ ခြောက်ရာထား"

"ဗျာ"

တစ်ခွန်းတည်းနဲ့ 'ဗျာ'သွားရသည်။ မတရားမဆစ်ဘူးလည်းဆိုသေး။ ဆစ်လိုက်ပုံက ထက်ခေါက်ချိုးပင်မက။

"မကိုက်လို့ပါ အဒေါ်ရယ်၊ ကဲ ဈေးဦးပေါက် တစ်ထောင်တော့ပေးခဲ့ . . . နော်"

"ကဲ ကဲ ခြောက်ရာ့ငါးဆယ်ထား"

"မရလို့ပါအဒေါ်ရယ်၊ တစ်ထောင်တော့"

"ကဲပါ၊ ခုနစ်ရာ"

"တစ်ထောင်ကတော့ နောက်ဆုံးဈေးပဲအဒေါ်"

ကျွန်တော်လည်း ငိုချင်လာသည်။ အဘွားကြီးက ထိုင်ရာက မထတော့။ အဲ ခုနစ်ရာကလည်းပိုမပေးတော့။ ဟိုခွေးကောင်ကလည်း ခုထိမလာသေး။

"ဈေးဦးပေါက်မို့လို့ တစ်ထောင်ပေးထားတာပါ"

"ကဲ မင်းကလည်း အရမ်းကြီးတင်းခံမနေနဲ့၊ နောက်ဆုံးဈေးပေးလိုက်မယ်။ Last Price လပ်စ်ပရိုက်စ်ပေါ့ကွယ်"

အဒေါ်ကြီးက မြိန်ရေရှက်ရေကြီး 'လပ်စ်ပရိုက်စ်' လိုက်တာတ ကိစ္စမရှိ။ ကျွန်တော့်မျက်နှာဆီကပ်ပြီး ပြောထည့်လိုက်သည်မို့ တံတွေးတို့ကလာစင်သည်။

"ခုနစ်ရာ့နဲ့မှငါးဆယ်၊ ကဲ . . . ဘယ်လိုလဲ"

"မရလို့ပါ အဒေါ်၊ ကျွန်တော်ကလည်း တအားကို ရောင်းချင်ပါတယ်၊ ဘယ်လိုမှမကိုက်လို့ပါ။ တစ်ထောင်ကတော့. . ."





"တော်ပြီ၊ မပေးနိုင်တော့ဘူး တစ်ထောင်၊ ဈေးထဲမှာ သနပ်ခါးဆိုင်တွေပေါလွန်းလို့ မင်းတစ်ဆိုင်တည်းရှိတာ မဟုတ်ဘူး။ ဘယ့်နှယ်တော်၊ အံ့ပါရဲ့။ သနပ်ခါးတုံးလေး သွားကြားထိုးတံလောက်ရှိတာကို တစ်ထောင်တဲ့။ ရောင်းရပါလိမ့်မယ် အားကြီးကြီး။ ဘယ် Customer ကပ်စတမ်မာမှ မအဘူး။ မှတ်ထား"

အဒေါ်ကြီးက လက်ဖမိုးနှင့်လက်ဖဝါးကို တဖြန်းဖြန်းရိုက်ကာ ဒေါသအလျောက် ဆောင့်ကြီးအောင့်ကြီးဆိုရင်း လိမ်ကျစ်လိမ်ကျစ်ဖြင့် ထွက်သွားသည်။

မျက်နှာကိုလာစင်သောတံတွေးတို့ကိုသုတ်ရင်း သက်ပြင်းကိုချဖြစ်သည်။ လက်မောင်းလုံးလောက်ရှိသော သနပ်ခါးတုံးများကို သွားကြားထိုးတံလောက်ဟု နှိုင်းသွားလိုက်သေးသည်။ အစအဆုံးသာ ဘိုလိုပြောသွားလို့ကတော့ ကျွန်တော့် မျက်နှာတစ်ခုလုံး တံတွေးများနှင့် ကွက်ကြားမိုးရွာသွားနိုင်သည်။

"အကြာကြီးစောင့်လိုက်ရလား၊ ဆောရီးကွာ"

"ဆောရီးမနေနဲ့၊ ဒီမှာတစ်ထောင်တန်သနပ်ခါးတုံးကို မင်းဖောက်သည်ကြီးက ထိုင်ဆစ်နေတာ ခုနစ်ရာကကို မတက်ဘူး။ နောက်ဆုံးဈေးပေးတာ ခုနစ်ရာ့ငါးဆယ်တဲ့"

"အလကားပေးလိုက်တာ မဟုတ်ဘူး"

ထွန်းနောင်ဦးက စပ်ဖြီးဖြီးဖြင့်နောက်သည်။ သကောင့်သားကိုဆဲရေးကာနှုတ်ဆက်ရင်း အမေမှာသော ကြက်သားဝယ်ရန် ကြက်သားတန်းကိုထွက်ခဲ့သည်။

ကြက်သားတန်းမှာဝယ်နေကျ မချိုမော်တင်ဆိုင်ရှိသည်။ အခုတော့ မချိုမော်တင်ဆိုင်မထွက်သဖြင့် သူမ၏ ဘေးဆိုင်က ကြက်သားသည်အသစ် မမိသေးဆီမှာဝယ်တာ နှစ်လခန့်ရှိပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားတန်းရောက်တော့ ကျွန်တော်ကြောင်သွားသည်။ ဆိုင်မထွက်တာကြာပြီဖြစ်သော မချိုမော်တင်က ပါတိတ်ဝမ်းဆက် ဖြင့်ရှိုးထုတ်ထားရင်းက လှမ်းပြုံးပြသည်။ မမိသေးကလည်းကာလာစုံ တင် ထားသောမျက်နှာပေါ်မှာ အပြုံးကိုဆင့်ရင်း လှမ်းပြုံးပြသည်။ နှစ်ယောက်စလုံးကို အားနာစွာပြန်ပြုံးပြဖြစ်သည်။

"ကိုဟတ္ထာ"

"ကိုဟိုဒင်း"

နှစ်ယောက်စလုံးထံမှ တစ်ပြိုင်တည်းခေါ်သံထွက်သည်။ ကျွန်တော်ကရပ်နေတုန်း။ မချိုမော်တင်နှင့်မမိသေးက တစ်ယောက် ကိုတစ်ယောက်ကစ်တော့မည့်စတိုင်ဖြင့် ဒေါနှင့်မောနှင့်ကြည့်သည်။ သူမတို့နှစ်ယောက်၏တူညီပုံက အသက်ငယ်ငယ်ရွယ်ရွယ်နှင့်မုဆိုးမ ဖြစ်နေကြခြင်းဖြစ်သည့်အပြင် နှစ်ယောက်စလုံးကလည်း အပျိုရုံး အောင်လတ်ကြတုန်း။ (အဲလေ. . . လှကြတုန်း)

"ဒီမယ် . . . ညည်းအိုဇာတင်းမလုပ်နဲ့နော်၊ ဒါ ငါ့ဖောက်သည်"

"အံမာမာ၊ နောက်ပေါက်တဲ့ရွှေကြာကများ၊ ဒါငါ့ဖောက်သည်ဟဲ့၊ လုံးလုံး၊ လုံးလုံးနဲ့မမြင်လိုက်နဲ့ ငါ့ဖောက်သည်ဆိုတာ ငါက မှတ်မိပြီးသား"

ရန်ပွဲက စရန်တာစူနေပြီမို့ ကျွန်တော်နေရထိုင်ရခက်သွားရသည်။

"နှစ်ယောက်စလုံးရဲ့ ဖောက်သည်တဲ့ဟဲ့။ အံ့ပါရဲ့အေ။ ယောက်ျားတွေပြက်သားဝယ်ရင် ဒီကောင်မတွေဆိုင်ချည်းပဲ"

မကြားတကြားရွှတ်သွားသော 'ကွိစိ၊ ကွစအသံကြောင့် ကျွန်တော်ပိုလို့နေရထိုင်ရခက်သွားရသည်။

"ငါ့ဆီလာနေကျ၊ မယုံရင်မေးကြည့်၊ ငါ့ဖောက်သည်ကိုများ





ကြောင်တောင်နိုက်ချင်တယ်၊ ဒီမယ် ကိုဟတ္ထာ ရှင်နဲ့ ကျွန်မက ကြာပြီ နော်"

"ဗျာ ဟုတ်ကဲ့၊ အဲ . . မဟုတ်ကဲ့"

ကျွန်တော်ကျောကျိန်းကာသွားရသည်။ သူမပြောပုံက ဘာ လိုလိုကြီး။

"ဟား ဟား ဟား"လို့တောင် မရယ်ချင်ဘူး။ သူ့ဆီလာ နေကျတဲ့။ ဒီမယ် ကိုဟတ္ထာ၊ ပြောပြလိုက်စမ်းပါ။ ဒီက 'ချိုမော်တင်' နဲ့က 'ပျိုဖော်ဝင်'ကတည်းက ဖောက်သည်လို့၊ အခုပဲ ကလေးသုံး ယောက်ရှိနေပြီ။ ဟွန်း ဟွန်း၊ ဒါမျိုးတော့လာမကြောနဲ့"

"ဟုတ်တယ် မဟုတ်လား ကိုဟတ္ထာ"

"ဟုတ် အာ မဟုတ်၊ အဲလေ့"

ဘာပြန်ဖြေလိုက်ရမှန်းမသိ။ သူမပြောလိုက်ပုံက ဟိုလိုလို ဒီလိုလိုကြီး။ ကာရန်တွေ နဘေတွေနဲ့တောင် လုပ်လိုက်သေး။ ဘေးက လူတွေကလည်း ကျွန်တော်တို့သုံးယောက်၏ သုံးပွင့်ဆိုင်၊ အဲလေ ဟုတ်ပေါင်၊ ကျွန်တော်တို့သုံးယောက်ကိုဝိုင်းကြည့်ရင်း ထင်ရာ မြင်ရာတွေ ပေါက်ပေါက်ဖောက်နေကြလေပြီ။

"ကလေးမတွေက ငယ်တုန်းရွယ်တုန်းဆိုတော့ အေရယ် . . . သိတယ်မဟုတ်လား၊ ယောကျ်ားတွေအကြောင်း"

အရေးထဲ ယောကျ်ားငို့ကာချဲ့သူကချဲ့။ ပွဲကလည်း အရှိန်က တက်လာသည်။

"ကိုဟိုဒင်း၊ ဒီကိုလာနော်၊ ကျုပ်ဖောက်သည်ဆိုတာ သက်သေပြလိုက်စမ်းပါ. . ."

"ဟား ဟား ဟား လို့တောင် မရယ်ချင်ဘူး။ ကိုဟတ္ထာ၊ ဒီကိုတန်းနေအောင်လာနော်။ တော်နဲ့ကျုပ်က အခုမှမဟုတ်ဘူး။ ကြာလှပြီ။ အခုပဲ အကြီးကောင်တောင် ရှစ်နှစ်ရှိ၊ အဲတော့. . .



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြီး ကောင်မ .. နင့်ကြောင့် ငါ့ကပ်စတမ်မာ တစ်ယောက် တင်န်ဆဲလ် (Cancel) ဖြစ်ပြီ၊ အရှက်မရှိတဲ့ကောင်မ(စ်)"

"အောင်မာမာ စည်းမရှိတဲ့နင့်ကို ငါကပြောရမှာ။ ငါက နင့်လို (Credit) ခရက်ဒစ်တွေဝိုင်းနေလို့ တစ်ဈေးလုံးက ကြွေးတောင်းခံနေရတဲ့မိန်းမ,မဟုတ်ဘူး"

"ဒါ . . . ငါ့ကို ယုံကြည်လို့ ခရက်ဒစ်နဲ့ရောင်းကြတာ၊ ဘာဖြစ်လဲ။ ငါ့ personal (ကိုယ်ရေးကိုယ်တာ)ကိစ္စကို ဝင်စွက်ဖက်စရာမလိုဘူး။ အိုဗာတင်းမ"



ထိုအချိန်မှစ၍ ကျွန်တော် ကြွက်သားမစားဖြစ်တော့။ ထို့ကြောင့် သူမတို့ဆီလည်း မသွားဖြစ်တော့။

နေ့တက်ပိုင်းမှာကြားရသလောက် သူမတို့တတော့ အခါသင့်လို့ရန်ဖြစ်တိုင်းပင်။ ဘိုလိုညှပ်ကာ. . . ညှပ်ကာ. . . ညှပ်ကာ . . . အဲ. . . ပြောဆိုကြမြဲဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





# [illegible]

"မိန်းမစစ်စစ်ကနေ ယောက်ျားဖြစ်သွားတဲ့သတင်း၊ သတင်းထူးသတင်းဦးနော် . . . တစ်စောင်မှတစ်ရာတည်း သိချင်ရင်ဝယ် ဖတ်တစ်စောင်မှ တစ်ရာတည်းနော်၊ အမေးအဖြေတွေ၊ ဓာတ်ပုံတွေ ပါပါတယ်။ တစ်ရာတည်း"

လက်ဖွေ့သည်၏အော်သံကြောင့် ဘေးကချစ်သူလေးက စပ်စုလိုဟန်ဖြင့်သူ့ကိုကြည့်သည်။ ဒီသတင်းကအနည်းငယ် ကြာနေပြီဖြစ်သော်လည်း ဗဟုသုတနည်းပါးရှာသောချစ်သူက သိသေးဟန်မတူ။

"မောင် မိန်းမစင်စစ်ကနေ ယောက်ျားဖြစ်သွားတာတဲ့၊ ဘယ်လိုကြီးပါလိမ့်နော်။ သိချင်လိုက်တာ ချစ်လည်း ယောက်ျားဖြစ်ကြည့်ချင်လိုက်တာ"

"ဟာကွ"

စပ်ဖြီးဖြီးချစ်သူမျက်နှာက သူဟန့်လိုက်တော့မှ ပြန်တည်သွားသည်။ စိတ်ကောက်သွားဟန်ဖြင့် ရုပ်ရှင်ရုံဆီရောက်သည်အထိ စကားမပြောတော့။ တော်တော်ကြီးပြန်ချော့ယူရသည်။ ဘယ့်နှယ် ကြံကြံဖန်ဖန်သူများ အတုပြုတိုင်းသူလည်း အတုပြုချင်ရသယ်လို့။

www.burmeseclassic.com



ရုပ်ရှင်ရုံမှချစ်သူနှင့်ပြန်လာပြီး အဆောင်ပြန်ရောက်တော့လည်း ဘော်ဒါများနှင့်ဆွေးနွေးဖြစ်ကြပြန်သည်။ ထို ဘုန်းကညာကိစ္စကြီးကို။

ကြုံတောင့်ကြုံခဲဖြစ်တောင့်ဖြစ်ခဲ ထိုကိစ္စအား ည လက်ဖက်ရည်ဆိုင်ထိုင်ပြန်တော့လည်း တခြားအဆောင်မှ ဘော်ဒါများနှင့် ဆွေးနွေးဖြစ်ကြပြန်သည်။

တစ်ယောက်တစ်ပေါက်ငြင်းလိုက်ကြ၊ ရယ်လိုက်မောလိုက်ကြနှင့် အဆောင်ပြန်ရောက်သည်အထိ အတောမသတ်နိုင်တော့။

ထိုအကြောင်းကို ညအိပ်ရာဝင်သည်အထိ ဘာရယ်မဟုတ်တွေးမိပြန်သည်။ ညအိပ်မက်မက်တော့လည်း ထိုအကြောင်းက ကပ်ပါနေပြန်သည်။ အိပ်မက်ထဲမှာ တစ်စုံတစ်ဦးက သူ့ပခုံးကို ခပ်ကြမ်းကြမ်းလာပုတ်သည်။

"ဟကောင် စိုင်းလုံ"

အရင်းနှီးဆုံးအသံမို့ နောက်လှည့်ကြည့်မိတော့ တခြားသူဟုတ်ရိုးလား၊ သူ့ချစ်သူမေဂျာကွင်းလေး ယွန်းပွင့်ဖြူဖြစ်နေသည်။

"ချစ်. . . ချစ်. . . ဘယ်လိုခေါ်လိုက်တယ်"

ချစ်သူက နှုတ်ခမ်းကိုဟန်ပါပါတွန့်ကာ ခနဲ့ပြုံးပြုံးရင်း စားလက်စကွမ်းကို 'ထွီ'ခနဲ ထွေးရင်း. . .

"စိုင်းလုံလို့ခေါ်လိုက်တာလေကွာ . . . မင်း နားကန်းနေလား"

"ဟိုက်"

ခုမှသေသေချာချာကြည့်ဖြစ်တော့ ချစ်သူကအရင်ကလို 'ကွင်း'ပီပီ လှတပတနွဲ့နွဲ့နှောင်းနှောင်းဖြင့် ခါးသေးရင်ချီ မဟုတ်တော့။ တကယ့်ကိုယောကျ်ားရင့်မာကြီးပုံစံဖြစ်လို့နေသည်။ သူမဘယ်သို့သောအကြောင်းကြောင့် ဤပုံစံပေါက်သွားရသနည်း။ ကြည့်ဦး နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတွေ တင်းကျမ်းနှင့် ကျားကျားလျားလျား





ကြီးဖြစ်လို့နေသည်။ ဘောင်းဘီဒူးပြတ်အောက်မှ သလုံးသားများမှ ခြေသလုံးမွေးတွေက ခပ်စိပ်စိပ်ပေါက်ကာနေသည်။ သူ့ရင်ကတုန်ကယင်ကြီးဖြစ်သွားရသည်။ ဘယ့်နှယ်ဟာကြီးပါလိမ့်။

"ချစ်. . . ချစ် ဘယ်လိုဖြစ်. . . ဖြစ်"

"ဘာချစ်လဲကွာ. . . ဘာချစ်လဲ. . . တောက်! ဟေ့ကောင် . . . ငါ. . . ဆွဲထိုးမိတော့မယ်"

သူ့စကားကြောင့် သူမကအကျႌရင်ဘတ်ကို ခပ်ကြမ်းကြမ်းဆွဲစေ့ကာ လက်သီးဖြင့်ရွယ်ရင်း. . . ကြိမ်းသည်။ ပြီး. .

"အခု ငါယောကျ်ားဖြစ်သွားပြီကွ၊ မင်းနဲ့ငါအခုချိန်ကစပြီး ဘော်ဒါဖြစ်သွားပြီ . . ငါ့ကို'ချစ်'လို့ခေါ်ရင် မျက်ခွက်စုတ်ပြတ်သွားအောင် ဆွဲထိုးခံရမယ် . . ကြားလား"

"အာ . . . ဟို. . . အတွာ. . . အတွာပြုပြီမို့လား"

"ဘာ ဘာအတွာလဲဟေ့ကောင်၊ အူကြောင်ကြောင် မလုပ်နဲ့နော် . . . တောက်! ငါလုပ်လိုက်တော့မယ်"

အကျႌရင်ဘတ်ကိုခပ်ကြမ်းကြမ်းဆွဲစေ့ကာ ကြိမ်းပြန်သည်။ လက်သီးတရွယ်ရွယ်ဖြင့် တကယ့်ကိုမုဆိုးတစ်ပိုင်း ကြမ်းတမ်းကာနေသည်။

"ဟကောင် စိုင်းလုံ အခုအချိန်ကစပြီး ငါ့ကို'ချစ်' လို့လည်း မခေါ်နဲ့၊ ယွန်းပွင့်ဖြူလို့လည်းမခေါ်နဲ့၊ 'ကိုဖြူ'လို့ ခေါ်ရမယ် ကြားလား"

"အာ. . ."

"မခေါ်ဘူး"ဟုလည်း အပြတ်မငြင်းရဲ တော်ကြာ နေရင်းထိုင်ရင်းနှင့် ဆွဲအထိုးခံရတတ်သေးသည်။ ရင်မှာတစ်ဆို့ဆို့ဖြင့် သူမကိုဇဝေဇဝါကြည့်ဖြစ်တော့ အူကြောင်ကြောင်ဖြစ်နေသော သူ့ကို ချစ်သူက သဘောတကျဟန်ဖြင့် တဟားဟားရယ်သည်။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



သွားများက ယခင်ကလို ပုလဲတစ်လုံး၊ ရွဲတစ်လုံးမဟုတ်တော့။ ကွမ်းချေးအထပ်ထပ်ဖြင့် မည်းညစ်ကာနေသည်။

"ဟကောင် စိုင်းလုံ မင်းဆေါ့ကို ဘီယာလိုက်တိုက်စမ်း"

"ဘယ်လို"

"ဘီယာ လိုက်တိုက်"

"အာ မိန်းကလေးပီပီ နေစမ်းပါဟ၊ ဘယ့်နှယ်ဘီယာတုံး"

"ဘာကွ!"

သူ့အပြောကြောင့် ဒေါပွသွားသော သူမ အဲ'ကိုဖြူ'က သူ့ရင်ဘတ်ကိုဒေါသတကြီးဆောင့်တွန်းရင်း 'ဘာကွ' ဟုဆိုသည်။ ပြီး. . .

"ငါယောကျ်ားဖြစ်သွားပြီလို့ မင်းကိုဘယ်နှခါပြောရမှာလဲ"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

သူကလည်း အားကျမခံပင်။

"ကဲ. . . ဟုတ်ပြီ၊ မင်းယောကျ်ားဆို . . ပြစမ်း"

"ဘာကွ!"

"သက်သေကိုပြောတာ ပြစမ်း၊ အဲ. . . သက်သေ"

သူ့အပြောကြောင့် 'ကိုဖြူ'ဟု သူကိုယ်သူဆိုနေသော ချစ်သူ၏မျက်နှာတစ်ခုလုံး နီတက်သွားခဲ့သည်။

ပြီးမျက်လုံးထောင့်ကပ်ကာ စဉ်းစားလိုက်သေးသည်။ ပြီးမှ . . .

"မင်း . . . မင်းမျက်လုံး ကန်းနေလား၊ ဟောဒီမှာ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတွေ မတွေ့ဘူးလား၊ ဟော ဟောဒီမှာ ခြေသလုံးမွေးတွေ . . . တွေ့လား ငကန်း"

ချစ်သူတဖြစ်လဲ ကိုဖြူ၏စကားကြောင့် သူအားရပါးရ ရယ်ပစ်လိုက်သည်။





"ဟော့ကောင် ဘာရယ်တာလဲ၊ ဒီကောင်နာချင်ပြီထင်တယ်"

"ဟား ဟား ဟား တချို့မိန်းကလေးတွေလည်း ခြေသလုံးမွေးတွေ၊ နှုတ်ခမ်းမွေးတွေရှိတာပဲ၊ နှုတ်ခမ်းမွေးရှိတာနဲ့ ယောကျ်ားဖြစ်ရောလား ဟား ဟား ဟား ရယ်ရတယ်ဟော့ ဖြူ. . ."

တမင်ပင် သမိန့်ပေါ်သွပ်ရယ်သလို လှောင်ရယ်ရယ်ပစ်လိုက်သည်မို့ ချစ်သူမျက်နှာကြီးနီသွားသည်။ ပြီး တစ်စုံတစ်ခုကို သတိရကာ ဝင့်ကြွားဟန်ဖြင့်. . .

"ဟော့ကောင် ဒါဘာလဲ ကြည့်စမ်း"

သူမက ခေါင်းကိုမော့ကာ လည်မျိုမှလည်စေ့ (Adam's apple) ကိုညွှန်ပြရင်း အထက်စီးလေသံဖြင့်မေးသည်။

"အဲ. . . အဲဒါ. . . အဲဒါလည်စေ့"

"အေး မင်းဒါတော့မြင်သားပဲ. . . အဲဒီလည်စေ့က မိန်းမဆိုရှိမလား"

"အဲ. . . လည်စေ့က . . . အဲ"

သူမ၏လည်စေ့ကိုကြည့်ရင်း သူတအဲအဲဖြစ်သွားရသည်။

"ဟား ဟား ဟား မင်းအခုဘာပြောချင်သေးလဲ. . . ငါ ယောကျ်ားဖြစ်သွားတာလက်ခံပြီလား"

"..."

"ဟား ဟား ဟား ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့၊ မင်းအခုတော့ ဝန်ခံရပြီပေါ့။ ဒီတော့ မင်း ငါ့ကိုဘီယာလိုက်တိုက်ပေတော့"

"ငါ့မှာ ပိုက်ဆံမရှိဘူး"

"ဘာကွ"

သူတမင် ဘုတောပစ်လိုက်သည်။ ရှိသားပဲ ပိုက်ဆံတွေ အိတ်ကပ်ထဲမှာ အပြည့်၊ တမင်အညင်ကပ်စွာ စေတနာမရှိ၍ မတိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်၊ မတိုက်နိုင်။ ဒါတို ကိုဖြူကရိပ်မိသည်။

"ဟုတ်ပြီလေ. . . မတိုက်လည်း ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ငါ မိန်းမဘာဝတုန်းက တောင်ကြီးကြိုးတံတားပေါ်မှာ ခိုးခိုးနမ်းခဲ့သလို မျိုး အခုငါ့ပါးကိုနမ်းရမယ် ဒါပဲ" ဟုဆိုသည်။

"ဘာကွ!"ဟု အလန့်တကြားရေရွတ်မိသည်။ ကြည့်စမ်း၊ ဒီ ပါးမြိုင်းမွေးတွေနဲ့ အဆီပျံနေတဲ့ မျက်ခွက်ကြီးကိုနမ်းရမတဲ့။ ရွံစရာ ကောင်းလိုက်ပုံများ။

"သွားစမ်းပါကွာ၊ ရွံစရာကောင်းပ့ါ ထွီ. . . ဒီပါးမြိုင်းမွေး တွေနဲ့ အဆီပြန်နေတဲ့မျက်ခွက်ကို ငါကနမ်းရမှာလား ဝေါ့. . . အံ့နချင်တာ ရွံတာ . . . ထွီ"

"ဟား ဟား ဟား အလှည့်ကျတော့ မန္တဲ့စတမ်းပေ့ါကွာ၊ အခုငါကယောကျ်ား၊ မင်းကမိန်းမဖြစ်နေပြီလေကွာ"

"ဘာ. . . ဘာကွ မင်းရူးနေလား၊ ငါဒီမှာ ကျားကျား လျားလျားကြီး မင်းမမြင်ဘူးလား၊ ဒီမှာပါးမြိုင်းမွေးတွေ မင်းမမြင် ဘူးလား၊ ကန်းနေလား တောက်!"

ဒေါ်သတကြီးဟစ်အော်တော့ ကိုဖြူက ဟက်ခနဲ လှောင် ရယ်ရယ်သည်။

"နှုတ်ခမ်းမွေးပါတိုင်း ယောကျ်ားလေးလား ရယ်ရတယ်ဟေ့ . . . ဖြ"

"မင်း. . . မင်း တောက်! မင်းကမှမိန်းမ ငါက ယောကျ်ားကွ"

ဖောချွေးတွေပြန်ရင်း လက်ညှိုးထိုးကာပြောဖြစ်သည်။

"မင်းပြန်လည်းစမ်းကြည့်ပါဦး"

"ဘာစမ်းရမှာတုံး"

"လည်စေ့လေ၊ လည်စေ့ မင်းမှာ လည်စေ့ရှိလို့လား"





ကိုဖြူ၏စကားကြောင့် သူ သူ၏လည်စေ့ကို ကမန်းကတန်း စမ်းမိသည်။

"ဟိုက်"

မရှိတော့။ သူ၏လည်စေ့မရှိတော့။

"ဟာ! ငါ့. . . လည်စေ့ဘယ်ရောက်သွားပြီလဲ။ ငါ့ လည်စေ့ ကြီးမရှိတော့ဘူး၊ ပြဿနာပဲ"

"ဟား ဟား ဟား မင်းမှာလည်စေ့မရှိတော့ဘူး မဟုတ် လား . . . ဟား ဟား"

"ဟေ့ကောင် ဒါ. . . ဒါ မင်းလက်ချက်ပဲဖြစ်မယ်။ ပြန် ပေးစမ်း ငါ့လည်စေ့ပြန်ပေးစမ်း၊ ဟေ့ကောင် မပြေးနဲ့သူခိုး"

သွေးရူးသွေးတန်းအော်နေတုန်း သူမ(ကိုဖြူ)က လှစ်ခနဲ ပြေးထွက်သည်။ လိုက်မမီတော့ . . . ရွဲကုန်သည်ဇာတ်လမ်းထဲက ရွဲကုန်သည်လို သူရူးသွားရသည်။

"မပေးပေးပေး ပေးပေးပေး ငါ့လည်စေ့ပြန်ပေး. . . အို ဘာတဲ့တုံး မပေးပေးပေး ပေးပေးပေး ငါ့လည်စေ့ပြန်ပေး. . ."

အလန့်တကြားဟစ်အော်ရင်းက အိပ်မက်က လန့်နိုးလာ သည်။ ဖောချွေးတွေကြားထဲက ကမန်းကတန်း သူထစမ်းဖြစ်သည်။ တော်ပါသေးရဲ့ သူ့လည်စေ့ကြီးရှိနေလို့။

'ဟူး'ခနဲ သက်ပြင်းရှည်ကိုချရင်း. . . အေးမြလှသော ရာသီ ဥတုကြားက ဖောချွေးပြန်နေခဲ့သော ကိုယ့်ကိုယ်ကိုယ် ရယ်ချင်သွားခဲ့ သည်။ အိပ်မက်ထဲမှာအသည်းအသန်ချောက်ချား နေခဲ့လိုက်ရပုံများ။

www.burmeseclassic.com

www.burmeseclassic.com






# ပထမဆုံး နှင်းကျတဲ့နေ့

လမ်းလျှောက်ရင်း ဖျတ်ခနဲ လှမ်းမြင်ရသော အရာတစ်ခု အနီးအနားရောက်တော့မှ ထိုအရာကပိုမြင်လာသည်။

ဓာတ်ပုံတစ်ပုံ။

ဘာရယ်မဟုတ် ကောက်ကြည့်မိသည်။

"အားပါးပါး အသျှားပါလားဟ"

သူတော်တော်သဘောကျသွားသည်။ တော်တော်လှသည့် ကောင်မလေး။ မြင်ရရုံနှင့် ငြိမ်းချမ်းသွားစေသောအလှမျိုးနှင့် သူမ ကပြုံးပြလို့နေသည်။ နောက်ကိုလှန်ကြည့်တော့ ပလတ်စတစ်လောင်း ထားသောဓာတ်ပုံမှာ ဘာမှရေးမှတ်ထားခြင်းမရှိ။ ဓာတ်ပုံဆိုင်၏ လိပ်စာလေးသော်မှမပါ။

ဆိုင်လိပ်စာလေးဘာလေးပါခဲ့လျှင်လည်း ဘာဘာ ညာညာ ဓာတ်လမ်းရှာကာ ကြံစည် ကွစလုပ်လို့ရသေးသည်။ အခုတော့ အားလုံး အပျောက်၊ ဘာခြေရာခံစရာ ဘာသဲလွန်စမှမပါ။ ဘေးဘီမှာက လည်း ဘာမှရှာမတွေ့။ "ပြန်ချခဲ့ရင်ကောင်းမလား"ဟု . . . တွေး မိသော်လည်း ဓာတ်ပုံထဲကကောင်မလေး၏ အပြုံးက သူ့ကိုအား



www.burmeseclassic.com

www.burmeseclassic.com



လို့နေသည်။ လမ်းပေါ်မှာကလည်း လူရှင်းလို့နေသည်။ နံနက်ခင်း၏နှင်းဝေဝေကြားမှာ ပြန်ချထားခဲ့ရမှာတော့မဟုတ်သေး။

ဆုံးဖြတ်ချက်ချကာ ပါလာသောစာအုပ်ကြားထဲထည့်ပြီး စာအုပ်ကိုခါးကြားပြန်ထိုးလိုက်သည်။ ပြီးတော့ လေကိုချွန်ကာ ဆက်လျှောက်လာခဲ့သည်။

မှတ်မှတ်ရရ ထိုနေ့ကတောင်ကြီးမြို့မှာ ပထမဆုံးနှင်းကျသောနေ့ဖြစ်သည်။

ပထမဆုံးနှင်းကျသောနေ့မှာ တွေ့ရသောဓာတ်ပုံထဲက သူမကို ‘နှင်း’ဟုခေါ်မိဖြစ်သည်။

အိမ်ပြန်ရောက်တော့ အခန်းထဲတန်းဝင်ကာ ခုတင်ပေါ်ဝမ်းလျားမှောက်ရင်း ခါးကြားမှစာအုပ်ကိုဆွဲထုတ်ဖြစ်သည်။ စာအုပ်ထဲမှ သူမက ‘ဖျတ်’ခနဲခုန်ထွက်ပြီးကျလာသည်။ ဓာတ်ပုံထဲမှသူမကိုကြည့်ရင်း သူ့ရင်တွေခုန်လာသည်။

“တောက်! တော်တော်ချစ်စရာကောင်းတာပဲ”

ကြည့်လေ လှလေ၊ ချစ်စရာကောင်းလေဖြစ်သော သူမ၏ဓာတ်ပုံကို စာအုပ်ကြားထဲပြန်ထည့်လိုက်ရမှာ နှမြောနေမိသည်။

“အား ဟုတ်ပြီ”

စာကြည့်စားပွဲပေါ်က သူ့ပုံနှစ်ပုံထည့်ထားသော Photo Stand ကိုလှမ်းယူပြီး သူ့ပုံတစ်ပုံကိုထုတ်ကာ သူမ၏ပုံကိုထည့်ကြည့်သည်။ ပလတ်စတစ်လောင်းထားသော အနားတို့ခံနေသဖြင့် ဓာတ်ပုံက Stand ထဲမဝင်။ ကတ်ကြေးဖြင့်တိကာ အနားကိုညှပ်ထုတ်ပြီး ထည့်ကြည့်သည်။

ဓာတ်ပုံကလျှောခနဲ ထည့်လို့ရသွားသည်။

Photo Stand ထဲမှာ ကိုယ်တစ်ပိုင်းပုံနှင့်လက်ပိုက်နေသော သူ့ဘေးက ကျန်နေရာမှာ သူမ၏ကိုယ်တစ်ပိုင်းပုံက ခပ်ပြုံးပြုံးဖြင့်





နေရာယူသည်။

‘နှင်း’

သူပေးထားသောနာမည်ဖြင့် သူမကိုခပ်ဖွဖွခေါ်ကြည့်ဖြစ်သည်။ ဓာတ်ပုံထဲက သူမကတော့ ပြုံးပြနေဆဲ။

“ရုပ်ရှင်တွေထဲကလို ဆုံရင်လည်းအကောင်းသား”ဟု သူတွေးဖြစ်သည်။ ဒါကကိစ္စမရှိ။ အိမ်ထောင်ရှင်များဖြစ်နေမလားဟု စိတ်မသက်မသာဖြင့်တွေးဖြစ်သည်။ နုနယ်ပုံရသော သူမ၏အသက်ကိုခန့်မှန်းကြည့်ရင်း ‘အိမ်ရှင်မ’ တော့မဟုတ်လောက်ဟု ဖြေတွေးတွေးဖြစ်ပြန်သည်။ ‘မင်းဘယ်မှာနေလဲ နှင်း’ ဟုအသံတိတ်မေးရင်း သူ့ရင်တွေအံ့သြစရာကောင်းလောက်အောင်ခုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစလိုက်တဲ့ကောင်မလေးတိုင်း သူများနောက်ပါပါသွားလို့၊ 'ချိန်ပါကြီး'လို့ ငါတို့ကနောက်နောက်နေတာ၊ ဒီတစ်ခါကတော့ ငါတို့ကောင်ကြီးအမှန်အကန်စွဲသွားပြီပဲကွ"

"အေးကွာ၊ စွဲမယ့်စွဲတော့လည်း တကယ့်အမိုက်စားကြီးကွာ . . . တောက်! မနာလိုချင်စရာကြီး ဒီကောင့်ကိုအဖြစ်မရှိဘူးလို့ထင်နေတာ . . . နေပါဦး နာမည်ကဘယ်လိုခေါ်လဲ"

ဓာတ်ပုံ Stand ကြီးကိုကိုင်ရင်း ဆက်နိုင်နှင့် ခိုင်ဝင်းက တအံ့တဩကြီးဖြစ်နေသည်။

'နှင်း'တဲ့။

ဆက်နိုင်၏အမေးကို သူခပ်တည်တည်ဖြင့်ဖြေလိုက်သည်။ သကောင့်သားများက သူ့ကောင်မလေးဟု တစ်ထစ်ချတွက်ကြည့်နေကြသည်ကို သူကျေကျေနပ်နပ်ကြီး ချော်လဲရာ ရောထိုင်ပစ်လိုက်သည်။ ဒီလိုအလှအပနှင့် အထင်ခံရနည်းလားဟု။

"ဘယ်မှာနေတာလဲ"

"မစပ်စုစမ်းပါနဲ့ကွာ"





ခိုင်ဝင်း၏အမေးကိုမဖြေဘဲ မိန့်မိန့်ကြီးငြိမ်နေလိုက်သည်။ ဖြေရအောင်ကလည်း သူမဘယ်မှာနေမှန်းမသိ။ ဒီ 'တောင်ကြီး' ကတောင် ဟုတ်ချင်မှဟုတ်မည်။

"လုပ်ပါကွာ၊ ညီမတွေဘာတွေရှိရင်လည်း"

"တစ်ဦးတည်းသောသမီး"

ခိုင်ဝင်းစကားမဆုံးသေးခင်မှာပင် ဝင်ကာဖြတ်ပြောသောသူ့စကားကြောင့် ဆက်နိုင်က'သွားရော'ဟု မဆီမဆိုင်နဖူးရိုက်ရင်းဆိုသည်။

"မင်းက ငါတို့ကိုတော်တော်ကြီး လှို့ထားတာပဲ။ ဘယ်တုန်းကဖြစ်သွားမှန်းတောင်မသိဘူး။ ဟကောင် အရိပ်အမြွက်လောက်တော့ ပြောပြကွာ. . . မင်းရုပ်ကြီးနဲ့ တန်တောင် မတန်ဘူးကွာ . . . တောက်"

ဆက်နိုင်ကဇွတ်ကြီးမေးသည်။ သူဘာကိုပြောပြလိုက်ရမှန်းမသိ။ သို့သော် ဆရာသမားများ၏အထင်ကြီးသော မျက်လုံးများကိုကြည့်ရင်း ဘာကိုကျေနပ်မှန်းတော့မသိ။ ကျေနပ်ကာနေသည်။

သကောင့်သားများကို ဆက်ကြွားလိုဇောဖြင့် ဓာတ်ပုံထဲကသူမကိုခပ်ဖွဖွနမ်းပြလိုက်ရင်းဖြင့်"ဖြည်းဖြည်းပေါ့ကွာ"ဟု ခန့်ခန့်ကြီးဆိုဖြစ်သည်။

"မပြောလည်းနေကွာ"

ပြုံးပြုံးပြုံးပြုံးဖြင့်မိန့်မိန့်ကြီးလုပ်နေသောသူ့ကို အမြင်ကပ်လာဟန်ဖြင့်နှစ်ကောင်စလုံးကခပ်ဆောင့်ဆောင့်ဆိုသည်။

နောက်ပိုင်းမှာငြိမ်ငြိမ်မနေသော သကောင့်သားများ၏နှုတ်ကြောင့် အိမ်သားများကပါ သူ့အခန်းထဲဝင်လိုက်ထွက်လိုက်ဖြင့် သူမ၏ဓာတ်ပုံကိုလာလာကြည့်ကြသည်။

"ချောတာကတော့ တော်တော်ချောတာ. . . ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့မောင်ကဘယ်ဆိုးလို့လဲ. . အမေကြည့်ပါဦး . . အမေ့ချွေးမ လောင်းကို"

အစ်မဖြစ်သူကတစ်ဆင့် အမေ။ အမေမှတစ်ဆင့် အဖေ။ ဤသို့တစ်အိမ်သားလုံး သူမကိုရင်းနှီးသွားကြသည်။ 'နှင်း'ဆိုသည်က လွဲပြီး ဘာရှင်းပြရမှန်း၊ ဘယ်လိုဖြီးလိုက်ရမှန်း မသိသည်မို့ ရင်တထိတ်ထိတ်ဖြင့် ချော်လဲရာရောထိုင်ရင်း အမှန်တကယ်ကြီး သူမကို သူရင်းနှီးလာသည်။

ရုပ်ရှင်ထဲမှာသာဆို တစ်နည်းနည်းဖြင့်တော့ ပြန်ဆုံလောက်ပြီဖြစ်သည်။ အခုထိတော့ သူမနှင့်ပတ်သက်ပြီး အရိပ်အယောင်ပင် မသိရ၊ မတွေ့ရသေး။ ဓာတ်ပုံထဲက သူမကတော့ သူ့ကို ပြုံးပြမြဲပြုံးပြနေဆဲ။

တစ်နေ့ဂီတာသင်တန်းမှာတွေ့ကာ ခင်မင်သွားသော စိုင်းအောင်သူ သူ့အိမ်လိုက်လည်သည်။ ဆက်နိုင်တို့၊ ခိုင်ဝင်းတို့နှင့်အတူ လေးယောက်သား သူ့အခန်းထဲဝင်လာကြရင်းက စိုင်းအောင်သူ၏ မျက်လုံးများက 'နှင်း' ၏ဓာတ်ပုံပေါ်မှာရောက်လို့နေသည်။

ပါးစပ်ကြီးဟဟောင်း အံ့အားသင့်နေသော စိုင်းအောင်သူကိုကြည့်ရင်း သူတော်တော်ရင်ခုန်လာသည်။ နှင်းနဲ့များသိနေလေသလား။ ဘော်ဒါတွေလား။ စိုင်းအောင်သူက ကျိုင်းတုံမှပြောင်းလာတာ မကြာသေးသည်မို့ 'နှင်း' သည်လည်း ကျိုင်းတုံကပဲလား။

'လား'ပေါင်းများစွာဖြင့် ရင်ပူနေသောသူ့ကိုကြည့်ရင်း စိုင်းအောင့်သူက တစ်စုံတစ်ရာကိုမေးရန် ပါးစပ်ကိုဟသည်။

"မင်း သူနဲ့သိလား"

ဖြတ်ကာမေးသော သူ့အမေးကို စိုင်းအောင်သူက ခေါင်းညိတ်ရင်းဖြေသည်။

"ဒါ ငါ့အစ်မအရင်းပဲ"





သူတော်တော်ရင်ခုန်သွားသည်။ မျက်နှာလည်း အတော်ပူသွားရသည်။ သူဖြီးထားခဲ့သောကိစ္စတို့က ဟိုနှစ်ကောင်ရှေ့မှာ . . . နောက်မိသားစုထဲမှာ ဘူးပေါ်သလိုပေါ်တော့မည်ကိုး။

မထူးတော့။

"လာမယ့်ဘေးပြေးတွေ့". . . ဆိုသည့်အတိုင်း ဓာတ်ပုံကောက်ရသည်မှစကာ ဟိုကောင်တွေထင်သမျှကို 'ချော်လဲရာ ရောထိုင်' လုပ်မိကြောင်း ဖာဖာထေးထေးရှေ့မျက်နှာ နောက်ထားကာ ရှင်းပြလိုက်သည်။ ပါးစပ်ဟကာ နားထောင်နေသော သကောင့်သားနှစ်ကောင်က သူ့စကားအဆုံးမှာ ပြုံးဖြီးဖြီးကြီးတွေနှင့် စိုင်းအောင်သူမမြင်အောင်ပြောင်ပြသည်။ သူ့ဓာတ်ပုံ Stand ထဲမှ သူမပုံကို နှမြောစွာထုတ်ယူရင်း စိုင်းအောင်သူကို ပြန်ပေးလိုက်သည်။

စိုင်းအောင်သူက မယူ။ သူ့ရင်ထဲမှာတော့ နာကျင်နေသလို လိုကြီး။

"ရပါတယ်၊ ဒီအတိုင်းပဲထားချင်ထားလိုက်ပါ"

"အေးလေ ငါတို့လည်း မင်းဖြီးထားမှန်းသိကုန်ပြီပဲဟာ အဟီး . . ."

ဆက်နိုင်က စပ်ဖြီးဖြီးဖြင့်ဆိုသည်။ သူဓာတ်ပုံကို ကမ်းပေးထားဆဲ။ မြီး. . .

"သူ့ . . သူ့နာမည် ဘယ်လိုခေါ်လဲ. . . စိတ်မရှိနဲ့နော်"

" 'နှင်း'တဲ့ တစ်လုံးတည်း"

"ဟေ"

လှိုက်ခနဲဝမ်းသာသွားရသည်။ စောစောက သူနောက်ကြောင်းပြန်တဲ့အထဲမှာ သူမကို'နှင်း'ဟု နာမည်ပေးထားကြောင်း ချန်လှပ်ထားခဲ့သည်ကိုး။ ဆက်နိုင်နှင့်ခိုင်ဝင်းက မျက်လုံးကြီးပြူးကာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မထူးတော့ပါဘူးကွာ၊ ဘော်ဒါအချင်းချင်းပဲ၊ အားနာမနေတော့ပါဘူး၊ မင်းအစ်မယောက်ျား ဟိုဒင်းပြီလား"

သူစပ်ဖြီးဖြီးဖြင့် အားနာစွာမေးသောအမေးကို စိုင်းအောင်သူက ခပ်တည်တည်ဖြင့်ခေါင်းခါပြသည်။

"ယောက်ျားမယူရသေးဘူး၊ ဒါပေမဲ့. . ."

လိုက်ခနဲဝမ်းသာရုံရှိသေး၊ 'ဒါပေမဲ့' လိုက်သည်မို့ စိုင်းအောင်သူကို သူကြည့်မိသည်။ ရင်ဝယ်က တထိတ်ထိတ်။

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဟိုရုပ်ရှင်တွေထဲကလို စေ့စပ်ထားတဲ့လူရှိနေလို့လား"

"မရှိဘူး"

"ဒါ. . . ဒါဆို မသန်မစွမ်း"

"မဟုတ်ပါဘူး"

"သိပြီ ဆွံ့အ နားမကြား"

သူပြောသမျှကို စိုင်းအောင်သူက ခေါင်းခါသည်။ သူအတွေးရကျပ်သွားသည်။

"ဒါ. . . ဒါဖြင့်"

"ငါ့အစ်မဆုံးတာ သုံးနှစ်လောက်ရှိပြီ"

သူ့လက်ထဲမှာ ကိုင်ထားဆဲဖြစ်သောဓာတ်ပုံက ဖျတ်ခနဲလွတ်ကျသည်။ ငုံ့ကြည့်တော့ ကြမ်းပြင်ပေါ်က ဓာတ်ပုံထဲမှ သူမကသူ့ကိုပြုံးပြနေဆဲ။



"နောင်ဘဝဆိုတာရှိခဲ့ရင် တောင်းဆုပြုနေမယ် တွယ်ဥကာပေါင်းကြရစေသား"


သူ့ကိုရွဲ့ကာ ဆက်နိုင်ဆိုနေကျသီချင်း။ ဆက်နိုင်၏ သီချင်းအဆုံးမှာ ခိုင်ဝင်းကလည်း နောက်နေကျအတိုင်းနောက်သည်။

"ဟကောင် မင်းရဲ့နှင်းနောက်လိုက်မသွားသေးဘူးလား" တဲ့။

သူ့အခန်းထဲက Photo Stand မှာ သူမ၏ဓာတ်ပုံမရှိတော့ပါ။ တောင်ကြီးမြို့မှာ နှင်းများကတော့ ကျမြဲ၊ ကျဆဲ။

www.burmeseclassic.com

# လေအေးအေးမှာ ခြေဆော့တဲ့ လိပ်ပြာ





"မောင်"

"ဗျာ"

'မောင်'ဟု အလိုမကျစွာ ခပ်ဆောင့်ဆောင့်ခေါ်လာသူမှာ အခြားသူမဟုတ်။ ကမ္ဘာကျော် စူပါမော်ဒယ်လ် ဘရွတ်ရှီး(လ်) (Brooke Shields) ခေါ် ရှီးရှီးတည်း။ ရှီးရှီးက ပြောင်ချော်ချော်ဖြင့် 'ဗျာ' ဟုထူးသော ကျွန်တော့်ကို ဒိုင်းခနဲ မျက်စောင်းတစ်ချက်ထိုးသည်။ ပြီးတော့မှ ... မျက်ရည်ဝဲသော မျက်ဝန်းတစ်စုံဖြင့် ကျွန်တော့်အားကြည့်ကာ ...

"ရှီးရှီး မောင့်ကို ခဏခဏ ပြောဖူးပါတယ်"

"ဘာလဲ ဒီဝါကျွတ်ရင် လက်ထပ်ကြရအောင်ဆိုတာလား ... စိတ်ချ မောင် ..."

"အဲဒါ မဟုတ်ဘူး"

ကျွန်တော့်စကားမဆုံးခင်မှာ ဖြတ်ကာဆိုသော ရှီးရှီး၏ အငြင်းစကားကြောင့် ကျွန်တော့်နှုတ်က အော်တိုပိတ်ပြီးသားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲနေသော ရှီးရှီး၏ မျက်ဝန်းတို့က အေးစက်သော အမူအရာသို့ ချက်ချင်းပြောင်းလဲကာသွားသည်။ အခါခါ အနမ်းမိုးရွာခဲ့သော နှုတ်ခမ်းတို့က ဝမ်းနည်းမှုကြောင့် တဆတ်ဆတ် တုန်ယင်နေရာက ဆတ်ခနဲတင်းတင်းစေ့သည်။

"မောင့်ကို တခြားကောင်မလေးတွေနဲ့ မပတ်သက်ရဘူးလို့ သေသေချာချာပြောထားပါရက်နဲ့ မောင် . . . မောင် ရက်စက်တယ်။ စာရေးဆရာပေါက်စလေးမို့ ခပ်အေးအေးထင်ပြီး ချစ်ခဲ့မိတာ . . . အခုတော့ . . . အခုတော့ . . . မောင်က ခြေလှမ်းတွေ အရမ်းပျက်နေပြီတဲ့။ အဟင့်"

အညာသူတစ်ယောက်၏လေသံမျိုးဖြင့် မြန်မာလို ပီပီသသ အားရပါးရဆိုလေသူ ရှီးရှီး၏စကားကြောင့် ကျွန်တော့်ရင် ဒိန်းခနဲ၊ ထိတ်ခနဲ ဖြစ်ကာသွားရသည်။ ဘယ်သူကများ ချွန်ထားပါလိမ့်။

"အာ. . . အလကားလျှောက်ဖောနေကြတာပါ ရှီးရှီးရာ . . . ရှီးရှီးကို ဘယ်သူကချွန်တွန်းလုပ်ထားတာလဲ"

"ပြောပြဘူး"

ရှီးရှီးက နှုတ်ခမ်းကို ချွန်လျက် ခပ်ချွဲချွဲဆိုသည်။

"သူက မောင့်အတင်းကို တမင်ပြောတာ မဟုတ်ပါဘူး။ မနေ့က တစ်ယောက်တစ်လှည့် သန်းတုပ်ရင်းနဲ့ စကားစပ်မိ . . မိ"

"ဘာ . . . ဘာ . . . ဘာလုပ်ရင်းနဲ့"

"ဟို . . . သန်းတုပ်ရင်းနဲ့ . . . အဲ . . . ဟို"

ရှီးရှီးကား သူခိုးလူမိသွားသောပုံစံဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်ကာသွားသည်။ ပြီး . . ကျွန်တော့်ကို မရဲတရဲမျက်လုံးလှန်၍ ကြည့်သည်။

"မင်း တော်တော်ညစ်ပတ်တာပဲ။ ဟို တလောကပဲ မင်းလူ ရှေ့မရှောင်၊သူရှေ့မရှောင်သန်းဥဆွဲနေလို့ ငါမင်းကို ဗိုလ်ချုပ်ဈေးထဲက ဘီးစိပ်ဝယ်ပေးခဲ့သေးတယ်လေ။ မိန်းကလေးပီပီ သန့်သန့်ရှင်းရှင်းနေပါဆိုတဲ့ ဥစ္စာ၊ ဒီသန်းကိုတောင် မျိုးမဖြုတ်နိုင်ဘူး"





ကျွန်တော့်အပြောကို ရှီးရှီးကားမဖြေ။ 'ဒါလား' ဟုဆိုရင်း မခို့တရို့ဖြင့် ငါးခူပြုံး ပြုံးသည်။ ပြီး . . .

"ဒါ တမင်မွေးထားတာမောင်ရဲ့"

"ဘာကွ! တမင်မွေးထားတာ ဟုတ်လား၊မင်း မင်း ဟိုတစ်ခေါက်ကလည်း ငါ့ထုတ်ဝေသူ ကိုမိုးနဲ့ 'ဒါကျွန်တော့် ချစ်သူပါ' ဆိုပြီး မိတ်ဆက်ပေးမလို့လုပ်တုန်း မင်း သန်းဥတွေချည်း နင်းဆွဲပြနေလို့ ငါအရှက်ကွဲခဲ့ပြီးပြီ"

"အို. . ဒါ feel တစ်မျိုး မောင်ရဲ့ . . . အားနေရင် သန်းဥဆွဲနေရတာတို့၊ တစ်ယောက်ကိုတစ်ယောက် သန်းရှာပေးနေရတဲ့ အရသာတို့ကို မောင်တို့ယောကျ်ားတွေ မသိသေးပါဘူး။ အဟက်"

"တောက်! တော်ပြီကွာ၊ မင်းကို ငါ တော်တော်စိတ်ကုန်လာပြီ၊ တော်တော့်ကို ညစ်ပတ်တဲ့ကလေးမ"

"ရှင်"

ခပ်ထန်ထန်ဆိုလိုက်သော ကျွန်တော့် စကားကြောင့် မယ်ရှီး၏မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားရှာလေသည်။ နဂိုကတည်းကလည်း မျက်နှာမှာ သွေးမရှိတာအမှန်။ ဒါပေမယ့် သိတယ် မဟုတ်လား။ ကျွန်တော့်အဟောက်ကို မခံဖူးသေးတော့ သူ့ခမျာ ကြောက်သွားရှာတာပေါ့ဗျာ။ အဟဲ. . .

"ဒီလို မျက်နှာထိမျက်နှာထားနဲ့ အပြစ်စကားမဆိုပါနဲ့လား . . မောင်" (အံမယ် သူက စာသံပေသံတွေနဲ့ လုပ်နေသေး)

"ဟ ပြောရမယ်ကွ၊ မင်းသာ ဒီပုံစံအတိုင်း ဆက်သွားနေလို့ကတော့ မင်းနဲ့ယူပြီးရင် ည. . ည. . ငါဘယ်လိုလုပ်ပြီး အိပ်မလဲ "

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ဒေါသစကားကို စိတ်ဆိုးရမည့်အစား သူမက ရှုတ်တက်တက်ဟန်ဖြင့် လက်သည်းကို ဆတ်ခနဲ စိတ်လှုပ်ရှားစွာ ကိုက်ရင်း 'ဝင်းဝင်း' ဖယောင်းတိုင်ကြော်ငြာထဲက 'ပွင့်' ၏ စတိုင်မျိုး အတုခိုးကာ . .

"အို . . မောင်ကလည်း . . ရှက်စရာ . . . ဘာတွေပြော နေလဲ"

ဟဲ့ မပြောလို့ရမလား . . မင်းသာ သန့်မျိုးစိတ်တွေ မွေး ထားရင် ငါ့သန်းကူးပြီး တောက်လျှောက်ယားနေလို့ (ခေါင်းကိုပြော တာနော်) ည. . ည. . . ကုတ်ရင်း . . ကုတ်ရင်းနဲ့ မအိပ်နိုင်မှာကို ပြောတာ. . ."

"အာ စိတ်ချ အဲဒီအချိန်ကျ ဒီသန်းတွေ (လုံး၀) မရှိစေရ ဘူး။ အဟိ "

"တော်စမ်းပါကွာ . . အမြဲတမ်း အပြောတစ်မျိုး၊ အလုပ် တစ်မျိုးနဲ့ ငါ့စိတ်ပိန်တယ် . . သွားတော့မယ် "

"သွားတော့မယ်ဆိုရင်လည်း ပေးနေကျနှုတ်ဆက် အာဘွား လေးပေးခဲ့ဦးလေ မောင်ရဲ့၊ ဒီအတိုင်းကြီးထားခဲ့ရင်တော့ မယ်ရှီးကို လည်လှီးခဲ့သလိုဖြစ်နေမှာပေါ့ မောင်. . မောင်. . . နေဦးလေ . . မောင်"

ကျွန်တော်၏ ချစ်လှစွာသော ညစ်ပတ်အိုးမလေးကို ကျွန်တော်လှည့်မကြည့်တော့။ သူမ၏ရှိုက်သံကတော့ ကျွန်တော့်ထံ ကပ်ပါကာလာသည်။ သို့သော် ကျွန်တော် ကမ္ဘာကျော် မင်းသမီး လေးထံ နောက်ကြောင်းလုံးလုံးမလှည့်ဖြစ်တော့ပါ။

ရှီးရှီးထံမှ စိတ်ပိန်ပိန်နှင့် ထွက်လာခဲ့သောကျွန်တော် ကန်တော်ကြီးဥယျာဉ်တွင် စောင့်နေရှာမည့် ရားရားထံ ရောက်လာ ခဲ့သည်။





လည်တဆန့်ဆန့်ဖြင့် စောင့်နေရှာသူ ရားရားဆိုသည်ကား အခြားသူမဟုတ်။ Britney Spears (ခေါ်) ကမ္ဘာကျော် ပေါ့ (ပ်) ဘုရင်မ ဘရစ်တနီစပီးရားတည်း။ ('ယ'ပက်လက်နဲ့ယားရင် ရော ကုန်မှာစိုးလို 'ရ' ကောက်နဲ့ပဲ ရားလိုက်မယ်ဗျာ. . . နော်)

ကျွန်တော့်အားမြင်သောအခါ ရားရားမှာ ရေထိသော ပန်း ကဲ့သို့ လန်းလန်းရွှင်ရွှင်ဖြင့် အားရဝမ်းသာထိုင်နေရာမှ ထရပ်သည်။

"အချစ်ဆုံး ရားရားလေး . . စောင့်နေရတာကြာပြီလား"

"သွားပါ ဆယ်နာရီချိန်းထားတဲ့ လူက ဆယ့်နှစ်နာရီထိုးမှ ရောက်လာပြီးတော့ စောင့်နေရတာကြာပြီလားတွေ ဘာတွေ လာမေး မနေနဲ့။ ပြော . . . ဘယ်ကောင်မလေးဆီ သဝေထိုးနေတာတုံး"

"အာ"

'အာ' ဟုရေရွတ်ရင်း ဖြီးရန်စကားလုံးတို့ကို စဉ်းစားရ သည်။ ရားရား၏မျက်နှာသည်ကား ပြိုတော့မည့်မိုးလို ခပ်ညိုညို။ မျက်ဝန်းမှာ ဝေ့ဝဲနေသော မျက်ရည်စတို့ကို ရားရားက မျက်တောင် တဖျပ်ဖျပ်ခတ်ရင်းထိန်းသည်။

"ကိုကို့ကို စာရေးဆရာပေါက်စမို့ လူရိုးလူအေးလေးလို့ ထင် ထားတာ"

"အထင်နဲ့အမြင် ထပ်တူကျတယ် မဟုတ်လား။ အဟဲ"

"မကျဘူး မကျဘူး။ အမလေး မရိုးလိုက် မအေးလိုက်သမှ တစ်ခါတည်း မပြောလိုက်ချင်ဘူး။ ပြောကိုမပြောချင်ဘူး ဆတ်ကော့ လတ်ကော့နဲ့ ကုတ်ကမြင်းကြီး"

"ဘာကွ!"

မြန်မာစကားကို လိပ်ပတ်လည်အောင် မပြောတတ်ရှာ သော်လည်း သူမပြောသော အဆီငေါ်မတည့်သည့် စကားများက မရိုးသားသော ကျွန်တော့်ဟတ်ကိုထိသည်။ 'ဘာကွ ' ဟု ဆတ်ခနဲ



www.burmeseclassic.com

အအောက်မှာ သူမက 'ပလုပ်တုတ်' ဟု မပီကလာ ပီကလာဖြင့် ယောင်ကာလန့်သည်။

"တွေ့လား တွေ့လား ဟိုတုန်းကတော့ ရားရားပြောသမျှက မပီကလာ ပီကလာနဲ့ အရမ်းချစ်ဖို့ကောင်းတာပဲဆို အခုတော့ မျက်လုံးကြီးပြူးပြီး 'ဘာကွ' နိုင်ပြီပေါ့ . . . အဟော့ . . ဟော့"

'လာ လာချည်သေးတော့'ဟု ခပ်ချည်ချည်တွေးဖြစ်သည်။ သင်းကများ ဇာတ်သံဇာတ်ဟန်နှင့် လက်ကိုင်ပဝါကိုင်ကာ မျက်ရည်တချို့ကို တို့ကာတို့ကာ မူယာကြွယ်နေသေးတော့။ ငွေရောင်ဆံစတို့ကို ဆတ်ခနဲ သူမသပ်တင်သည်။

"ငါ့လို ရိုးသားတဲ့လူကိုများ မင်းက ကုပ်ကမြင်းကောင့်လို့ စွပ်စွဲရက်တယ်။ ကိုကိုက ရားရားကလွဲရင် အကုန်လုံး ဖွဲ့နဲ့ဆန်ကွဲပါ ရားရားရာ"

"ယုံခဲ့ပါတယ်"

"ဘယ်လို"

"ယုံခဲ့တယ်လို့ . . ဟိုတုန်းကတော့ ကိုကိုပြောသမျှဆို မိရားတို့က အကုန်ယုံပြီးသား၊ ဘယ်လောက်ထိယုံလဲဆိုရင် 'ကိုကို့ မျက်နှာတစ်ရွာထင်ပြီးတော့' ကိုကိုခေါ်ရာ လိုက်ဖို့ထိ စဉ်းစားထားတာ"

"ကိုကို့ မျက်နှာ တစ်ကမ္ဘာထင်ပြီးတော့ လုပ်စမ်းပါ"

"ဒီလို ဂလိုဘယ်လိုက်ဇေးရှင်းတွေ ထုံလွှမ်းနေတဲ့ ခေတ်ကြီးမှာ ကမ္ဘာဆိုတာ ရွာဖြစ်သွားပြီရှင့် ဂျင်နရယ်နော့လစ်(ရှ်) နည်းလိုက်တာ"

"အေးဟ . . ဟုတ်သားပဲ"

သူမ၏ စကားကို ဖော်လိုလိုက်သော်လည်း သူမကား ဂရုမစိုက်၊ ငိုရှိုက်နေရာမှ မျက်နှာကိုနာကြည်းမှု ပြည့်လျှမ်းနေသော အမူအရာဖြင့် ဆတ်ခနဲ တည်သည်။





"ကိုကို စင်ဒီကရော့ဖို့(ဒ်)နဲ့ ခြေပုန်းခုတ်နေတာ ရားရား မသိဘူး ထင်လို့လား . . ဟော့ဒီက မိရားတို့က ကိုကို ထင်သလောက်လည်း မအသေးပါဘူး"

ရားရား၏စကားကြောင့် ကျွန်တော်တွန့်ခနဲ ဖြစ်သွားရသည်။ ကိုယ့်ဘာသာကိုယ် လုံလှပြီ ထင်နေသော်လည်း သတင်းတို့က စက္ကန့်နှင့်အမျှ ပြန့်ပွားနေသည်ထင့်။ နည်းနည်းတော့ စိတ်သက်သာရာရသေးသည်။ ရားရားတစ်ယောက် ရှိုးရှိုးနှင့် နှစ်ပါးသွားနေသည်ကို သိသေးဟန်မတူ။ 'တော်ပါသေးရဲ့' ဟု သက်ပြင်းကို မှုင်းချရန်အပြင် . . ရားရားက . . .

"ရှိုးရှိုးနဲ့ အကြောင်းကိုလည်း မသိဘူးတော့ မထင်လိုက်နဲ့ . . . သိပြီးသား"

ခပ်တင်းတင်းဆိုလိုက်သော ရားရား၏ အပြောကြောင့် ကျွန်တော် ဒုတိယမ္ပိ တွန့်ခနဲဖြစ်ကာသွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသလို ရုပ်ကို ကမန်းကတန်းတည်လိုက်ရင်း . .

"ဒါတွေက ကိုယ်စိတ်ကစားလို့ ဖြစ်ခဲ့တဲ့အချစ်တုတွေပါ ရားရားရယ်၊ ကိုယ်က ရားရားကိုပဲ တကယ်ချစ်တာပါ။ ရားရားကို ချစ်တဲ့အချစ်က ဟိုနှစ်ယောက်ကို ချစ်တဲ့အချစ်ထက် ဆယ်ဆ. . . အို မဟုတ်ဘူး အဆတစ်ရာ ရှုပ်ပါတယ် နှိုင်းယှဉ်လို့ မရအောင် ပို. . ပို"

"ဘာ . . . ပြောတယ်"

ကျွန်တော်၏နောက်မှထွက်လာသော အသံနှစ်သံ၏ တစ်ပြိုင်နက်သော 'ဘာပြောတယ်' ကြောင့် ကျွန်တော်အသည်းတုန် အူတုန်ဖြစ်သွားရသည်။ နောက်သို့ မရဲတရဲ လှည့်ကြည့်တော့ စင်ဒီကရော့ဖို့(ဒ်)နှင့်ဘာရှတ်ရှိုး (လ်)။ မည်သို့ဖြစ်ကုန်သည်ကို စဉ်းစားချိန်မရတော့ မီးစင်ကြည့်ကာ ကရတော့မည်။

"ဟဲ . . ဟဲ နေကန်းကြတယ်နော်။ အကြောင်းမကြား ဘာ



www.burmeseclassic.com

www.burmeseclassic.com



မကြားနဲ့ ရုတ်တရက်ကြီးဆိုတော့ ဒီက လန့်သွားတာပဲ သွား လူဆိုး"

ပြောင်ချော်ချော်ဖြင့် လှမ်းနောက်သော်လည်း ဆေးက မမီတော့။ သုံးယောက်သား ဓာတ်ရှင်တွေထဲကလို တန်းစီရင်း လက်ထဲမှ အရာတို့ကို မြင်သာအောင်ပြသည်။

ရှီးရှီး၏ လက်ထဲမှာက လောက်လေးခွနှင့်လောက်စာလုံးများ။ ရားရား၏ လက်ထဲမှာက ငရုတ်ကျည်ပွေ့။ စင်ဒီ၏ လက်ထဲမှာကားသားရေကွင်းအကြီးစား စသည်. . ။ မျက်နှာများက ဓာတ်ရှင်များထဲက ကြေးစားလူသတ်သမားများလို သွေးအေးအေးဖြင့် ရက်စက်ကြတော့မည့်ပုံပေါ်သည်။

"ဒီလို စတိုင်နဲ့ကျတော့လည်း ချစ်စရာကောင်းနေကြပြန်ရော။ ကျေးဇူးပြုပြီးတော့ ငြိမ်ငြိမ်လေးနေပေးပါလား။ ကျွန်တော် ကောင်မလေးတွေ အဆောင်ရှေ့မှာ သီချင်းဆိုသလိုမျိုး သီချင်း တစ်ပုဒ်လောက် ဆိုပြချင်လို့ပါ။ အဟဲ . . မနောက်ရဘူး . . . ငရဲကြီးတတ်တယ်။ သီချင်းဆိုပြမယ်နော် ဟုတ်လား "

"ဆေးမမီတော့ဘူး စာရေးဆရာ . . . ကျွန်မတို့က အချစ်ကြီးသလို အမျက်ကြီးတယ် "

"ဟုတ်တယ် . . မုန့်ကိုသာ ဝေစားမယ် အချစ်ကိုတော့ ရှယ်ယာမလုပ်နိုင်ဘူး ဒါပဲ "

"ကဲပါ ပြောနေကြာတယ်။ တို့တွေကို အရူးလုပ်ချင်တဲ့ ဒီ စာရေးဆရာကို ပညာပါးပါးလေး ပြလိုက်ရအောင်"

ပြောရင်းဆိုရင်း . . သူမတို့ သုံးယောက်သား လက်နက်ကိုယ်စီကိုင်ကာ ကွန်မန်ဒိုခြေလှမ်းများကဲ့သို့ တစ်လှမ်း‌ချင်းလာနေကြသည်။

"ရှေ့မတိုးနဲ့နော် . . လိမ္မာတယ် အဟဲ နော်. . နော်. . လို့"

"တောက် ! . . ဒီအချိန်ရောက်နေတာတောင် အခွက်





ပြောင်နေသေးတယ် ကဲဟာ. . ."

"ဒေါက်"

ဤသည်ကား ရားရား၏ငရုတ်ကျည်ပွေ့ လက်သံ။ 'ဒေါက်' ခနဲမြည်သံနှင့်အတူ ကျွန်တော့်ခေါင်းသည် ချာချာလည်ကာသွား၏။

"ဒီမှာ လူလိမ်ကြီးအတွက် လောက်စာ ကဲ"

"ခွပ်"

"အု"

ဤသည်ကား ရှီးရှီး၏ လောက်စာလုံး လက်ဆောင်။ ကျွန်တော့်နဖူးကား အာလူးသီးကြီး သီးကာလာသည်။ ကျန် တစ်ယောက်က သားရေကွင်းဖြင့် ပစ်ရန်ချိန်သည်။

"ဒီက သားရေကွင်းရဲ့ အရသာလည်း မြည်းကြည့်ဦး . . . လာလေ "

ကျွန်တော်ကား သူမချိန်ရွယ်ထားရာကို မှန်းဆရင်း လန့်ဖျပ် တုန်ယင်သွားသည်။

"အောင်မလေး အဲဒီ နှစ်လုံးကိုတော့ ချမ်းသာပေးပါ ဒါလေး မရှိရင် ဘဝဆုံးမှာမို့ပါ။ ဒါလေးက အဓိကမို့လို့ . . လုပ်နဲ့နော် . . . နော်လို့"

"မလိုချင်ဘူး. . ကဲ ပြောနေကြာတယ် လာလေ"

"နေ . . နေဦး။ တားမရရင်လည်း တစ်လုံးတော့ ချန်ပေးနော် တစ်လုံးကျန်ရန်လည်းမဆိုးဘူး။ သံယောဇဉ် လက်ကျန်လေးတွေနဲ့ သနားပါဦးလား . . . စင်ဒီရယ် ဒီညာဘက်ဖြစ်ဖြစ် ဘယ်ဘက် အလုံးလေးပဲ ဖြစ်ဖြစ် ချန် . . . ချန်"

"မချန်ဘူး။ တစ်လုံးချန်ထားရင် အဲဒီ ကျန်တဲ့တစ်လုံးနဲ့ တခြားကောင်မလေးတွေကို ဒုက္ခလိုက်ပေးနေဦးမယ်။ ဒီတော့ တစ်ခါတည်း အပြတ်ရှင်းရမယ် . . . လာပြီ 'ယိမ် ဖွစ်' "



www.burmeseclassic.com

www.burmeseclassic.com



"အား . . . အမလေး။ ဒီနှစ်လုံးလေးတောင်မှ ချမ်းသာမပေးဘူး။ ကုန်ပါပြီဗျာ။ ဘဝဆုံးပါပြီ။ ဟင့် ဒီနှစ်လုံးမရှိဘဲ ဘာလုပ်လို့ရတော့မှာလဲ မျက်လုံး . . . မျက်လုံး"

သို့နှင့် အချစ်ကြီးသူများ ကလဲ့စားတို့ကြောင့် ကျွန်တော့်မှာ ဒဏ်ရာဗရပွနှင့် ကျန်ရစ်ခဲ့လေသည်။ အချစ်ကြီးသူများမှာ အမျက်ကြီးသွားကြပြီး အမုန်းကြီးမုန်းလျက် လှည့်မကြည့်စတမ်း စွန့်ခွာသွားကြကုန်လေပြီ။ သွားပြီ ဒီတစ်သက် ရည်းစားလက်မဲ့ဖြစ်ရချေပြီဟုတွေးကာ ဝမ်းနည်းနေတုန်း ဗြုန်းဆို . . .

"အို အစ်ကို . . . ဒဏ်ရာတွေနဲ့ပါလား အစ်ကိုရယ်"

ဟိုက်ရှားပါး . . . အနားသို့ သမားတော်ဝတ်စုံဝတ်ကာ အကြင်နာမျက်လုံးများဖြင့်ရောက်လာသူကား အခြားသူမဟုတ်။ သမားတော် ချုန်ဂင်ပေတည်း။

"ချုန် ချုန်ဂင် ဘယ်လိုလုပ်ပြီး . . ."

"ဟုတ်ပါတယ် အစ်ကို ချုန်ဂင်ပါ။ ကျွန်မ အစ်ကို့ကို ဟိုဒင်းဆေးကုချင်လွန်းလို့ မြန်မာစကားသင်ပြီး လာခဲ့တာပါ။ အခုတော့ ကျွန်မဆန္ဒတွေ ပြည့်ရတော့မယ်"

ရှက်ဝဲဝဲဖြင့်ဆိုလေသူ ချုန်ဂင်၏စကားလုံးတို့ကားကျွန်တော့်အတွက် အားဆေးတစ်ခွက်နှယ်တည်း။ ထို့ကြောင့် ချက်ချင်းကြီးအားပြည့်လာသော ကျွန်တော် 'ဒေါင်'ခနဲ၊ အဲလေ 'ဝုန်း'ခနဲ ထထိုင်မိချေတော့သည် တကား။

"အစ်ကိုက မေတ္တာတွေဝတ်နေတဲ့ အဝတ်ကလေးပါ ဂင်ဂင်ရယ်။ အပြင်ကဒဏ်ရာတွေကို ကိုကိုမောင် ခံနိုင်ရည်ရှိပါတယ်ကွယ်။ ခံနိုင်ရည်မရှိတာက ချစ်တတ်လွန်းလို့ အချစ်ဝတ်နေရတဲ့ ကိုယ့်ရင်တွင်းက နှလုံးသားဒဏ်ရာပါ။ အဲဒီဒဏ်ရာကို ကုသပေးမယ်မဟုတ်လားဟင်"





"အို"

ပခုံးသားတို့ ကိုင်ရင်းဆိုသော ကျွန်တော့်အဆိုကြောင့် ကလေးမလေးခမျာ အမျိုးသမီးစာရေးဆရာမများ၏ ဇာတ်လိုက်မလေးများ ပြောနေကျအတိုင်း 'အို' ဟု မသဲမကွဲရေရွတ်ရင်း ကျွန်တော့်ရင်ခွင်တွင်း သက်ဆင်းခဲ့လာတော့သည်တမုံ့။

(ဤတွင် မချောလေးယောက် ကိုယ်တစ်ယောက် ဇာတ်အရသာရှိရှိဖြင့် ပီးဘာဘီ)

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com






# ပုံးစာမှန် တော့လည်း

မင်္ဂလာဆောင်ခန်းမထဲမှာ လူကရှိပေမဲ့ စိတ်က ဟို အတိတ်မှာ . . . ဒီနေ့ကျုပ်ရဲ့ တစ်ဦးတည်းသောသမီးရဲ့ မင်္ဂလာဆောင်။ သားတစ်ယောက် သမီးတစ်ယောက်ပဲရှိတယ်ဆိုတော့ သားကလည်း တစ်ဦးတည်းသောသားပဲပေါ့လေ။

ကျုပ် အရင်နှစ်က သားရဲ့ မင်္ဂလာဆောင်ကို တော်တော်ကြီး ပြန်အောက်မေ့မိနေတယ်။ သား မင်္ဂလာဆောင်တုန်းကတော့ ကျုပ်တို့ လင်မယားနှစ်ယောက် ခေါင်းမော့ရင်ကော့ပြီး လက်မထောင်ထောင်နဲ့။

လက်မထောင်နိုင်တာပေါ့ဗျာ။ ကျုပ်တို့ရခဲ့တဲ့ ချွေးမလေးက အသက်သုံးဆယ့်ငါးအရွယ် ကျုပ်တို့သားထက် ဆယ့်ငါးနှစ်ကျော်ငယ်၊ ရုပ်ကလည်းချော၊ ဥစ္စာပစ္စည်းကလည်းရှိ၊ ပညာကလည်းတတ်၊ မျိုးရိုးကလည်းသန့်၊ ဒို့ သားဆိုဘာမှ အပြစ်ပြောစရာမရှိဘူး။

မင်္ဂလာဆောင်ခန်းမရဲ့ ပရိသတ်တွေကြား ဟိုစိုင်းစုား၊ ဒီစိုင်းစုားနဲ့ ကျုပ်တို့လင်မယား မောလို့မောမှန်းကို မသိခဲ့ကြဘူး။ ကြားမိတာ ကြားရတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သတို့သမီးရဲ့မိဘများကတော့ သိပ်မသွက်ကြရှာဘူး။ မချိပြုံးလေးတွေ မခို့တရို့ပြုံးရင်း လူရင်းတွေရဲ့ ဝိုင်းလောက်ဧည့်ခံကြတာ။

ကျုပ်တို့ လင်မယားနှစ်ယောက်ကတော့ လက်ဖွဲ့ပုံကြီး မသိမသာပြေးကြည့်လိုက် ရင်ဘတ်ကလေးကိုယ်စီဖိလိုက်။ မီးဖိုဆောင်ထဲကျန်တဲ့ စားဖွယ်သောက်ဖွယ်တွေ မသိမသာပြေးချောင်းလိုက်၊ သက်ပြင်းလေး မရဲတရဲချလိုက်။

အဲ ပြီးတော့ မင်္ဂလာဆောင်လာတဲ့ လူတွေဆို သိသိ မသိသိ လှိုက်လှိုက်လှဲလှဲ ဧည့်ခံလိုက်နဲ့ အရသာကို ရှိလို့။

လူရင်းတွေကလည်း ဒီလိုချွေးမလေးရတာကို ဝမ်းသာပေးကြတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဥစ္စာပေါ ရုပ်ချော မျိုးသန့်ရိုးသန့်ကိုး။

အဲဒီတုန်းက ကျုပ်မိန်းမနှုတ်က တဖွဖွပြောလို့မဆုံးတဲ့ စကားတစ်ခွန်းက "ဖူးစာ" တဲ့။ "ဖူးစာပဲပေါ့တော်၊ ဖူးစာပဲပေါ့တော်" နဲ့။ ကျုပ်ကလည်း ခန့်ခန့်ကြီးပြုံးနေခဲ့တာပေါ့ဗျာ။

အဲဒီတုန်းကတော့ . . . ဟော . . . အရင်တစ်နှစ်က ပြောခဲ့တဲ့ "ဖူးစာ"။ ဒီနှစ်ကျတော့ ကျုပ်သမီးဆီ အလည်ရောက်လာပြီ။ ပြောရင်းဆိုရင်း လာပါပြီ . . ကျုပ်သမက်။

"ဖေဖေ"

'ဖေဖေ' တဲ့ဗျာ။ ယုယုယယကြီး ခေါ်လိုက်ပုံများ။ ကျုပ်ကတော့ ကျဉ်ခနဲကိုနေတယ်။ အော်ဂလီတွေပါဆန်လို့။

ဘယ့်နှယ်ဗျာ ကျုပ်သမီးကလည်း ရှာလည်းရှာတတ်ပါ့။ ကြည့်ဦး သုံးဆယ့်ငါးနှစ်ရှိတဲ့ ကျုပ်သမီးယူထားတဲ့ ကျုပ်သမက်ရဲ့ အသက်က ကျုပ်ထက်သုံးနှစ်ကြီးနေတယ်။

ကျုပ်အသက်က ငါးဆယ့်ငါး။

ကျုပ်သမက်က ငါးဆယ့်ရှစ်။





ဒါကိုပဲ သူက ခပ်ချွဲချွဲနဲ့ ကျုပ်ကို "ဖေဖေ" တဲ့။ ရှက်တက်တက် မရဲတရဲပုံစံကြီးနဲ့ လာခေါ်နေတာ။ ကျုပ်ဗျာ ရင်တွေ တလှပ်လှပ်နဲ့ ဩော် ဖူးစာ ဖူးစာ . . .။ အန်ချင်လိုက်တာ။

သူက "ဖေဖေ" ဆိုပေမယ့် ကျုပ်ကတော့ မ'ဟော' နိုင်ဘူး။ တစ်ကမ္ဘာလုံးထုံးစံ ကိုယ့်သမီးနဲ့ရမှတော့ ကိုယ့်သမက်ပဲပေါ့။ ဒါပေမယ့်ဗျာ ကျုပ်သမက်က ခုနစ်အို ရှစ်အိုကြီးလေ။

"ဖေဖေ"

ခေါ်ပြန်ပြီ၊ နောက်တစ်ခေါက်။ "အဖေ"တောင် မဟုတ်ဘူး။ "ဖေဖေ" တဲ့။ ရုပ်ကြမ်းကြီးနဲ့ နွဲ့နေတာ နွဲ့နေတာ။

သူ့ "ဖေဖေ" ခေါ်လိုက်တာနဲ့ ကျုပ်ကတော့ နင်နင်သွားတယ်။ သမီးကိုလည်း မင်္ဂလာမဆောင်တော့နဲ့ ပြောတာမရဘူး။ ဒီမျက်နှာကြီးနဲ့ဧည့်သည်တွေ လိုက်နှုတ်ဆက်ရမှာ ကြောက်ပါတယ် ဆိုနေမှ။

ဒါတင် ဘယ်ကမလဲ ဒီသမက်ကြီးနဲ့လည်း မျက်နှာချင်းကို မဆုံချင်ဘူး။ အခုတော့ ရှောင်နေတဲ့ကြားက ဖွတ်ကိုလာတိုးနေပြီ။ ကြည့်ဦး။

လူကို ရွှန်းရွှန်းစားစားကြီး ကြည့်ပြီး တဟဲဟဲနဲ့ ရယ်ပြရင်း ခေါ်နေတာ။ သွားကဖြင့်စုံတော့တာ မဟုတ်ဘူး။ အပေါ်ရှေ့ ငယ်သွားနှစ်ချောင်းက ဟောင်းလောင်း။ နဖူးပြောင်မှာ မိတ်ကပ်လား ဘာလားမသိဘူး ဖို့ထားသေးတယ်။

ဧည့်ပရိသတ်တွေကတော့ သတို့သားကို ကြည့်ကြည့်ပြီး ခေါင်းချင်းတွေဆိုင်ကုန်ကြပြီ။ အေးလေ ကျုပ်ကသာ ရှက်နေတာ ဒင်းကတော့ . . .

"ဖေဖေလို့"

"ဘာလဲကွာ"

www.burmeseclassic.com



ကျုပ် ဆောင့်ဆောင့်အောင့်အောင့် ပြန်ထူးဖြစ်တယ်။ ခပ်သွက်သွက်ထူးမှ၊ မထူးမချင်း ကျေးဇူးရှင်က "ဖေဖေ" "ဖေဖေ" နဲ့ မြိန်ရှည်ယုက်ရှည် ထွက်သက်ငင်တဲ့အထိ "ခေါ်ဦးမှာ" ဆိုတဲ့ ပုံစံ။ ဆောင့်ဆောင့်အောင့်အောင့် ပြန်ထူးတာကိုပဲ မျက်လုံး ပေကလပ် ပေတလပ်နဲ့ ဝမ်းသာသွားပုံရတယ်။

"မေမေရောဟင်"

အမလေးဗျာ ကျုပ် ပါးပိတ်တီးပစ်ချင်တာ လွန်ရော။ သူ့ထက် အသက်အများကြီးငယ်၊ အများကြီးနုတဲ့ ကျုပ်မိန်းမကိုများ "မေမေ" တဲ့။ ဟင့် . . . အေးလေ။ တစ်ကမ္ဘာလုံးရဲ့ ထုံးစံ ကိုယ့်သမီးပေးထားရမှတော့ သမက်ပေါ့။

"မသိဘူး"

ကျုပ်ခပ်မာမာပဲ "ဘူး" တစ်လုံးဆောင့်လိုက်တယ်။ တကယ်လည်းပဲ ကျုပ်မသိဘူး။

"ဟိုဒင်း မိဘတွေကို ကန်တော့ဖို့ စီစဉ်နေကြပြီမို့လို့"

"ဘာ! ဘာကွ ကန်တော့မယ်"

"ဟုတ်တယ်လေ၊ သားတို့ ဇနီးမောင်နှံက ဖေဖေတို့ မေမေတို့ကို . . ."

"တော်ကွာ"

ကျုပ်မျက်နှာလွှဲရင်း အော်ဖြစ်တယ်။ ကြည့်ဦးဗျာ သူ့ရုပ် ကြမ်းကြီးနဲ့ လက်အုပ်ကလေးတချီချီနဲ့ ရှိကျိုးပြနေလိုက်တာ။ မျက်လုံးက ပေကလပ် ပေကလပ်နဲ့။ ဗန်တော့စရာလား သူ့အသက်အရွယ်ကြီးနဲ့ တင့်. . . .

"ဘာဖြစ်လို့လဲ ဖေဖေ"

ကြည့် . . . အရှက်ကို နည်းနည်းမှမရှိဘူး။ "ဖေဖေ" နဲ့ ပါးစပ်ကတို့မချတော့ဘူး။ ဖြစ်နိုင်ရင် ဒီမျက်နှာကြီးကို





ဆောင့်ကိုကန်ပစ်ချင်တယ်။ သူ့ကိုယ်သူများ "သား" တဲ့။ ခြေထောက် ကဖြင့် ဟိုဒင်းကို ပန်းဝင်ဘောမယ်။ ပြောပြန်ရင်လည်း ကိုယ့်သမီး ပဲမကောင်းရှိရောမယ်။

"ဘာဖြစ်ဖြစ်ကွာ . . . ကန်တော့စရာမလိုဘူး၊ သွား သွား မင်းမိန်းမဆီသွား . . . ဒီမှာ အေးအေးဆေးဆေးနေချင်လို့"

"မ . . မဟုတ်သေးဘူးလေ၊ သားတို့ဇနီးမောင်နှံ ရာသက်ပန် ပေါင်းရဖို့ ဆုပေးရင်၊ သားတို့လည်း အပြစ်တွေ ရှိရင်ကျေအောင် ဖေဖေနဲ့မေမေ့ကို . . ."

"အိုကွာ မလိုဘူးဆို . . မလိုဘူး၊ သွား သွား၊ သတို့သမီး ရှာနေမယ် . . သွား"

ကျုပ်ဇွတ်နှင်တော့ ကျေးဇူးရှင် ရွှေသမက်က မိတ်ကပ် တွေပြာနေအောင် လိမ်းထားတဲ့အခွက်ကို အိုနေအောင်လုပ်ပြီး ငိုက်စိုက်နဲ့ ထွက်သွားလေရဲ့။ ဒီအတိုင်းသွားတယ်လို့တော့ မထင်နဲ့ ထွက်ခတ်ကခတ်သွားလိုက်သေးတယ်။

"ဒါဆိုလည်း သွားမယ်နော် ဖေဖေ" တဲ့။

ဆောင့်ကန်ပစ်ချင်တာ လွန်ရော။ ကြားလို့မှကောင်းရဲ့ လားဗျာ။ သူ့လိုခုနစ်အို၊ ရှစ်အိုကြီးက ကျုပ်တို့လင်မယားကို ကန်တော့မလို့တဲ့။ သွားခါနီး "ဖေဖေ" လို့အော့နှလုံး မနာနာအောင် အဆစ်ခေါ်သွားလိုက်သေးတယ်။ သူကဖေဖေ တစ်ခါခေါ်တိုင်း ကျုပ်က တစ်ခါရင်နင့်။ ဖူးစာလေ ဖူးစာ။

လူတွေပါးသွားတဲ့အချိန်ရောက်တော့မှ ကျုပ်မိန်းမက ဘယ်ချောင်ကမှန်းမသိဘူး ထွက်လာတယ်။

"ကျုပ်ပြန်ချင်ပြီတော့"

"အေးပါကွာ . . ငါလည်း. ."

ကျုပ်စကားက အဆုံးကိုမရောက်လိုက်ဘူး။ မဆုံးဆို ရွှေ



www.burmeseclassic.com

www.burmeseclassic.com



သမက်၊ ငွေသမက်တို့ မောင်နှံအနားရောက်ချလာတာကိုး။

"သမီး မေမေတို့ပြန်တော့မယ်ကွယ်၊ မေမေ ခေါင်းနည်းနည်း . . . ."

"အာ မေမေကလည်း အမှတ်တရ ဓာတ်ပုံလေး ဘာလေး ပျော်ပျော်ပါးပါး ရိုက်ပြီးမှပြန်ကြပေါ့"

"ဘာကွဲ့၊ ပျော်ပျော်ပါးပါး၊ အမှတ်တရ ဓာတ်ပုံရိုက်ဦးမလို့"

"အေးလေ အတီး"

ဟီးခနဲ ရယ်နေတဲ့ သမက်ရဲ့ မိတ်ကပ်ပျက်တစ်ဝက် ကွက်တစ်ဝက် ခုနစ်အို၊ ရှစ်အို မျက်နှာကြီးကို အော်ဂလီဆန်လို့ထင်ရဲ့ ကျုပ်မိန်းမမျက်နှာကြီးက ရှုံ့မဲ့နေတယ်။ ခုထ အန်တော့မယ့်အတိုင်း။

"အမှတ်ရနေ ပြီးသားပါကွယ်၊ ခေါင်းနောက်နေလို့ပြန်တော့မယ်၊ လာ . . . ယောက်ျား"

ပြောပြောဆိုဆို ကျုပ်မိန်းမက ကျုပ်လက်ကိုခပ်သွက်သွက် ဆွဲခေါ်တယ်။ ဒါကိုပဲ သမက်ကြီးက. . . .

"နေ နေဦးလေ၊ 'မိန်းမ'တားဦးလေ၊ မိဘတွေကို မကန်တော့ရသေးဘူး၊ အမှတ်တရဓာတ်ပုံလည်း မရိုက်ရသေးဘူး၊ နေပါဦး . . . . မေမေ"

ကျုပ်တို့လင်မယားဟာ တစ်ယောက်လက်တစ်ယောက် ကျစ်နေအောင်တွဲပြီး အပြေးတပိုင်း ကားဆီခပ်သုတ်သုတ်ပြေးရတယ်။ အော့နှလုံးနာလွန်းလို့။

ဒါတောင် ကျေးဇူးရှင်က နောက်ကနေ "ဖေဖေ"၊ "မေမေ"နဲ့ တကြော်ကြော် လိုက်အော်တုန်း။ သူ့အကန်တော့လည်း မခံရဲပါဘူး။ တော်ကြာ ငရဲကြီးနေမှ ဒုက္ခ။

ကားပေါ်ရောက်တော့. . . မျက်စိမျက်နှာပျက်နေတဲ့ ကျုပ်ကို ကျုပ်မိန်းမက နှစ်သိမ့်တယ်။






"တရားနဲ့ပဲဖြေပါ ဖေကြီးရယ်" တဲ့။

သူပြောတဲ့စကားက အသုဘမှာသုံးတဲ့ အသုံးအနှုန်းကြီး၊ ဒါပေမယ့် ကျုပ်ခေါင်းညိတ်ပြဖြစ်တယ်။ နှာသြာ် ဖူးစာပါနေမှတော့လည်း. . . .။

အဲဒီညကတော့ ကျုပ်တို့လင်မယား အစားအသောက်တွေ ပျက်ပြီး အိပ်မပျော်လို့ အိပ်ဆေးသောက်အိပ်ရတယ်။ သမက် မျက်နှာကြီး ပြန်မြင်နေလို့။

www.burmeseclassic.com

www.burmeseclassic.com






# ရယ်နှင့်ပါသနာ

ကျွန်တော်တို့ ဘော်ဒါတွေထဲမှာ မဲကြီးဆိုတဲ့ကောင် တစ်ကောင်ရှိပါတယ်။ နာမည်ကြားရုံနဲ့လူက အသားဘယ်လောက်မည်းမယ်ဆိုတာ တွေးသာကြည့်တော့ နာမည်နဲ့လိုက်အောင်မည်းတဲ့ မဲကြီးခမျာ ရည်းစားသနာလည်းမထားဖူးရှာပါဘူး။

ဒီတော့ကျွန်တော်တို့ ဘော်ဒါတစ်စုက သူ့ကိုရည်းစား ထားဖူးသည့်ရှိအောင် ဝိုင်းဝန်းကြံစည်ပေးရင်းနဲ့ မဲကြီးမှာ ဂုဏ်ရည်တူလို့ဆိုရတာက ဒီကောင့်ကောင်မလေးကလည်း ဒီကောင့်လို အသားက မည်းသည်းပြီး ပြာတူးနေတာမို့ပါ။ အဲ . . . သူမရဲ့ ငယ်နာမည်ကတော့ 'အာလူး' . . . ပါတဲ့။ ကျောင်း နာမည်ကတော့ မည်းပြာနေတဲ့ အသားအရေနဲ့အလိုက် 'ကြည်ပြာ' လို့ဆိုပါတယ်။ သူမက မဲကြီးလိုပဲ အသက်က သုံးဆယ်မရှိတရှိ။ အဲ . . . မဲကြီးလိုပါပဲ ရည်းစားကလည်း ဒီအရွယ်ကြီးကျမှ အမြီးပေါက်တာ။

ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် ချစ်လိုက်ကြတာများ တုန်လို့။ ခဏခဏချိန်းကြတိုင်း နှစ်ယောက်သားလိမ်းလာလိုက်ကြတာကလည်း ဖုန် . . လို့။ ထားတော့ ကျွန်တော်တို့ရဲ့ မဲကြီးက ခေတ်မီတဲ့ ကောင်တအားဖြစ်ချင်တာ။ အမြဲတမ်း အသက်နှစ်ဆယ်မကျော်

www.burmeseclassic.com



တဲ့ ကျွန်တော်တို့နဲ့ ပေါင်းဖြစ်နေတာပဲ ကြည့်။ ကျွန်တော်တို့အဖွဲ့က ဘယ်သူမေးမေး 'အသက်နှစ်ဆယ်' ပဲ။ အားလုံးက အသက်နှစ်ဆယ် ဒီဘက်ကို မထည့်တွက်ခဲ့တာ ခုနှစ်နှစ် ရှစ်နှစ်လောက်စီရှိကြပြီဆို ပေမယ့် မဲကြီးတစ်ယောက်ကတော့ အသက်အမှန်ဖြစ်တဲ့ နှစ်ဆယ့်ကိုး ကျော်ကျော်ကို အမှန်အတိုင်း ပြောတတ်ပါတယ်။ နောက်ဆက်တွဲက တော့ . . .

"ငါ့အသက်က . . . ငယ်သေးတယ်ကွ၊ နိုင်ငံခြားမှာဆို အသက်လေးဆယ်မှာမှ ဘဝစကြတာ ဒီတော့ ပြာလေးနဲ့လည်း လေးဆယ်မှပဲ . . . အိမ်ထောင်ပြုကြဖို့ ဆုံးဖြတ်ထားတယ်"

ကြည့် . . . ခေါ်တာကိုက 'ပြာလေး'တဲ့။ ဟိုကလည်း သူ့ကို ပြန်ခေါ်ရှာပါတယ်။ 'ကိုလင်း' တဲ့ . . . မည်းသည်းနေတဲ့ ကောင်ကို များ 'ကိုလင်း' တဲ့။ ခေါ်ပုံ အေးလေ . . . ဒီကောင့် နာမည်ကိုက 'လင်းနိုင်' ကိုး။ သူ့ဘာသာသူ လင်းတာ မလင်းတာတော့ မသိဘူး။ ကောင်မလေးကတော့ 'ကိုလင်း' ပဲ။

ဒီလို ဂုဏ်ရည်တူ ချစ်သူနှစ်ယောက်ကို ကျွန်တော်တို့ အုပ်စု က ချစ်သူဘဝကနေ တစ်ဆင့်တက် အိမ်ထောင်လေး ဘာလေးပြုဖို့ ဝိုင်းဝန်းဆော်ဩကြတာပေါ့။ (ဒုက္ခရောက်ရင်လည်း သူအရင်ရောက် အောင် ဆိုပြီးတော့) ခက်တာက နှစ်ယောက်စလုံးက 'အသက် လေးဆယ်မှ ဘဝစကြမှာ' လို့ချည်းပဲဆိုနေကြတော့။ ရိုးတာကလည်း အင်မတန် ရိုးတာ။ ရိုးပင်ရိုးသော်ငြားလည်း ရည်းစားချိန်းတဲ့နေရာ မှာတော့ စံချိန်တင်တယ်။ တစ်ခါတစ်ခါ ချိန်းလိုက်ရင် အကြာကြီး စိုးရိမ်ရ လောက်အောင်ကို ကြာတာ . . အဟုတ်။

ဒီတော့ ဘော်ဒါတစ်သိုက်ကလည်း စိုးရိမ်စိတ်အပြည့်နဲ့ လိုက်ချောင်း အဲလေ . . . လိုက်လေ့လာကြတာပ။ ဘာသိ ဘာသာ လေ့လာကြည့်တော့ လားလားလား . . . ဆရာသမားတို့အတွဲက





သမီးရည်းစားချိန်းနေကြတာတဲ့ဗျာ . . တစ်ယောက်နဲ့ တစ်ယောက် က အဝေးကြီး။ ဆရာသမားကလည်း စမ်းချောင်းဘေးမှာ ငါးထိုင် များလို့။ ဆရာမကြီးကလည်း ဇာထိုးပန်းထိုး လုပ်နေလေရဲ့ . . . တစ်ယောက် တစ်နေရာစီ။

မကျေနပ်ကြလို့ ဘော်ဒါတစ်သိုက် နောက်နေ့တွေ နောက် နေ့တွေ လိုက်ချောင်း(အဲလေ) လိုက်လေ့လာကြတော့လည်း ဒီအတိုင်း ပဲ . . . ရောက်ကတည်းက တစ်ယောက် တစ်နေရာစီထိုင်လိုက်ကြ တာ . . . ပြန်တဲ့အထိ။ သကောင့်သားကလည်း ငါးဟင်းစားနှစ် ကောင်သုံးကောင်ရ။ ကြည်ပြာကလည်း ဇာထိုးပန်းထိုးအတော်လေး ပြီး။ တစ်ယောက်နဲ့ တစ်ယောက်ဝေးဝေး တစ်ခါစကားလေးဘာလေး လှမ်းအော်ပြော။ သကောင်သားကလည်း ငါးများတာ ပျက်မှာစိုးလို့ ထင်ရဲ့။ စကားသိပ်မပြောဘူး။ ပြောပြန်ရင်လည်း အော်ပြောမှကြား မယ့် ကိန်းကိုး။ အော်ပြောပြန်ရင်လည်း ငါးကရမှာ မဟုတ်ဘူး။ အဲဒီပုံစံနဲ့ ရက်တွေကြာလာတော့ ဘော်ဒါတွေ ခေါင်းချင်းဆိုင် တိုင်ပင်ရတော့တယ်။ ဒီအတိုင်းသာဆို သူတို့ပြောပြောနေတဲ့ အသက်လေးဆယ်မှာတောင်မှ ငါးကလေးများလိုက် ဝေစုခွဲပြီး နှစ်ယောက်သားချက်စားလိုက်နဲ့ အကုသိုလ်တွေများကုန်ရင် နောင် သံသရာ အတွက်လည်း မကောင်းဘူး မဟုတ်လား။

ဒီလိုနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မဲကြီးတစ်ယောက်အသက် တစ်နှစ်ကြီးလာပြန်တယ်။ တစ်နေ့မှာ ကျွန်တော်တို့ ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ကို မဲကြီးတစ်ယောက် ငိုက်စိုက် ငိုက်စိုက်နဲ့ ရောက်လာတယ်။ မျက်နှာလည်း မကောင်းဘူး။ ဘော်ဒါတွေ ဝိုင်းမေးကြတော့မှ ခေါင်းကြီးငုံ့ပြီး ဆရာသမားက . . .

"ငါ . . . ငါ့ကို 'ပြာလေး' စိတ်ဆိုးသွားတယ်"

"ဘယ်တုန်းကလဲ"

"မနေ့က"

"ဘာဖြစ်လို့ စိတ်ဆိုးသွားတာလဲ"

ဘော်ဒါတစ်ယောက်ရဲ့ ခပ်သွက်သွက်အမေးကြောင့် . . . မဲလေးခေါင်းကြီး ငုံ့သွားရှာတယ်။ အကြာကြီးနေပြီးတော့မှ . . .

"ငါ . . . ငါညှစ်တာ လက်လွန်သွားလို့"

"ဟေ"

ကျွန်တော်တို့ ဘော်ဒါတွေ အကုန်လုံးမဲကြီးစကားကြောင့် မျက်လုံးတွေပြူးကုန်ကြတော့တယ်။





"တကယ်တော့ ငါက မညှစ်ချင်ပါဘူး။ ဒါပေမယ့် မညှစ်ဘဲလည်း ငါမနေနိုင်ဘူး၊ သူကလည်း ညှစ်ခိုင်းတာကိုး"

"ပြဿနာပဲ . . . ဆက်ပြော၊ ဆက်ပြော"

ဘော်ဒါတစ်ယောက်က ပြောင်ချော်ချော်နဲ့ဝင်ထောက်ပေးတယ်။ ကျန်တဲ့ဘော်ဒါတွေကလည်း ရည်းစားနဲ့ စိတ်မဆိုးစဖူး စိတ်ဆိုးလာတဲ့ မဲကြီး . . . ဘာများ ဆက်ပြောမလဲလို့ နားစွင့်နေကြတယ်။

"ငါက သီချင်းနဲ့ TV ကြော်ငြာထဲကလို 'ညှစ်ဖို့ ညှစ်ဖို့ လုံးဝမလို' လို့ အရိပ်ပြပြီး ဆိုပါသေးတယ်"

"အဲဒီတော့ . . ."

သူက . . .

"ဒီအသီးအတိုင်းကြီးပဲ ထားလိုက်ရမှာလား . . ဟိုက်"

လို့ ပြန်ဆိုတယ် . . . .။

"TV ကြော်ငြာထဲက အက်ရှင်တွေပါ ပါလာပြီ။ ဆက်ပြော"

"ငါက ညှစ်ဖို့ ညှစ်ဖို့ အားမရှိတော့"

လို့ ဆိုကြည့်သေးတယ်။

သူက . . . သူကလည်း မျက်လုံး ကလည်ကလည်နဲ့ . .

"ဒီအသီးတိုင်းကြီးပဲ ထားလိုက်ရမှာလား . . . ဟိုက် . . လို့" ဆိုတော့ . . .

"မင်းက တအားညှစ်လိုက်ရောလား၊ လည်ပင်းကို လည်ပင်းကို"

ဘော်ဒါတစ်ယောက်က သူထင်ရာမြင်ရာ ဆွဲတွေးရင်း လည်ပင်းကို ပွတ်လို့ အမေးမှာ မဲကြီးက . . 'ဟင့်အင်း' လို့ ခေါင်းခါတယ်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"မျက်ရည်တောင်စို့ပြီး 'ဟီး' ခနဲ ငိုချတာဆိုတော့ ငါလက်လွန်သွားပြီဆိုတာ သိလိုက်တယ်။ ဒါပေမယ့် ဟင့်ဟင့် . . . ဒါပေမယ့် သူက တမင် တအားညှစ်တာထင်ပြီး စိတ် . . . စိတ်ဆိုးသွားတယ်။ တော်! ဝက်ခြံမြင်ရင် အင်မတန်ညှစ်ပေးချင်တဲ့ ဝါသနာကို ငါကလည်း မစွန့်လွှတ်နိုင်ဘူး။ မင်းတို့လည်း သိတဲ့အတိုင်းပဲလေ . . . ငါကမညှစ်ရင် မနေနိုင်တာကလွဲလို့ . . .။ အခုတော့ 'ပြာလေး' စိတ်အရမ်း . . ဟမ်းဟမ်း ဆိုးနေပြီ။ ဟင့် . . . ဟင့် တော်တော့်ကို နာသွားဟန်တူတယ်။ ငါကလည်းငါ အညှစ်ကြမ်းတာကိုး"

မဲကြီး၏ စကားအဆုံးမှာ 'ဒါများကွာ' ဟုဆိုရင်း အားလုံး သက်ပြင်းကိုယ်စီချဖြစ်ကြသည်။



မှန်၏။ လူတစ်ကိုယ် ဝါသနာတစ်မျိုးတည်း။ အချို့ကား သန်းရှာအင်မတန် ဝါသနာပါ၏။ အချို့ကလည်း သွားကြားထိုး ဝါသနာပါ၏။ အချို့ကလည်း အစအနောက် ဝါသနာပါ၏။ အတင်းပြော ဝါသနာပါ၏။ အားကစား . . . လောင်းကစား . . စသဖြင့် ဝါသနာစုံ၏။

ကျွန်တော်တို့၏ မဲကြီးခမျာသည်လည်း ဝက်ခြံမှည့်မြင်လျှင် ညှစ်ဘဲမနေနိုင်သူတည်း။ ကျွန်တော်တို့ ဘော်ဒါများထဲတွင် တစ်ယောက်ယောက် ဝက်ခြံပေါက်လို့ကတော့ သူအင်မတန် ဝမ်းသာသည်။

"ဟကောင် . . . မင်းဝက်ခြံမှည့်လာရင် ငါ့မမေ့နဲ့နော်"

ထိုသို့ စရုံသတ်ကာ ဝါသနာကိုရှေ့ထား အားပါးတရညှစ်သူ တည်း။

ညင်ညင်သာသာ . . . ညှစ်သည်မဟုတ် . . . အားရပါးရ ညှစ်ရမှ ရှုံ့မဲ့သွားအောင် ညှစ်လိုက်ရမှ ကျေနပ်သူတည်း။

စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(သင်ရော . . ထိုသို့သော ဝါသနာရှင်ကို တွေ့ဖူးပါသလား . . . မယုံမရှိလေနှင့် မိတ်ဆွေ . . . ရှိ၏။)

မဲကြီးခမျာ စိတ်ညစ်ရရှာလေပြီ။ သူကိုယ်တိုင်ကလည်း အညစ်ကြမ်းသည်ကိုး။ ထိုအချိန်တွင် လမ်းပေါ်၌ နေညိုချိန်မို့ ရေချိန် ကိုက်လာဟန်တူသော နှာခေါင်းတိုနှင့် ကိုဟဂ္ဂာ တစ်ယောက်၏ သီချင်းသံမှာကား . . .။

"ညှစ်နိုင်တဲ့တူတွေ၊ ညှစ်ကြပါ ညှစ်ကြပါ ညှစ်ပိုင်ခွင့် မညှိ တော့ . . ."

BURMESE CLASSIC .com

မှတ်ချက်

ကျွန်တော်တို့ဆီမှ နေလူမျိုးများကတော့ ဝက်ခြံတို ဝက်ခြံသီးဟုခေါ်ကြပါသည်။ ထို့ကြောင့် 'ဒီအသီးတိုင်းကြီးပဲ' ဟု သုံးလိုက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






# ကျွတ်ထိုက်သသူ

ပထမအကြိမ် ကျုပ်ကြီးတော်ကြီးရိပ်သာဝင်တော့ ကျုပ်တို့တစ်မျိုးလုံး အံ့အားတွေသင့်လို့ပေါ့။ ကျုပ်တို့ကြီးတော်က တော်တန်ရုံခွဲနိုင်တာမှ မဟုတ်တာ။

ကျုပ်တို့ကြီးတော်ရဲ့ ယောက်ျားက ညနေညနေ နေညိုရင်လေပြုနေကျ။ သူ့ယောက်ျားနဲ့အပြိုင် တို့ကြီးတော်ကတော့ 'နေညိုရင်မေဆိုချင်' လို့ပြောရမလားပဲ။

သူ့ယောက်ျားလေပြုလို့ လစ်ပြီဆိုတာနဲ့ ကျုပ်တို့ ကြီးတော်က အိမ်ရှေ့ခန်းထဲက တီဗွီရှေ့ရောက်ပြီးသားပဲ။ ကာရာအိုကေစက်ဖွင့်တဲ့ပြီးတော့ ဟဲလိုက်တာ မိုနိုရော၊ စတီရီယိုရော စုံလို့။ ခေတ်ပေါ်၊ ခေတ်နှောင်း၊ ခေတ်ဟောင်းတေးမှန်သမျှ အကုန်ရ။ အသက်တာသာခြောက်ဆယ်နားကပ်လာတယ်၊ ဒီဘက်ခေတ် Bambino အဖွဲ့ရဲ့သီချင်းလား လာခဲ့၊ မယ်လိုဒီရော၊ ရက်(ပ်)ပါ တစ်ယောက်တည်းဟဲပြလိမ့်မယ်။ သူ့သမီးတွေနဲ့ အပြိုင်။ ဘီးစပတ်ကြိုးပတ်ပြီး ရင်ဖုံးအကျီဝတ်ကုတ်တဲ့ ကျုပ်တို့ကြီးတော်ကသီချင်းဆိုရင် ဆာဘီကိုတိုတိုဝတ်ပြီးဟဲရမှ . . .

စဉ်းစားကြည့်လေ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် Hip Hop သီချင်းဟဲနေတဲ့ ကြီးတော်ရဲ့ပုံစံက ဘီးစပတ်ကြီးနဲ့ ရှင်ဖုံးအင်္ကျီကြီးဝတ်ပြီး ထဘီတိုတိုနဲ့ဆိုတော့ ဘယ်လိုမှကို မအပ်စပ်ဘူး။ Hip Hop သီချင်းဆိုတာကလည်း ငြိမ်ငြိမ်လေးဆိုလို့ရတဲ့ သီချင်းမှမဟုတ်တာ မူ(ဒ်)သာ ဝင်လာလို့ကတော့ မပြောတော့ဘူး သိတဲ့အတိုင်းပဲ။

အဲ . . ဟိုဘက် သူတို့ခေတ်က သီချင်းတွေထဲက ဥပမာ 'ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင်' ဆိုပါတော့ အဲဒီလို သီချင်းမျိုးကျပြန်တော့ ကြီးတော်ရဲ့ မူ(ဒ်)က အောက်ကို Change သွားရော။ မျက်ရည်လေးစမ်းစမ်း စမ်းစမ်း မေးလေး ရမ်းတမ်းရမ်းတမ်းနဲ့ ဆိုသွားလိုက်တာများ အဆွေးဓာတ်ခံရှိတဲ့လူများ နားထောင်မိရင် မျက်ရည်တွေသွန်ချသလိုကို ကျသွားနိုင်တယ်။

အဲဒီလို စွယ်စုံရအဆိုရှင် ကျုပ်တို့ကြီးတော်က နေညိုချိန်ထဲက Non-Stop ဟဲလိုက်တာ ခြောက်နာရီခွဲအတိမှာဆိုနေကျ အပိတ်သီချင်းနဲ့ သူရဲ့ One Lady Show ကို တိခနဲရပ်တတ်တယ်။

အပိတ်သီချင်းကလား။

'ဂိုးသွင်းကောင်းတဲ့တို့ကိုကို'။ သူယောက်ျားက ဒီမြို့နယ်ရဲ့ မြို့နယ်လက်ရွေးစင်တိုက်စစ်မှူးဟောင်းကြီးကိုး။ ဒီတော့ ငယ်စဉ်က အားပေးခဲ့သလိုမျိုး၊ ဆိုပေးခဲ့ဖူးသလိုမျိုး အပီအပြင်ကို ဟဲပြီးမှ One Lady Show ကို သစ္စာရှိရှိအဆုံးသတ်တာ။

အဆုံးသတ်တယ်ဆိုပေမယ့်လည်း မဆိုနိုင်တော့လို့ ပင်ပန်းသွားလို့တော့မထင်နဲ့ သမီးတွေ၊ သားတွေကို အလှည့်ပေးရမှာမို့ မိုက်ကို မလွှတ်ချင်လွှတ်ချင်နဲ့ လွှတ်ရတာရယ်။ သားသမီးတွေကလည်း မအေဆီက အနုပညာအမွေကို အပြည့်အဝကိုရထားတာ ဆိုကြပေရော။ သားနဲ့သမီးနဲ့ကလည်း ခုနစ်နာရီ ကိုရီးယားဇာတ်လမ်းတွဲ မလာမချင်း။





တအုံးအုံးတရုန်းရုန်းနဲ့ ဆူညံနေကျ ကျုပ်တို့ကြီးတော်ရဲ့ အိမ်ကမြို့စွန်မှာမို့ တော်သေးတယ်ဆိုရမယ်။ မြို့လယ်ခေါင်သာဆို 'ခဲမလောက်ဝိုင်း' ဖြစ်သွားလောက်တယ်။

ကိုရီးယားဇာတ်လမ်းတွဲ လာပြီဆိုတာနဲ့ မိုက်တွေသိမ်း၊ စက်တွေပိတ်၊ ခွေတွေသိမ်းပြီး ကြီးတော်တို့သားအမိ တီဗီရှေ့က မထတမ်း ဆက်အားပေးကြတယ်။ ကြီးတော်ကြီးကလည်း ခုနစ်နာရီကားထဲကဆို မကြိုက်တာကိုမရှိဘူး၊ အကုန်ကြိုက်။ တစ်ရက်ကလေးမှကို အလွတ်မခံဘူး။ အဲဒီလို အဖက်ဖက်က ဝါသနာပါတဲ့ကြီးတော်ကို နှစ်ရက်သုံးရက်ခရီး ဘုရားဖူးသွားဖို့ခေါ်။ ဘယ်သူခေါ်ခေါ် 'ဟင့်အင်း' ပဲ။ 'ဟင့်အင်း'မှာပေါ့။ ခုနစ်နာရီ ဇာတ်လမ်းတွဲလွတ်သွားမှာလည်းစိုး။ ညနေ ညနေခင်းကို မဟဲရမှာလည်း ကြောက်သေးတာကိုး။ လင်နဲ့သားသမီးကို ခွဲနိုင်တာတော့ မဟုတ်ဘူး။ အဲဒီလို အိမ်နဲ့လုံးလုံးမခွဲနိုင်တဲ့ ကြီးတော်။ ဆယ်ရက်တရားစခန်းဝင်မယ်ဆိုတော့ ပတ်ဝန်းကျင်ကရော၊ အမျိုးတွေကပါ အံ့အားသင့်ကြတာ ဆန်းတော့ မဆန်းဘူး။ တချို့ကလည်း အခုတလော ယောကျ်ားလုပ်တဲ့သူနဲ့ တကျက်ကျက်ရန်ဖြစ်လို့ ဝင်တာဆိုပြီး မှတ်ချက်ချတယ်။

"မင်း တရားစခန်းရောက်ပြီးမှတော့ အလကားမဖြစ်စေနဲ့နော် . . . ဆိုချင်၊ ကြည့်ချင်တဲ့ တဏှာတွေရအောင်ဖြတ်ခဲ့"

"တော် . . ပြောစရာမလိုဘူး တော်သာ အရက်ဖြတ်နိုင်အောင်ဖြတ် . . . တော်အရက်ပြတ်တဲ့နေ့ ကျုပ်သီချင်းမဆိုတဲ့နေ့ပဲ"

ကြီးတော်ကလည်း ခေတဲ့လူမှမဟုတ်တာ. . . သူယောကျ်ားရဲ့အညာကို အဲသလိုကိုင်တာ။ ဟိုကဘာသံမှကို မထွက်နိုင်တော့ဘူး။

"မင်း ရိပ်သာစဝင်တဲ့နေ့ကစပြီး ထွက်တဲ့နေ့အထိတော့ ဒီရပ်ကွက်က လူတွေနားချမ်းသာမှုရကြမှာ မြင်ယောင်သေးတယ်။ အော့ကြောလန်အသံကြီး ဆယ်ရက်မကြားရ ဆယ်ရက်သုခပဲနေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



သူယောက်ျားရဲ့ ခနဲ့တဲ့တဲ့ စကားကို ကြီးတော်ကြီးက အပြုံး တောင်မပျက်ဘူး။

"သီတင်းကျွတ်တို့၊ တန်ဆောင်တိုင်တို့ ရပ်ကွက်ပွဲတွေမှာ ကျုပ်သီချင်းဆိုတော့ နေ့စဉ်လိုက်လိုက်ပြီး အားပေးနေကျ ကျုပ် သူငယ်ချင်းတွေက 'ညည်း အခုထိ အသံမကျသေးဘူး'တဲ့၊ ခေတ် သီချင်းတွေလည်း ရတာပဲတဲ့။ ဒီနှစ် ရပ်ကွက်ပွဲတွေကျရင် အဖွင့် သီချင်းလေးဘာလေးတက်ဆိုပေးပါဦးတဲ့တော်ရေ။ တောင်းဆို ကြတာ တောင်းဆိုကြတာ အဟင်း . . ။ ကျုပ်လို ပရိသတ် အနိုင် အမာရှိတဲ့လူမျိုး တော်ရှာကြည့်လိုက်ဦး ရွာသာလည်သွားမယ် မတွေ့ ဘူးမှတ်"

သူ့ယောက်ျားမျက်နှာကြီး မဲ့သွားတာကို ကြီးတော်ကြီး မြင် တယ်။ ဒါပေမဲ့ ဟိုတုန်းကလို ကက်ကက်လန်နေအောင် မပြောတော့ ဘူး။

"မုန့်တွေဝယ်၊ ဘာတွေဝယ်နဲ့ ရိပ်သာသွားမယ့်ဟာကို ပျော်ပွဲစားပွဲထွက်မှာကျနေတာပဲ အပေါင်းအသင်းမက်လို့ မင်းသွား တာပါ။ တစ်ယောက်တည်းသာဆို မင်းမသွားပါဘူး"

ကြီးတော်ကို သူ့ယောက်ျားက စကားတိုက်စစ်ပြောင်းပြီး ပြုံးဖြီးဖြီးနဲ့နောက်တယ်။

– "ရိပ်သာသွားတာလည်း အပြစ်ပြောတဲ့လူကရှိသေးတယ်။ ဒီမယ်ကိုအတ္တာ တော် ညနေတိုင်းမူးမူးနေတာကို မမြင်ချင်လို့သွား မှာ။ ကဲ ရှင်းလား။ အိမ်မှာနေရင် တော့်ကိုကြည့်ရင်းနဲ့ အကုသိုလ် များလွန်းလို့ ဆယ်ရက်မမြင်ရလည်း၊ ဆယ်ရက်သုံခပဲ ဆိုပြီးတော့ သွားမှာ။ ဟိုမှာ တရားလေးဘာလေးမှတ်ရင်းနဲ့ ကုသိုလ်လည်းရ၊ တော့်မျက်နှာကို မမြင်ရတော့ စိတ်လည်းချမ်းသာ ကဲ ဘယ်လောက် ကောင်းသလဲ"





"အေးပါ အေးပါ ရိပ်သာရောက်ပြီးတော့မှ ငါ့လွမ်းလို့ဆိုပြီး တရားမှတ်သာ မပြတ်စေနဲ့"

"ဝေးပါသေးတယ်တော်၊ ကျုပ်က ခုနစ်နာရီ ဇာတ်လမ်း တွဲကြည့်ဖို့နဲ့ သီချင်းဆိုဖို့ကလွဲရင် သံယောဇဉ်ပြတ်နေပြီးသား"

သားသမီးနှစ်ယောက်နဲ့ တူ၊ တူမတွေကတော့ အဘိုးကြီး၊ အဘွားကြီး လင်မယား ရှက်ကိုးရှက်ကန်းကြီးတွေနဲ့ ငြင်းခုံနေတာ ကြည့်ရင်း တခွီးခွီးနဲ့။

ဒီလိုနဲ့ ရိပ်သာကိုသွားရမယ့်ရက်လည်း ရောက်ရော အဘွား ကြီးက ရိက္ခာယူတဲ့အနေနဲ့ သီချင်းလေးငါးပုဒ် ကမန်းကတန်း ဟဲ သေးတယ်။ ယောဂီဝတ်စုံကြီးနဲ့ ဘာတဲ့ 'လေးဆယ်ကျော် အချစ်' တို့ဘာတို့ နောက်ဆုံး အပိတ်သီချင်းကတော့ ထုံးစံအတိုင်းပါပဲ။ 'ကိုးသွင်းကောင်းတဲ့ တို့ကိုကို' ပေါ့ဗျာ။

နောက်တော့ သူ့ဘော်ဒါတွေ လာကြိုတဲ့ကားနဲ့ ယက်ကန် ယက်ကန်ကြီးပါသွားတယ်။ ဒီလိုနဲ့ ရိပ်သာဝင်ပြီး '၅' ရက်မြောက် နေ့ရောက်တော့ သူ့မမှမိတ်ဆွေတွေက ပထမဆုံးအကြိမ် ရိပ်သာ ဝင်တဲ့သူ့ကို အားလပ်ချိန်လေးမှာ မေးတယ်။

"အဆင်ပြေလား" ဘာညာပေါ့။

ကျုပ်ကြီးတော် ပြန်ဖြေလိုက်ပုံက သင်းတယ်။ ဘာတဲ့ 'အမလေး မမေးကြပါနဲ့ဟယ် စားလည်း တရားမှတ်၊ သွားလည်း တရားမှတ်၊ ထိုင်လည်းမှတ်၊ ထလည်းမှတ် တစ်မှတ်တည်း မှတ်နေရ တာ သေချင်စော်ကိုနံလို့။ အင်း . . ကိစ္စတော့ မရှိပါဘူးလေ၊ ဒီနေ့ပါ ဆို '၅' ရက်မြောက်ရှိနေပြီပဲ။ နောက်ငါးရက်ဆို ဒီ ဒုက္ခတလွတ်ပါပြီ' ဆိုပဲ။

သူ့မှာ တရားရိပ်သာလာပြီး တရားအလုပ်အားထုတ်နေရ တာကိုပဲ ဒုက္ခလို့မှတ်နေတာကိုး။ ပါးစပ်ကသာ ထုတ်မပြောဖြစ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ညနေဆို သီချင်းကလည်း ညည်းကြည့်ချင်သား။ TV ဇာတ်လမ်းတွဲတွေလည်း ဘာတွေဖြစ်ကုန်ကြပြီ မသိ။ ဒီညဆို ဟိုဇာတ်လမ်းတွဲ၊ နောက်ညဆို ဘာဇာတ်လမ်းတွဲဆိုပြီး မသိစိတ်အားကိုးနဲ့ ရက်တွက်တွက်မိနေတယ်။ ဒီလိုနဲ့ ဆယ်ရက်တရားစခန်းသာ ပြီးသွားတယ် ကျုပ်ကြီးတော်ကြီး တရားမယ်မယ်ရရ အားမထုတ်လိုက်ရဘူး။ ဒါပေသည့် တရားရသင့်သလောက်တော့ အနည်းအကျဉ်းရလာတယ်။

လောကကြီးမှာ အပျော်ဆုံးနေ့ သုံးနေ့ရှိတယ်လို့ ဆိုတယ် မဟုတ်လား။ ရှင်လိင်ပြန်တဲ့နေ့ရယ်။ ထောင်ကလွတ်တဲ့နေ့။ မင်္ဂလာဆောင်တဲ့နေ့ရယ်။ ကျုပ်တို့ကြီးတော်ကြီးလည်း ရိပ်သာကထွက်တဲ့နေ့က ပျော်လိုက်ချက်။ ဒါပေမယ့် သိက္ခာကြီး တစ်ခွဲသားနဲ့ တရားရပုံနဲ့ အပျော်ကို ဖုံးဖုံးဖိဖိတော့ရှိတယ်။ တရားကထွက်စ နှစ်ရက်သုံးရက် သူသီချင်းလုံးလုံး မဆိုဘူး။ အဲ ကိုရီးယားဇာတ်လမ်းတွဲတွေတော့ကြည့် တယ်။

နောက်တော့လည်း 'ပိုနေမြဲ ကျားနေမြဲ' ညနေ ညနေရောက်ရင် 'ဟဲ' တာပါပဲ။

တစ်ခုတော့ရှိတယ်။ နေ့လယ်ဘက်အားရင် အိမ်လည်ပြီး သန်းမတုပ်တော့၊ အတင်းမအုပ်တော့ဘူး။ တရားထိုင်တယ်။

အဲဒီလိုနဲ့ သိပ်မကြာပါဘူး။ ကျုပ်ကြီးတော်ကြီး ဒုတိယအကြိမ် တရားရိပ်သာဝင်ပြန်တယ်။ ဒီတစ်ခါတော့ ကြီးတော်ကြီးစိတ်ပါလက်ပါရှိပုံပါပဲ။

တစ်ရက်မှာ တရားဟော၊ တရားပြဆရာတော်က 'သောက' ဆိုတဲ့ခေါင်းစဉ်နဲ့ တရားဟောတယ်။ အဲဒီမှာဆရာတော်က ယောဂီများကိုအမေးရှိတာပေ့ါ။ 'ယောဂီများ သောက' ဘာကြောင့်ရသလဲပေ့ါ။





ယောဂီတွေက တစ်ယောက်တစ်ပေါက်ဖြေကြတယ်။ တချို့က 'ခန္ဓာ' ရှိလို့ ခန္ဓာကြောင့်၊ အဲ တချို့က 'တဏှာ' ရှိလို့၊ တချို့ကျပြန်တော့ 'မောဟကြောင့်'၊ 'သံယောဇဉ်ကြောင့်' စသဖြင့် အမျိုးမျိုး လျှောက်ကြတယ်။ အဲ ကျုပ်တို့ ကြီးတော်ကြီးကတော့ အဲဒီလိုဟုတ်ပေါင်။ သူသိသလို ခပ်တည်တည်နဲ့ လျှောက်လိုက်တယ်။ သူ့ရဲ့ လျှောက်တင်သံက နည်းနည်းကျယ်တော့ ယောဂီတော်တော်များများက ရှင်းရှင်းလင်းလင်းကြားတယ်။ အဲဒီမှာ 'ဝါး' ခနဲ ပွဲကျသွားရော။


ဘာတဲ့ ကျုပ်ကြီးတော် လျှောက်လိုက်ပုံက 'အိမ်ကဟာကြီးကြောင့်ပါ ဘုရား' ဆိုပဲ။ ဘယ်လိုတွေးတော ဆင်ခြင်လိုက်တယ်မသိဘူး။ ကျုပ်ကြီးတော်ကြီး တရားရပုံများပြောပါတယ်။

သူသောကရတာ အိမ်ကဟာကြီးကြောင့်တဲ့။

ပြတ်ကရော . . .

www.burmeseclassic.com

www.burmeseclassic.com






## တစ်ကြိမ်မှမရှိတဲ့ကလေး

တစ်နေ့သ၌ ကျွန်ုပ်၏ 'မကြောက်နဲ့နော်' ဂေဟာသို့ လကမ္ဘာသို့ပင် အိပ်စပို့လုပ်နေရသော ကပ်သီးကပ်သပ်ဂျာနယ်မှ ဂျာနယ်လစ်ကန်မလေး (အဲလေယောင်လို့) အင်တာဗျူးမလေး တစ်ယောက်ပေါက်ချလာလေသည်။ ၄င်းနှင့်အတူ အသားဖြူဖြူနှင့် ဓာတ်ပုံဆရာမတစ်ယောက်လည်း အတူပါလာ၏။ ကျွန်ုပ်၏ 'မကြောက်နဲ့နော်' ဂေဟာသို့ မကြောက်မရွံ့ ရောက်လာသော အနှီ ညှော်သည်နှစ်ယောက်ကို ကျွန်ုပ်၏ဘော်ဒီဂတ် လင်ဆေးလိုဟန့်မှ ဧည့်ခန်းဝယ်နေရာချထားကြောင်း ကျွန်ုပ်၏ စက္ကူထရီဘီယွန့်ဗ်က တင်ပြလာသည်။ သို့နှင့် ရေးလက်စ 'သိမ့်သိမ့်တုန် ငြိမ့်ငြိမ့်ခုန်' ဟူသော မဟာဒယားတက်ကျမ်းကို အသာထားလျှက် ဧည့်ခန်းသို့ ခန့်ညားသော ခြေလှမ်းများဖြင့် ဆင်းခဲ့ရတော့သည်။

အချိန်တိကျသော ကပ်သီးကပ်သပ်ဂျာနယ်မှ ဂျာနယ် အင်တာဗျူးမလေး ချဲ့အွန်ပေါနှင့် ဓာတ်ပုံဆရာမ လီယောင်ကွေး တို့ကား ကျွန်ုပ်ဧည့်ခန်းထဲသို့ဝင်လာသည်နှင့် ဆီးကြိုနှုတ်ဆက်ကြသည်။

'အညာဆီယိုပါဆရာ၊ ဆရာ့ကို ကြည့်ရတာ ကိုရီးယား မင်းသား အဲရိုက်တာရင်နဲ့နင်လား ငါလား ခန့်ညားတယ်နော်၊ ဓာတ်ပုံ



www.burmeseclassic.com

ထဲမှာ မြင်ဖူးတာထက်တောင် ပိုပြီးဖြောင့် . . . '

"နင်အသာနေဦး . . . ငါ့ဆရာကို အော်တိုအရင်ရေးခိုင်းလိုက်ဦးမယ်၊ ဆရာ . . . ပလိစ်(ဇ်)"

ချွဲအွန်ပေါ်မှာ လေပေါရှုံရှီသေး လီယောင်ကွေးက ဆတ်ခနဲကျွန်ုပ်အနားသို့ရောက်လာကာ အော်တိုစာအုပ်အငယ်နှင့် Boss ဘောလ်ပင်ကို ထိုး၍ပေးလေသည်။ ကျွန်ုပ်လည်း Heart ထိစိမ့်သောဟု 'အလန့်တကြားနှင့် . . . ဖွတ်' ဟု အော်တိုကို ခပ်သော့သော့ရေး၍ လက်မှတ်ထိုးပေးလိုက်၏။

ချွဲအွန်ပေါ်ကား သူ့ထက်ခြေတစ်လှမ်းဦးကာ လက်မှတ်ကို အရယူသွားသော လီယောင်ကွေးကို 'ဒိုင်း'ခနဲ မျက်စောင်းထိုးလေသည်။ ပြီး မိန့်မိန့်ကြီးထိုင်နေပြီးဖြစ်သော ကျွန်ုပ်ကို ဆတ်ခနဲ ပြုံးပြသည်။

"ကျွန်မက ချွဲအွန်ပေါ်ပါ ဆရာ၊ 'ကပ်သီး' ဂျာနယ်ရဲ့ Interviewer ပါ။ သူက . . ."

"ကျွန်မက ဓာတ်ပုံဆရာ လီယောင်ကွေးပါ ဆရာ၊ ဆရာ့ရဲ့ခန့်ညားတဲ့အမူအရာတွေမြင်ရတော့ ကျွန်မ အရမ်းကို ရိုက်ချင်နေပြီ၊ ပြောရင်းဆိုရင်းနဲ့ လက်တောင် အတော်ယားလာပြီ၊ ရိုက်ချင်နေတာ . . . ရိုက်ချင်နေတာ . . . အဟက်"

လက်ဝါးနှစ်ဖက်ကိုပွတ်ရင်း အင်္ကျီလက်မောင်းကို ကမန်းကတန်းတင်ကာ အားရပါးရကြီး ပြောချလိုက်မှုကြောင့် ကျွန်ုပ်ပါးများပင် ကျဉ်သွားရတော့သည်။ သူမပုံစံက ဓာတ်ပုံရိုက်မည့်ပုံ မပေါက်ဘဲ ဖိုက်တင် Play တော့မည့်ပုံပေါက်နေသည်ကိုး။

"ကဲ . . . ကဲ . . . ဆရာ့မှာလည်း အချိန်မရှိတော့ဘူးဆိုတော့ Interview ကို စလိုက်ရအောင်"

လေပေးလေယူ မဖြောင့်တဖြောင့်ဖြစ်နေသော ကျွန်ုပ်ကို





တစ်ချက် . . . သူမနှင့်ပါလာသော ဓာတ်ပုံဆရာမကို တစ်ချက်ရှုတည့်တည့်ကြည့်ကာဆိုသည်။ 'စကြတာပေါ့' ဟူ၍ ကျွန်ုပ်ပြောပြီးပြီးချင်းမှာပင် သူမကလွယ်ထားရာက ချွတ်ကာ ပေါင်ပေါ်တင်ထားသော စလင်းဘတ်အိတ်ထဲမှ နှုတ်ခမ်းနီဘူးကိုအဖုံးချွတ်ကာ နှစ်ချက်ခန့်ဝှေ့လိုက်သောအခါ နှုတ်ခမ်းနီတောင့်က ဆတ်ခနဲ အပေါ်ကို ထွက်လာသည်။ ၎င်းကို ချွဲအွန်ပေါ်က ကျွန်တော့်ရှေ့ဆီသို့ လက်ဆန့်တန်းကာ ကမ်းပြသည်။ ကျွန်ုပ်ရုတ်တရက် ဒေါသထွက်၍သွားသည်။ ဘယ်နှယ်လူကိုပဲ နှုတ်ခမ်းနီဘူးအဖုံးချွတ်ပြီး ကမ်းရတယ်လို့ . . . ငါ ဘာထင်လို့တုံးဟု . . .

"ဒါ ဘာလုပ်တာလဲ"

"အဟော် . . တစ်မျိုးမထင်ပါနဲ့ ဆရာ . . . ဒါ အသံဖမ်းစက်ပါ 3 in 1 ပေါ့။ ဘူးလက်ကိုင်ကို ဟောဒီလို တစ်ချက်ဝှေ့ရင် နှုတ်ခမ်းနီ၊ နှစ်ချက်ဝှေ့ရင် အသံဖမ်းစက် . . .၊ အဲ သုံးချက်ဝှေ့ရင်တော့ ပိုရှည်လာတယ် အင်း ဒါကတော့ . . ."

'ဒါကတော့' ဆိုပြီး သူမက ခေါင်းကိုကုတ်သည်။ ပြီးမှ . .

"ဒါကတော့ လေဆာဓာတ်မီးပါ ဆရာ"

ထိုအခါမှာ ကျွန်ုပ်လည်းအသက်ရှူရန်မေ့နေရာမှ သက်ပြင်းကို 'ဟင်း' ခနဲ ချဖြစ်သည်။ တော်ကြာ ထိုသုံးချက်ဝှေ့၍ ရှည်လာသော ထိုအရှည်သည် လူသတ်လက်နက်ဖြစ်နေပါက မခက်လား။

ထိုအတွေးဖြင့် ကျွန်ုပ်၏ဘော်ဒီဂတ် လင်ဆေးလိုဟန်ကို ဖျတ်ခနဲ လှမ်းကြည့်ဖြစ်သည်။ လင်ဆေးလိုဟန်က သူမ အသင့်ရှိနေကြောင်း မေးဆတ်ပြသည်။ စက္ကထရီမလေး ဘီယွန်နှ်(စ်)က . . .

"ဆရာ နောက်ထပ် တစ်နာရီမှာ လကမ္ဘာကို ဆရာ့ရဲ့ကိုယ်ပိုင်လေယာဉ်နဲ့ အပန်းဖြေသွားဖို့ရှိသေးတယ်နော်။ ကျွန်မ ဟိုကဇရပ်မှာ အဲလေ . . ယောင်လို့ လကမ္ဘာက Hotelကြီးမှာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အခန်းမှာထားပါတယ်။ လကမ္ဘာမှာ လည်ပတ်တဲ့အချိန်မှာ အဆင်ပြေအောင် ကမ္ဘာစကားနားလည်တဲ့ လူသားမလေးတစ်ယောက်ကို ဂိုက်အဖြစ်နဲ့ ငှားထားပေးပါတယ်။ ဒီတော့ ဒီအင်တာဗျူးကို နောက်နာရီဝက်အတွင်းနဲ့ အပြီးမသတ်နိုင်ရင် ဆရာ လကမ္ဘာကို မိုးမချုပ်ခင် မရောက်မှာစိုးရပါတယ်၊ အဲဒါ . . ."

'အိုကေ . . . အိုကေ . . . ရပါတယ် နဲ့ဗားမိုင်း၊ ကဲ-လက်စတတ်သည်ရှိုး-အဲလေ-လက်စတတ်သည်အင်တာဗျူး- အိုကေ'

ကျွန်ုပ် Let's start the interview! ok ဟု ဆိုလိုက်သည်နှင့် ချွဲအွန်ပေါက စောစောက နှုတ်ခမ်းနီတောင့်ကို ကျွန်ုပ်ထံသို့ စောစောကလိုဆန့်တန်းလိုက်သည်။ သက္ကရာဇ်နှစ်ထောင့်နှစ်ရာတွင် လျှပ်စစ်အသုံးအဆောင်တို့၏ အံ့မခန်း တိုးတက်မှုကို ဖျတ်ခနဲ တွေးဖြစ်ရင်း သူမဘာမေးမည်ကို အာရုံစိုက်မိ၏။ ချွဲအွန်ပေါက အင်တာဗျူးရန်အတွက် ပါးစပ်ကို ဟမည်ကြံတုန်း ကျွန်ုပ်၏ စက္ကထရီမလေး ဘီယွန့်(စ်)က . . .

"ခဏလေး၊ ခဏလေး၊ ရှင်တို့ဂျာနယ်က ဒီအင်တာဗျူးအတွက် နာရီဝက်စာ အင်တာဗျူးခနဲ့ ဓာတ်ပုံအရိုက်ခံခ လကမ္ဘာသုံးငွေ သုံးဆယ့်နှစ်ပိဿာကို ကျွန်မတို့ဆရာရဲ့ ငွေစာရင်းကိုင် ဂျင်ဆန်းဂွီရဲ့ဘဏ်စာအုပ်ထဲထည့်ပေးမယ်လို့ စာချုပ်ချုပ်ထားတယ်လေ"

"အေးလေ" အပြောကို ချွဲအွန်ပေါက 'အေးလေ'ဟု ခပ်ဆတ်ဆတ်ဆိုသည်။ ယင်းနောက် ဒေါသထွက်ဟန်ဖြင့် . . .

"အဲဒီလိုငွေလွှဲပေးလို့လည်းအင်တာဗျူးခံတာမဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ အခုထိ ဂျင်ဆန်းဂွီရဲ့ လက်ခံရရှိကြောင်း ဖုန်းမလာသေးဘူး။ သူက ငွေလက်ခံရရှိတာနဲ့ ဖုန်းဆက်လိုက်မယ်လို့ ပြောထားတာ"

"အို . . . ကျွန်မတို့ကလည်း ငွေလွှဲပြီးမှ လာဗျူးတာပါ။





ဒီခေတ်ကြီးမှာ ငွေမပေးရဘဲနဲ့ ဗျူးလို့ကောရလို့လား။ မေးလည်းမေးကြည့်ပါဦး . . . ရှင်တို့ဆရာကို ဖရီးဆိုရင်ကော ရမှာလားလို့"

"ဟာဗျာ၊ ဒီလိုကြီးမပြောပါနဲ့ဗျာ၊ ကျွန်တော်က အသပြာသမားမဟုတ်ပါဘူး . . . အနုပညာသမားပဲဥစ္စာ ဖရီးဆိုရင်လည်း ဘယ်သူသိတာမှတ်လို့။ လက်ခံမှာပေါ့ဗျ. . "

"ဟင့် . . ရှင်ပြောတဲ့ ပုံစံက. . . ကျွန်မတို့ကပဲ ဖရီးလာကစ်သလိုဖြစ်နေပြီ၊ တန်ရာတန်ကြေးပေးပြီးမှ ကစ် အဲလေ ဗျူးတာပါ"

"အာ. . ရှင်းမှရှုပ်ကုန်ပြီ ဖရီးဆိုရင်လည်းရတဲ့ အကြောင်း၊ လူသားဆန်တဲ့အကြောင်း ကျွန်တော်ကပြောချင်တာ. . . ၊ ခင်ဗျားတို့ကို ဖရီးကစ်တယ်လို့မဆိုပါဘူး၊ ကဲ. . ကဲ. . မဘီယွန်း(စ်) က. . "

ကျွန်ုပ်၏စကားမှမဆုံးသေး ဘီယွန်း(စ်)၏ ဖုန်းက 'တတုံတုံ' မြည်လာလေသည်။ 'ဟုတ်ကဲ့ သက္ကရာဇ်နှစ်ထောင့်နှစ်ရာတွင် ဟန်းဖုန်းများ၏ Typeမှာ များစွာဆန်းပြားလာ၏။ ထိုဖုန်းများအနက် ဘီယွန်း(စ်)ရွေးချယ်ထားသောဖုန်းမှ Ring Tone သံမှာ အုန်းမောင်းခေါက်သံ ဖြစ်၏။

"တုံတုံ. . . တုံတုံ. . . တုံတုံ. . . "

"စက္ကထရီဘီယွန်း(စ်) ဖုန်းလာနေတယ်လေ"

စက္ကထရီဘီယွန်း(စ်) ဖုန်းမကိုင်သေးဘဲ ဖုန်းကိုင်ရန် သတိပေးနေသော ကျွန်ုပ်ကို ဘာမှမကြားလိုက်သလို အူကြောင်ကြောင်ဖြစ်နေသည်။

"အာ . . . စက္ကထရီဘီယွန်း(စ်)၊ မင်းဘယ်လိုဖြစ်နေလဲ၊ ဖုန်းကိုင်ဦးလေ၊ ငွေစာရင်းကိုင် ဂျင်ဆန်းဂွီဆီကလား မသိဘူး၊ ရော် . . . လူကိုကြောင်ကြည့်နေပြန်ပြီ . . . ဖုန်းကိုင်လိုက်ဦး . . . လို့ ပြောနေတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကဖုန်းကိုင်ရမှာတုံး၊ ဘာတွေအိပ်မက်ယောင်နေလဲ မသိဘူး။ ထ ထ ကိုက်ကောင်း၊ ရှင်အိပ်ရာထနောက်ကျတာနဲ့ ကျုပ်ပဲပြုတ်ရောင်းနောက်ကျတော့မယ်၊ အုန်းမောင်းခေါက်သံတောင် မကြားဘူး . . . အိပ်နေလိုက်တာ . . .'

မိန်းမလုပ်သူ၏အသံစူးကြောင့် အိပ်ရာတလူးလဲထဖြစ်သည်။ အိပ်မက်ကောင်းနေတုန်း လာနှိုးသောမိန်းမလုပ်သူကို စိတ်ပျက်စွာကြည့်ဖြစ်သည်။

'တောက်! ကွာပါ။ အိပ်မက်ထဲက လင်ဆေးလိုဟန်တို့၊ ဘီယွန်း(စ်)တို့၊ ချဲအွန်ပေါတို့နဲ့များ ကွာပါ . . ကွာ' ဟု စိတ်မှာ တွေးနေတုန်း။

'ဘာအူကြောင်ကြောင်နဲ့ကြည့်နေတာတုံး . . သွား မျက်နှာသစ်ချေ . . .'

အင့်ခနဲ ဆောင့်အတွန်းခံလိုက်ရတော့မှ ပျင်းပျင်းနှင့် အိပ်ရာထဲမှ ထဖြစ်သည်။ ပဲပြုတ်ရောင်းသော မိန်းမကို ကားဂိတ်လိုက်ပို့ရင်း ဆိုက်ကားဂိတ်မှာ တုံကင်ချိတ်ရဦးမည်။ နောက် တစ်နေ







ကုန်အောင် ခြေထောက်ပြုတ်ဆွက်လုမတတ် နင်းရလိမ့်ဦးမည်။

'ဖျတ်' ဆိုတဲ့အိပ်မက်ထဲက အင်တာဗျူးခံလုဆဲဆဲဘဝကို သတိရသည်။

'တောက်!' အိပ်မက်နှယ်၊ ကြုံကြုံဖန်ဖန် . . .

www.burmeseclassic.com

www.burmeseclassic.com






# ဂါရပုံက ဆန်းတော့

ပွဲဈေးတန်း၏ အဝကို ရောက်ရောက်ချင်း 'နွှယ်လာပါစေ' ဟုဆုတောင်းမိသည်။ ဘေးမှာပါလာသော စိုင်းဆန်ဖက 'မင်းနဲ့ နွှယ်ကတော့လေ အရာရာနဲ့ အကြောင်းချည်းပဲ' ဟု ခပ်ဆောင့်ဆောင့် ရေရွတ်သည်။

တောင်ကြီး တန်ဆောင်တိုင် ပွဲတော်သည်ကား . . . နှစ်စဉ် စည်ကားသည်ထက် စည်ကားလာမြဲပင်ဖြစ်သည်။ တောင်ကြီး တန်ဆောင်တိုင်၏ မီးပုံးပျံလွှတ်ပြိုင်ပွဲကြီးကား ပြည်တွင်း ဧည့်သည်များကြား ကျော်ကြားသည်သာမက နိုင်ငံခြားဧည့်သည်များကြားမှာပင် ကျော်ကြားသော ကမ္ဘာကျော်ပွဲကြီးဖြစ်သည်။

မီးပုံးပျံပြိုင်ပွဲကြီးကို အကြမ်းဖျင်းအားဖြင့် နေ့ပြိုင်ပွဲနှင့် ညပြိုင်ပွဲဟူ၍ ခိုင်းခြားယှဉ်ပြိုင်သည်။ နေ့ခင်းဘက်၌ ယှဉ်ပြိုင်ကြသော မီးပုံးပျံမှာ ချစ်စရာတိရစ္ဆာန်တို့၏ ပုံသဏ္ဌာန်များဖြင့် ပြုလုပ်ထားသော မီးပုံးပျံဖြစ်သည်။ ဘဲ၊ ဝက်၊ ဆင်၊ ခို၊ ငှက်၊ ငါး စသည်ဖြင့် သတ္တဝါတော်တော်များများ၏ ပုံစံများဖြင့် တစ်ကောင်ချင်းအလိုက် သော်လည်းကောင်း၊ မိသားစု ပုံစံအလိုက်သော်လည်းကောင်း ယှဉ်ပြိုင်ကြသည်။ ကောင်းကင်ပြာပြာမှာ ပျံဝဲနေကြသော ချစ်စရာ

www.burmeseclassic.com



မီးပုံးပျံတို့ကား သတ္တဝါမျိုးစုံတို့ ကောင်းကင်မှာ လေဟုန်စီးနေကြသည့်အလား လှပသည်မို့ ကလေးသူငယ်များ အထူးနှစ်ခြိုက်သော အစီအစဉ်တစ်ခုပင် ဖြစ်သည်။

လူငယ်ပိုင်းနှင့် လူကြီးပိုင်းများနှစ်ခြိုက်ကြသော ညပိုင်းယှဉ်ပြိုင်မှုမှာ ညမီးကြီးကမီးပုံးပျံနှင့် စိန်နားပန်မီးပုံးပျံဟူ၍ နှစ်မျိုးရှိသည်။ ညမီးကြီးကား အချင်း ၇ ပေ၊ ၈ ပေခန့်ရှိသော မီးပုံးပျံကြီး၏ မီးဆိုင်းခေါ် အောက်ဆွဲမှာ ယမ်းမီးရှူးမီးပန်းတို့ကို စနစ်တကျ တပ်ဆင်ထားကာ သတ်မှတ်သော အမြင့်ပေမှာ ရောက်ရှိမှ ဆန်းသစ်လှပသော အမျိုးအမည်စုံလင်သော မီးရှူးမီးပန်းရောင်စုံတို့ကို ကောင်းကင်မှဆင့်ကာဆင့်ကာ ဖြာကျစေသော မီးပုံးပျံမျိုးဖြစ်သည်။ ထိုလှပသော မီးရှူးမီးပန်းတို့ ကောင်းကင်မှ ဖြာကျလာပုံကား ရင်သပ်ရှုမော အံ့သြဖွယ်၊ ကြည်နူးဖွယ်၊ စိတ်လှုပ်ရှားဖွယ်ကောင်းသည်မို့ ပြည်တွင်း ဧည့်သည်များရော နိုင်ငံခြားဧည့်သည်များပါ ကင်မရာ တဝင့်ဝင့်ဖြင့် အစဉ်မပြတ်မှတ်တမ်းတင်ကြရသည်ချည်း။ မီးဆိုင်းခေါ် အောက်ဆွဲယမ်းဆိုင်းမှ ထိုမီးရှူးမီးပန်းတို့၏ ယမ်းပိဿာချိန်ကား အနည်းဆုံးသုံးဆယ်ပိဿာကျော်ရှိကြသည်။

စိန်နားပန်မီးပုံပျံမှုကား မီးပုံးပျံ၏ကိုယ်ထည်နှင့် အောက်ဆွဲဆိုင်းတွင် ရောင်စုံမီးပုံးငယ်တို့ဖြင့် သရုပ်ပြပုံ၊ စာတန်း စသည်တို့ကို ချိတ်ဆွဲကာ ဖော်ပြလိုသောပုံသဏ္ဍာန်ကို မီးပုံးပျံမတက်မီ အစီအစဉ်တကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ချိတ်ဆွဲခြယ်မှုန်းပြရသော မီးပုံးပျံမျိုးဖြစ်သည်။ ကြော်ငြာ မီးပုံးပျံများကလည်း ကြားဝင်ပြသကြသည်။ ဥပမာ့ မီးပုံးပျံကိုယ်ထည်မှာ ရောင်စုံမီးပုံးလေးများဖြင့် 'သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇာဘာဏ်' ဆိုတာမျိုးကို 'Logo' နှင့်တကွ ဖော်ပြကာ ကြော်ငြာတတ်ကြသည်။

မီးပုံးပျံကိုယ်ထည်တွင် သာမက မီးဆိုင်းခေါ်မီးပုံးပျံ၏





အောက်ဆွဲတွင်လည်းစာတန်းများ၊ သရုပ်ဖော်ပုံသဏ္ဍာန်များဖြင့် ပုံဖော်ချိတ်ဆွဲထားသော မီးပုံးရောင်စုံတို့၏ အလှကလည်း ဆွဲဆောင်မှုရှိလှသည်။ မီးဆိုင်းတွင် စနစ်တကျ တပ်ဆင်ထားသော လေထီးပါဝင်သည့် မီးပုံးတို့ကို ယမ်းကြိုး(စနက်တံ)ဖြင့် ဆက်သွယ်ကာ ကောင်းကင်ပေါ်ရောက်မှ လေထီးမီးပုံးတို့ကို တစ်ခုချင်းစီခြွေချပြသပုံကလည်း ကောင်းကင်မှ ကြယ်ကြွေကျသည့်အလား လင်းလက်လှပလေသည်။ လေထီးပါဝင်သည်မို့ ကြယ်ကြွေသလို လျင်မြန်စွာ မြေပြင်ပေါ်ကျရောက်ခြင်းမျိုးမဟုတ်ဘဲ ဖြည်းဖြည်းနှင့်ငြိမ့်ငြိမ့် လှပစွာ ကျရောက်ခြင်းဖြစ်သည်။ မိုးကောင်းကင်တစ်ခုလုံးတစ်မှုပြည့်နှက်နေသော ရောင်စုံမီးပုံးငယ်တို့က မြေပြင်ပေါ်ဖြည်းဖြည်းခြင်းကျရောက်နေပုံက ဘယ်လိုမှ မေ့မရနိုင်သည်မို့ စိန်နားပန်မီးပုံးပျံသည်လည်း ပွဲတော်လာလူအများ၏ နှလုံးသားကို သိမ်းကြုံးဆွဲငင်ထားကာ မကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင်သည်ပဲ ဖြစ်သည်။

တက်လိုက်ဆင်းလိုက်ဖြစ်သော မြွေလိမ်မြွေကောက်လမ်းဘေးဝဲယာတစ်လျှောက် ဆိုင်ခန်းများကပြည့်ကျပ်နေသည်။

စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ကော်ဖီမစ်ကို ပရိုမိုးရှင်းလုပ်သည့်အနေဖြင့် ပျော်ရွှင်ဖွယ်ရာ ကံစမ်းမဲတို့ဖြင့် ဆွဲဆောင်ရောင်းချနေသော တံဆိပ်မျိုးစုံသော ကော်ဖီ Shop များ၊ Tea Shop များမှစ၍ တောင်သူဦးကြီးများအတွက် မြေသြဇာ ပိုးသတ်ဆေးများကိုရောင်းချသော ဆိုင်များ၊ ဒဏ်ကြေလိမ်းဆေး အရောင်းဆိုင်များ၊ အလှကုန်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာမွှေးစသော အရောင်းဆိုင်များအလယ်၊ အမျိုးသမီးလစဉ်သုံးပစ္စည်း အရောင်းဆိုင်အဆုံး အမျိုးအမည် စုံလင်လှသော ဆိုင်တန်းကြီး၏အရှည်က တစ်မိုင်ခွဲခန့်တော့ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းဆန်ဖကို ပခုံးဖက်ကာလျှောက်လာခဲ့ရင်း ချစ်သူဖြစ်သော 'နွယ်' ကိုသာ သတိရနေမိသည်။ ဥနာရီတိတိ၊ စူဋ္ဌာမုနိဘုရား၏ စနေထောင့်မှာစောင့်မည်ဟု မဝံ့မရဲ ချိန်းခဲ့သော်လည်း စိတ်ထဲကတော့ တထင့်ထင့်ပင်။ နေ့လယ်ခင်းက စိတ်ဆိုးသွားသည်လား . . . စိတ်ကောက်သွားသည်လား မကွဲပြားသော 'နွယ့်'ကို တကယ်လို့ရောက်လာခဲ့သည့်တိုင် မည်သို့ပြောဆို ရှင်းပြကာချော့မော့ရမည်မသိ။

ပွဲဈေးတန်းတစ်လျှောက် ကျပ်သိပ်နေသော လူတွေကြားထဲမှာ ပျော်သူတွေလည်းပျော်၊ အော်သူတွေလည်းအော် လူကျပ်တာကိုအခွင့်ကောင်းယူကာ တိုးသူကတိုးဖြင့် စည်ကားလှသောပွဲတော်၏အသက်ဝင်မှုက တစ်စထက်တစ်စ အရှိန်ရလာသည်။

ခိုက်ခိုက်တုန်အောင် ချမ်းလှသော ဆောင်းညနှင်းငွေ့တို့က တာဝန်ကျေစွာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဝေသီကာနေသည်။ အနွေးထည်ထူထူကြီးတွေထပ်ကာ၊ သားမွေးဦးထုပ်၊ လက်အိတ်စသည်တို့ဖြင့် အချမ်းဒဏ်ကို ကိုယ်စီကာကွယ်ကြရင်း ပြုံးပျော်နေကြသော လူတွေကြားမှာ 'နွယ်' ကို တွေ့လိုတွေ့ငြား သူရှာဖြစ်သေးသည်။

'နွယ်'။ 'လာမှာပါ ' ဟုကိုယ့်ကိုယ်ကိုယ်အားပေးရင်း လမ်း၏ညာဘက်ကို ကပ်လျက်ဘုရားကုန်းတော်ပေါ် စိုင်းဆန်ဖနှင့် နှစ်ယောက်သား ချီတက်ခဲ့ဖြစ်သည်။ လမ်း၏ညာဘက်ကား များသောအားဖြင့်ဘုရားကုန်းတော်ပေါ်မှဆင်းလာသူများအတွက်ဖြစ်သည်။ သတ်မှတ်ထားတာမဟုတ်သော်လည်း များသောအားဖြင့် ညာဘက်ကသွားမှ ဘုရားကုန်းတော်ဘက်ရောက်မှာဖြစ်ပြီး ဘယ်ဘက်ကပ်ထားလို့ကတော့ ပွဲဈေးတန်းဆီ လူအုပ်ကြီးနှင့် ညပ်ပါကာသွားမှာပဲဖြစ်သည်။ လူအုပ်ကြားထဲ ညပ်ပါသွားလို့ကတော့ တော်တော်





နှင့်ပြန်ရုန်းထွက်ရန်ခက်မည်။ ရှူးဖိနပ်မစီးလာခဲ့ဘဲ ညှပ်ဖိနပ်စီးလာလို့ကတော့ ကျွတ်လျှင် ဘယ်လိုမှပြန်ရှာတွေ့မည်မဟုတ်။ အဲသလောက်ထိတောင် လူကများသည်။

"ချမ်းလိုက်တာကွာ . . မင်းရဲ့ နွယ်က လာကောလာမှာလား"

အရိုးကွဲအောင်ကိုချမ်းစိမ့်နေသောအအေးဒဏ်ကို အကျီထူဖြင့်ကာကွယ်ထားသည့်ကြားက လေအဝေ့မှာနှင်းငွေ့တို့နှင့် ရိုက်ကာ စိမ့်ခနဲဖြစ်သွားသော စိုင်းဆန်ဖက မေးရိုက်သံဖြင့်မေးသည်။

"လာမှာပါ"

မသေချာသောလည်း ကိုယ့်ကိုယ်ကိုယ် အားပေးသည့်အနေနှင့်ရော စိုင်းဆန်ဖကိုနှစ်သိမ့်သည့်အနေနှင့်ရော ပြန်ပြောဖြစ်သည်။

စူဋ္ဌာမုနိဘုရားရင်ပြင်တော်ပေါ်မှာလည်း ဘုရားကုန်းပေါ်မှ ပွဲခင်းဆီလှမ်းကြည့်တော့ မီးရောင်စုံတို့ ထိန်ထိန်ညီးနေသော ပွဲဈေးတန်းက တစ်မျိုးတစ်ဘာသာလှပကာနေသည်။ ဘုရားရှိခိုးကာ စိုင်းဆန်ဖနှင့်နှစ်ယောက်သား စနေထောင့်၏ တစ်နေရာမှာ ထိုင်ဖြစ်ကြသည်။

"ဘယ်လိုဖြစ်တာလဲကွာ"

စိုင်းဆန်ဖက ထိုစကားကိုရှမ်းလိုမေးသည်။ သူ သက်ပြင်းကိုချမိသည်။ ဒီနေ့ နေ့လယ်က. . .

တောင်ကြီး၏အလှပဆုံး ရှုခင်းများထဲတွင် ဤရှုခင်းသာ View Point လည်းပါဝင်သည်။ နွယ်နှင့် နှစ်ယောက်သား ကြိုးဘဲတားပေါ်မှနေ မြွေလိမ်မြွေကောက် ကတ္တရာလမ်းပေါ် သွားနေကြသော ကားမျိုးစုံတို့ကိုကြည့်ရင်း လူရှင်းသော တစ်နေရာမှာ ထိုင်ကြရန် သူကပဲ အကြံပေးခဲ့တာဖြစ်သည်။ အရှက်အကြောက်အင်မတန်ကြီးမားသော သူ့လိုပင် နွယ်ကလည်း အရှက်အကြောက်



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ကြီးသည့်မို့ ဒီလိုပန်းခြံထဲမှာ နှစ်ယောက်တည်းလာကြဖို့ ဆိုတာခဲယဉ်းလှသည်။

တောင်ပေါ်မှနေ၍မြင်နေရသော တောင်အောက်ရှုခင်းများက သူရောနွယ့်ကိုပါလန်းဆန်းသွားစေသည်။ ကျောင်းတုန်းက ရယ်စရာတွေကိုပြန်လည်ပြောဖြစ်ကြရင်းက ရယ်မောနေသော နွယ့်ကိုကြည့်ကာ အကြံသမားဖြစ်သော နွယ့်ပါးပြင်လေးကိုနမ်းရန် ဉာဏ်နီဉာဏ်နက်မျိုးစုံသုံးကာ ကြိုးစားပမ်းစားဖြင့် နည်းလမ်းရှာခဲ့သည်။ အာဝဇ္ဇန်းရွှင်သော သူ့ဟာသများအောက်မှာ တဟီးဟီး တခွီးခွီးရယ်နေသော နွယ်က သူ့ရင်ခွင်ထဲ သူမတစ်ကိုယ်လုံးရောက်လုလု ဖြစ်နေတာကိုတောင် မေ့လျော့စွာ သတိမထားမိတာမို့ သူကတော့ 'မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ' ဆိုသည့်အတိုင်း ကြိတ်ကာ ကျေနပ်မိနေသည်။

ထိုသို့ ရယ်မောကာဖြင့် နှစ်ဦးသား ခေတ်ရှင်ထဲကလို ကြည်နူးလို့ကောင်းတုန်း 'ဖြုန်း'ဆို အကောင်တစ်ကောင်က သူ့ကို ကိုက်သည်။ ပုရွက်ဆိတ် (သို့) Insect (အင်းဆက်) တစ်မျိုးမျိုးထဲက ဖြစ်ဟန်တူသော အကောင်က ကိုက်လည်းကိုက်တတ်သည်။ အခြားနေရာကိုမကိုက်။ အဓိကနေရာကိုမှ ကိုက်သည်။ (သဘောပေါက်တယ်နော်) ဧကန္တ'အမ' ဖြစ်ရမည်ဟု မကျေမချမ်းတွေးရင်း 'တစ်ခါကိုက်ပြီး ပြီးသွားမှာပါဟု' တွေးကာ သူအံကြိတ်ခံပစ်လိုက်သည်။ မခံလို့ကလည်းမရ ချစ်သူကရင်ခွင်ထဲမှာ။ ဒီလို အခြေနေအရအောင် 'ဉာဏ်နီဉာဏ်နက်'၊ 'ဉာဏ်ဟာသ' တွေမျိုးစုံသုံးပြီး ရယူပြီးခါနီးမှ ဒီအခွင့်အရေးကြီးကို လက်လွှတ်ပစ်လို့မဖြစ်။ ပြီး ကုတ်လို့ကလည်း မဖြစ်။ မဖြစ်ဆို ကိုယ်တစ်ယောက်တည်းရှိလျှင်သော်မှ ရဲရဲမကုတ်ရဲသော နေရာကိုး။ ချစ်သူရှေ့မှာဆိုတော့ ပိုဆိုးသည်။ လုံးလုံး မထိရဲ မတို့ရဲပါသော ထိုနေရာ။





သူကခန္ဓီမင်္ဂလာလက်ကိုင်ထားကာ အံကြိတ်ခံသလောက် သကောင့်သားတိရစ္ဆာန်ကတော့ တစ်ခါကိုက်ရုံနှင့် ကျေနပ်သေးဟန်မတူ၊ ထပ်ခါထပ်ခါကိုက်သည်။ သူ့အထင် ခြေလှမ်းသေးသေးလေး နှစ်လှမ်းခန့် နေရာရွှေ့လိုက်၊ တစ်ခါ ကိုက်လိုက်များလုပ်နေသလားမသိ။ ယားကျိယားကျိဖြင့် အနေရအထိုင်ရခက်လာတော့သည်။

မကုတ်ရဲသောနေရာမှန်း အန္တိတိရစ္ဆာန်က သိနေလေရော့သလားမသိ။ 'ကိုက်ဦးမှာ' ဆိုတာမျိုး၊ ကိုက်ပြီးရင်း ကိုက်နေတော့သည်။ မျက်နှာကြီးနီမြန်းနေကာ အံကြိတ်ထားသော သူ့ကို ချစ်သူ 'နွယ်'က တစ်ချက်တစ်ချက်ကြည့်နေသည်မို့ သူမလှုပ်ရဲ။ ဟန်မပျက်စကားဆက်ပြောနေရသော်လည်း ယားစပ်စပ်ဝေဒနာကို အံကြိတ်ကာတောင့်မခံနိုင်တော့။ ချစ်သူ 'နွယ်'၏ အာရုံရော အကြည့်ရောပါ တစ်နေရာရာပို့ပစ်ဖို့ ဉာဏ်ဆင်ရတော့သည်။

"နွယ် ဟိုးကရေကန်လေးတွေ့လား၊ အဲဒီကိုရောက်ဖူးလား"

"မောင်ပြောတာ ဟိုး . . . က ရေကန်ဆီကိုလား"

"အင်း သေသေချာချာ ကြည့်ကြည့် အရမ်းလှတာ"

ကျိုးဖြူကန်ဘက်ကို နွယ်ကတစ်ကိုယ်လုံးလှည့်ကာ ကြည့်နေသည့်အချိန်ခဏကို ဆိုးဆိုးဆတ်ဆတ်ပင် ကောင်းကောင်းကြီး အသုံးချဖြစ်သည်။ အသက်ပင်ခပ်ရဲရဲ မရှူရဲ ကမန်းကတန်းဖြင့် ခပ်ကြမ်းကြမ်းခိုးကုတ်ရသည်။ ယားနေသောနေရာကို ကုတ်လိုက်ရသော အာသာပြေမှုကို အရသာမခံအား၊ ကုတ်လေ ကိုက်လေဖြစ်သော တိရစ္ဆာန်မသားကို အံကြိတ်ဖိကုတ်ဖြစ်သည်။ 'ဟိုး ရေကန်လားလှတယ်နော် မောင်'ဟု ဆိုရင်းနွယ်က ဆတ်ခနဲသူ့ကို လှည့်ကြည့်သည်။ သူမလှည့်အကြည့်မှာ အံကြီးကြိတ်ကာ ကုတ်နေသော သူ့ကိုတွေ့မိသည်။ ကမန်းကတန်းဖြင့် ကုတ်နေရာက လက်ဖယ်လိုက်သော်



www.burmeseclassic.com

လည်း မမီတော့။ 'မဟုတ်ဘူး' ဟု ဗလုံးဗထွေးရေရွတ်ကာ လက်ကာပြချိန်မှာ မျက်နှာကြီး နီမြန်းနေပြီဖြစ်သောနွယ်က 'ဝုန်း' ခနဲထရပ်သည်။ သူမစိတ်မှာမည်သို့တွေးထင်နေမည်ကို မမှန်းဆ တတ်သော်လည်း သူမ၏အကြည့်မှာ စူးရှလွန်းနေသည်ဟု သူထင်သည်။

"ပြန်တော့မယ်"

"မဟုတ်ဘူးနွယ်၊ မဟုတ်ဘူး"

"ဖယ်"

"မဟုတ်ဘူးနော်၊ မဟုတ်ဘူး"

မရတော့။ အရှက်အကြောက်ကြီးလှသော 'နွယ်' တစ်ယောက် ဆိုင်ကယ်ပတ်ကင်ရှိရာဆီ လှည့်မကြည့်စတမ်း ခပ်သုတ်သုတ်ကြီးကို ထွက်သွားပြီဖြစ်သည်။

မျက်နှာကြီးနီကာ ငိုသံပါကြီးဖြင့် 'မဟုတ်ဘူး' ဆိုတာကို အာခေါင်ခြစ်အော်ရင်းက သူသတိဝင်လာသည်။ ကြောင်တောင်တောင် ရပ်နေရာက နွယ်ရှိရာဆီသူ ခပ်သွက်သွက်လှမ်းခဲ့သည်။

'နွယ် ... ဒီည၉နာရီ စူဠာမုနိဘုရားရဲ့ စနေထောင့်မှာ စောင့်နေမယ်နော်"

နွယ်က ဖျတ်ခနဲလှည့်ကြည့်ကာ ဆတ်ခနဲအကြည့်ဖယ်သွားရင်းက ဆိုင်ကယ်ကို ခပ်ကြမ်းကြမ်းစီးထွက်သွားသည်။ ည ၉ နာရီ ဆုံဖို့ကိစ္စကို စောစောကတော့ နွယ်ကသဘောတူထားပြီးသားဖြစ်သည်။ သို့သော် ထိုကတိတည်မတည်ကို သူမမှန်းရဲတော့။

"စိတ်ဆိုးသွားတာလား၊ စိတ်ပျက်သွားသည်လား၊ အထင်လွဲသွားသည်လား"

မကွဲပြားသော နွယ့်ကို မျှော်ရင်းက အေးစိမ့်လှသော နှင်းတွေကြားမှာ သူ့ရင်တစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်နေသည်။

ကြိုက်မရှက်၊ ငတ်မရှက်တို့ကဲ့သို့ 'ယားမရှက်' ဆိုတာ





ကလည်း ရှိနေသေးကြောင်း 'နွယ့်'ကိုမည်သို့ ရှင်းပြရမည်နည်း။ လောလောဆယ်ကတော့ 'မဟုတ်ဘူး' ဆိုသောစကားထက် ဘာတို့မှ မစဉ်းစားမိသေး။

တောင်ကြီးတန်ဆောင်တိုင်၏များပြားလှသော ပွဲတော်လာပရိသတ်များကြားမှ ဘယ်နေရာကထွက်လာမည်မှန်းမသိသော၊ လာမည် မလာမည်လည်း သိပ်မသေချာသော 'နွယ့်' ကိုမျှော်ရင်း ... စနေထောင့်မှာ ... သူ ..။

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ယက် ခတ်တဲ့လေ





## ယောက်ယက်ခတ်တဲ့လေ....

"ကိုကို"

ကလေးမက ခပ်ချွဲချွဲကြီးခေါ်ပစ်လိုက်တဲ့ 'ကိုကို' ဆိုတဲ့လူဆီ ကျုပ်အမှတ်တမဲ့ ကြည့်မိတယ်။

ဘယ့်နှယ်ဗျာ . . . အသက်နှစ်ဆယ်လောက်ရှိတဲ့ ကောင်မလေးက '၆၅'နှစ် လောက်ရှိတဲ့ 'အဟ' ကို ခြေလှမ်းခပ်သုတ်သုတ် လှမ်းနေတဲ့ အဘိုးကြီးကိုချွဲပျစ်ပျစ်ကြီး ခေါ်ထည့်လိုက်တာများ . . . 'ကိုကို'တဲ့။

အဘိုးကြီးကတော့ မသိဘူး၊ ကျုပ်ကတော့ 'ဂိုး . . ဂိုး . .' လို့ကြွားတယ်။

စောစောတုန်းက ကျုပ်နဲ့ လုပ်ငန်းကိစ္စပြောတုန်းကတော့ မျက်နှာကြီး သုန်မှုန်နေတဲ့ 'ဘိုးတော်'က ကောင်မလေးရဲ့ 'ကိုကို'ဆိုတဲ့ ခေါ်သံလည်းကြားရော . . .

"ဗျာ . . ."

လို့ မေးရိုက်သံကြီးနဲ့ ထူးရှာတယ်။ မျက်နှာကြီးက ပြုံးလို့ ရွှင်လို့။

"Shopping သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကဲ . . . ဒီလောက်ဆို မိတ်ဆွေတို့လည်း သဘောပေါက်ကြရောပေါ့။

ကုမ္ပဏီရုံးခန်းထဲထိ လှမ်းရဲတယ်ဆိုကတည်းက ဒီကလေးမရဲ့ပါဝါက နည်းနည်းတော့မဟုတ်ဘူး။ အီစီကလီထဲက ကွိစိကွစ ကောင်မလေးတော့ မဟုတ်ဘူး။

'ဈေးသွားဝယ်ချင်တယ်' လို့ဆိုလိုက်တဲ့ ကောင်မလေးရဲ့ ချွဲပျစ်ပျစ် လေယူလေသိမ်းက အဘိုးကြီးတော့ မသိဘူး။ ကျုပ်ကတော့ ကတုန်ကယင်ကြီးကို ဖြစ်လို့သွားရဲ့။

"ဒီမှာ ကိစ္စလေးတွေ မပြတ်သေးဘူးလေ . . ."

အဘိုးကြီးက ကျုပ်ရှေ့မှာဆိုတော့ မင်နဲ့မောင်းနဲ့ လုပ်ရှာတယ်။

ကောင်မလေးက 'ဆတ်'ခနဲဆို အဘိုးကြီးဘေး ရောက်လာတယ်။

"မရဘူး . . . မရဘူး . . . လူလည်မကျနဲ့၊ အသည်းလေး ငိုလိုက်မှာနော်"

"အ . . . အသည်းလေး . . . ဒီမှာ အလုပ်လုပ်နေတယ်လေ"

ကြည့် . . . တော်တော်လည်း ရိက္ခာယူသွားချင်တဲ့ အဘိုးကြီး။ သူ့မြေးလောက်ရှိတဲ့ ကောင်မလေးကိုများ 'အသည်းလေး'တဲ့။

မေးရိုက်သံကြီးနဲ့ခေါ်တာ ခေါ်တာ။ 'သမိန်ပေါသွပ်' လို ရယ်ရတယ် ဟော့ . . . 'ပြ'ဆိုပြီး လက်ညှိုးထိုးရယ်လိုက်ဖို့တောင် ကောင်းတယ်။

ဒါပေမယ့် ရယ်ရဲပေါင် . . .၊ တော်ကြာ ဘိုးတော်နဲ့ ချိတ်ထားတဲ့ ကိစ္စတွေ 'ဂျာလကီး' ကုန်မှာကြောက်လို့။

အဲ . . . အဲဒါတွေအသာထား . . . လောလောဆယ် ကျုပ်





က ထပဲပြန်ရမလား . . . မပြတ်သေးတဲ့ ကိစ္စပြတ်တဲ့အထိပဲ စောင့်ရမလားမသိ။ မျက်နှာပူပူနဲ့ ထိုင်ရမလို၊ ထရမလို ဖြစ်နေတယ်။

အဘိုးကြီးကလည်း မြီးကောင်ပေါက်စတိုင်လ်နဲ့ ရှက်ကိုးရှက်ကန်းကြီး ကျုပ်ကိုအားနာကြည့် လှမ်းကြည့်တယ်။

ကောင်မလေးကတော့ မဟုတ်ပေါင်ဗျာ။ ကျုပ်ကို 'ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့တောင် မထင်ဘူး'၊

အဘိုးကြီးနား ကပ်ထိုင်ပြီးတော့၊ တစ်လောကလုံးသူနဲ့ သူ ခေါ်ခေါ်နေတဲ့ သူ့ 'ကိုကို'နဲ့ပဲ ရှိတယ် အောက်မေ့နေသလားမသိဘူး . . . အဘိုးကြီးရဲ့ နည်းနည်းငေါ်ထွက်နေတဲ့မေးစေ့ကို သူ့ရဲ့ လက်သည်းနီတွေဆိုးထားတဲ့ လက်နဲ့ကိုင်ပြီး နှစ်ခါသုံးခါဆွဲရမ်းတယ်။

"ပြောလေ . . . အသည်းလေးငိုတာကို မြင်ချင်တယ်ပေါ့ . . . လူဆိုး . . ."

မျက်စောင်းခဲလို့ဆိုရင်း ကောင်မလေး တုန်ချိချိ အဘိုးကြီးကို 'လူဆိုး' ဆိုပြီးတော့ ခပ်ဖွဖွတွန်းတယ်။

"အို . . . ဟဲ့ . . . ဟဲ့ . . . ဟဲ့ . . ."

"ဟ . . အနိစ္စ . . . အနိစ္စ . . ."

ကောင်မလေးတွန်းတာကတော့ ခပ်ဖွဖွပေါ့ . .

ဒါပေမယ့် အတွန်းခံရတဲ့လူက ကောင်မလေးလို အသက် နှစ်ဆယ်ဝန်းကျင်မဟုတ်ဘူးလေ၊ နောက်လန်ကျတော့မလို့ 'တဟဲ့တဲ့'နဲ့။

ကျုပ် အဆွဲမြန်လို့ပေါ့၊ မဟုတ်ရင် ပက်လက်လန်လဲမှာ ကျိန်းသေပေါက်၊ ကျုပ်ကလည်း ကျုပ်အဘိုးကြီးကို ပြေးဆွဲတာကို ရိုးရိုး မဆွဲဘူး။

'အနိစ္စ . . . အနိစ္စ'နဲ့ ယောင်မိသွားသေးတယ်။

ကောင်မလေးက မဆီမဆိုင် ကျုပ်ကို ဆတ်ခနဲ မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးတယ်။ နောက်. . . ဘိုးတော်ဘက်လှည့်လို့ ပျာပျာသလဲနဲ့

"Sorry ကိုကို Sorry"

ဆိုပြီး မျက်နှာငယ်နဲ့ တောင်းပန်တယ်။

"အာ . . . အသည်းလေးကလည်း တောင်းပန်စရာလား၊ ရပါတယ် . . . နဲ့ဟားမိုင်း Never Mind"

အဘိုးကြီးက လူရှေ့သူရှေ့မှာမို့ ရှက်သွားပေမယ့် ကျုပ်ကို တစ်ချက်လှမ်းကြည့်ပြီး 'ဘိုလို' ညုပ်လို့ ကောင်မလေးကို ဆိုတယ်။

တမင်ပဲ ငယ်ထားသလား၊ အမုန်အကန်ပဲ ငယ်သွားသလား မသိတဲ့ ကောင်မလေးရဲ့မျက်နှာက အဲဒီတော့မှ ပြီတည်တည်ပြန်ဖြစ်လာပြီး . . .

အဘိုးကြီးဆီကြည့်ရင်း ဆတ်ခနဲမျက်နှာပျက်တယ်။

"ကြည့်စမ်း . . ကြည့်စမ်း . . မနေ့က အသည်းလေး ဝယ်ပေးလိုက်တဲ့ Necktie ကို ဒီနေ့စည်းခဲ့ပါဆို . . မစည်းခဲ့ဘူး . . ပြော . . ပြော . . ဒီ Necktie က ဘယ်သူဝယ်ပေးတာမို့လဲ"

ကောင်မလေးက ပြောလည်းပြော . . . လက်ကလည်း အဘိုးကြီးလည်ပင်းက Necktie ခေါ် ကြောင်လျှာသီးကို ဆတ်ခနဲ ဆွဲရင်း ကြည့်တယ်။

သူဆွဲထားတာက ကိစ္စမရှိဘူး၊ အဘိုးကြီးခမျာ လည်ပင်းက ကြောင်လျှာသီး ဆတ်ခနဲ အဆွဲခံရတော့ 'အစ်' ခနဲ အသံထွက်ပြီး ရှေ့ကို မသိမသာထိုးကျတယ်။

လည်ပင်းအညှစ်ခံရ သူကြီးမို့ ရှက်ကိုးရှက်ကန်းဖြစ်သွားတဲ့ အဘိုးကြီးက ကျုပ်ကိုလှမ်းကြည့်ရင်း မလုံမလဲနဲ့ 'ဟက်'ခနဲ တစ်ချက် ရယ်တယ်။

အေးလေ . . 'လူကြီးရှက်တော့ ရယ်တယ်' ဆိုတဲ့ စကား လည်းရှိတယ်ကိုး။





"သူက 'ကလေး' လို့ပဲ အရမ်းဆိုးတာ၊ အမှတ်သည်းခြေ ကလည်း ကြီးမှကြီးနဲ့ ကြောက်နေရတယ်ကို့ . . . အဟား . . . ဟား"

စီးပွားရေးလုပ်ငန်းကြီးကို လုပ်နေတဲ့ ကုမ္ပဏီပိုင်ရှင် တစ်ယောက်ရဲ့ အဆက်အစပ်မရှိတဲ့ 'ပြက်လုံး'ကို ရယ်စရာ တစ်ကွက်မှ မရှိပေမယ့်လည်း လူမှုရေးအရ . . . တဟဲဟဲ . . . လိုက်ရယ်ပေး ရတယ်။

သိတယ်မဟုတ်လား . . . စာချုပ်မှာက လက်မှတ်ထိုးရ သေးတာမဟုတ်ဘူး။

အဘိုးကြီးကတော့ 'အိုဗာ အက်ရှင်'နဲ့ တဟားဟား ရယ်လို့ ကောင်းတုန်း။ သူ့ဘာသာသူရယ်နေပေမယ့် ကျုပ်က ကြားထဲကနေ ကြံဖန်ပြီး သွားတွေယားလာတယ်။

ကြည့်ဦး . . . အဘိုးကြီးရဲ့ အပေါ်မှာ ရှေ့သွားအတု တစ်ခွေလုံးက လှုပ်စိ လှုပ်စိနဲ့ ခုဆိုခုပဲ ပြုတ်ကျတော့မယ့်အတိုင်း။

"ဪ . . . ဒါနဲ့မိတ်ဆက်ပေးဖို့မေ့နေတယ် အသည်း လေး . . ."

"ဒါ . . ကိုကို့ပါတနာအသစ် . . 'ကိုထွန်းပိုင်'တဲ့။ ကိုထွန်းပိုင် . . . ဒါက အ. . . ဟဲ . . . ဟဲ . . ."

အဘိုးကြီးစကားကို ဆုံးအောင်မပြောနိုင်ဘူး၊ ကောင်မလေး က တမင်လုပ်ယူထားတဲ့ ရှက်ဝဲဝဲပုံစံနဲ့အဘိုးကြီးကို 'ဆိတ်' တာကိုး။

ကြည့်ဦး . . . အဘိုးကြီးဖြစ်နေပုံကို တစ်ခါတည်း . . . နှာခေါင်းကြီး ပွပြီး အမူအရာက မဝံ့မရဲနဲ့ ရှက်တက်တက် ပုံစံဖြစ်နေ တယ်။

ဘိုးတော်မိတ်ဆက်ပေးတော့မှ ကောင်မလေးက ကျုပ်ကို ဝတ်ကျေတန်းကျေ တစ်ချက်လှည့်ကြည့်ပြီး . . .

"နောက်တွေ့ရင်လည်း ခေါ်နော် . . 'အန်ကယ်'တဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဗျာ . . . မျက်နှာကသာ ပြုံးပြနေရတယ်၊ စိတ်ထဲမှာက မချိဘူး။

ဘယ့်နှယ် အသက် '၆၅' နှစ်လောက်ရှိတဲ့ လူကိုတော့ 'ကိုကို' လို့ခေါ်ပြီး၊ ကျုပ်လို '၃၀' တောင်မပြည့်သေးတဲ့လူကိုကျတော့ 'အန်ကယ်' တဲ့။ 'နောက်တွေ့ရင်လည်း ခေါ်နော်' တဲ့ . . . ခေါ်ပါလိမ့်မယ် အားကြီးကြီး . . .။

ဒါပေမယ့် အဲဒီကောင်မလေးကိုပဲ ကြံဖန်ပြီး ကျေးဇူးတင်ရမယ်။ စောစောက ကျုပ်ယူလာတဲ့ စာချုပ်ကို လက်မှတ်ထိုးပေးဖို့ ဂဏှိဂဏ့ောင်လုပ်နေတဲ့ 'ဘိုးတော်'က အခုတော့ 'လျှောခနဲ' ထိုးပေးလိုက်တယ်။

ကျုပ်လည်း ကျုပ်ကိစ္စပြတ်တာနဲ့ လစ်ရတော့တာပေ့ါ။ သိတယ်မဟုတ်လား . . . 'ကိုကိုနဲ့ အသည်းလေး' တို့က Shopping သွားကြမှာလေ . . .။

ကျုပ်ကို တံခါးဝထိ နှစ်ယောက်စလုံးကလိုက်ပို့တယ်။ ပြီးတော့ ဘိုးတော် . . .

"လိုအပ်တာရှိရင်လည်း အကူအညီတောင်း သိလား . . ."

ဆိုပြီးတော့ သူ့ဆရာကြီးတစ်ယောက်ဖြစ်တယ်ဆိုတာကို ကောင်မလေးရှေ့မှာ ရှိုးထုတ်တယ်။

ကောင်မလေးကလည်း အငြိမ်မနေဘူး . . ကမန်းကတန်း နှုတ်ဆက်တယ်။

"ဖြည်းဖြည်းပြန်နော် . . . အန်ကယ်" တဲ့။

သူ့ဘာသာသူ ကယ်ချင်ကယ်၊ မကယ်ချင်နေ၊ ကျုပ် စောစောကလောက် အထိမနာတော့ဘူး။ နှစ်ယောက်စလုံးကို နှုတ်ဆက်ပြီးလှည့်ထွက်လာလို့မှ ခြေလှမ်းငါးလှမ်းတောင် မပြည့်သေးဘူး။ ကောင်မလေးရဲ့ ခပ်ချွဲချွဲအသံက ကပ်လိုက်လာတယ်။





"အာ . . . ကိုကို . . . မကဲနဲ့ကွာ . . . တဲ့"။

ကျုပ် လှည့် မကြည့်ဖြစ်ပါဘူး။

ဘာရယ်ညာရယ် မဟုတ်ဘူး။

ကျုပ်ကတော့ လှုပ်စိ လှုပ်စိ ဖြစ်နေတဲ့ ပြုတ်ကျလု ပြုတ်ကျခင် အပေါ်သွားတုအခွေ လိုက်ကြီးကို ပြေးပြေးမြင်နေတယ်။

သူ့ကုသိုလ်ကံနဲ့ သူပေ့ါဗျာ . . . နော် . . . တချို့ကျတော့ အပေါ်သွားတွေ တစ်ခွေလုံး အတုဖြစ်နေတာတောင်မှ

"ကိုကို . . ."

လို့ အခေါ်ခံနေရတုန်း . . .။ ဘယ်နှကြိုးတောင်ရှိတဲ့ ကဝေတွေ မို့ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com






# စော်ကျမှုပဲ

ဒေါ်သက်ဆိုတာ ကျုပ်တို့ မြို့မှာတော့ 'မြို့မျက်နှာဖုံး' ပဲ။ မသိတဲ့လူကို မရှိဘူး။ 'ဒေါ်သက်တို့ ဈေးလာပြီဟေ့ . . .' ဆိုလို့ကတော့ ဈေးထဲကဈေးသည်တွေ ခေါင်းချင်းဆိုင်ပြီသာမှတ်။ အကောင်းဆိုင်တယ်တော့မမှတ်နဲ့ . . . အတင်းတုတ်ကြတာ . . .။

'တစ်ကိုယ်လုံး . . . စိန်စီထားတယ်' ဆိုတဲ့ စကားက ဒေါ်သက်အတွက် ပေါ်လာတာနေမှာ . . . ဖျပ်ဖျပ် . . . ဖျပ်ဖျပ်နဲ့မျက်စိကျိန်းလောက်အောင်ကို ဒေါ်သက်တို့က စိန်ကိုဝတ်တာ . . . ကြုံလို့ကတော့ ကြွားပြီသာမှတ် . . . 'ငါတို့က စိန်ဆို အသန့်မှ ကျင်ဖြူဆို လှည့်ကိုမကြည့်ဘူး' တို့ . . . ဘာတို့။ ဈေးထဲက ဝမ်းစာရေးအတွက် ဖတ်ဖတ်မောနေအောင် ရှာစားနေရတဲ့ ဈေးသည်တွေကတော့ စိန်အသန့်တွေ ကျင်ဖြူတွေ . . . ဘယ်နှားလည်ပါ့မလဲ . . . မကောင်းတတ်တော့လည်း နားထောင်ကြရတာပေါ့ . . .။

ဒါပေမယ့် မြို့မျက်နှာဖုံး မကလို့ . . ဘာဖြစ်နေ . . ဖြစ်နေ . . . စိန်မကလို့ ဘာစီစီ ဈေးသည်တွေကတော့ ဒေါ်သက်ကို ဆေးဖော်ကြောဖက် သိပ်မလုပ်ချင်ကြဘူး။ မလုပ်ချင်ဆို ဒေါ်သက်ကလည်း နာမည်ကသာ ဒေါ်သက်။ လူကဖြင့် လူသွက်။ အဆစ်

www.burmeseclassic.com



တောင်းတဲ့နေရာမှာ ပါးစပ်က 'အဆစ်ထည့်ပါဦး' ပြောလို့ မပြီးသေး ဘူး။ လက်က ဆိုးဆိုးဆတ်ဆတ် ကောက်ထည့်ပြီးနေပြီ။ ဒါကြောင့် ဈေးသည်တွေက သူ့ကိုကွယ်ရာမှာ နာမည်ဝှက်ပေးထားတယ်။ 'ဒေါ်သွက်' ဆိုပြီးတော့ လက်သွက်ရုံတင် ဘယ်ကမလဲ . . . ဈေးက လည်းဆစ်။ အင်မတန်နှိမ်။ မြို့မျက်နှာဖုံးသာဆိုတယ် ဈေးဝယ်တဲ့ နေရာမှာ ဈေးနှိမ်၊ ဈေးနှိုက်ပုံကတော့ လက်ဖျားခါလောက်တယ်။ ဈေးနှိမ်၊ ဈေးနှိုက်ရုံပဲလားဆိုတော့ မဟုတ်ဘူး။ အဆစ်ကိုလည်း မဟားတရားကြီးကိုရဦးမှ။ အဲဒီလို ပတ်ချာကိုလည်နေတာ။

ဟောကြည့် . . . အခုလည်း ဂေါ်ဖီထုပ်ရောင်းတဲ့ တောက ဂေါ်ဖီထုပ်သည် သားအမိဆီမှာဂေါ်ဖီထုပ်ကို မဟားတရား ဈေးဆစ် နေတယ်။

"တစ်ထုပ်ငါးဆယ် . . . တစ်ရာဖိုးသုံးထုပ် . . . ဟုတ်လား . . . ဈေးများတာပေါ့"

ဂေါ်ဖီထုပ် တစ်ရာဖိုး သုံးထုပ်ကို ဈေးကြီးနေပြန်ပြီတဲ့။ ဝတ်ထားတဲ့ ပြောင်ပြောင်လက်လက်တွေမှ အားမနာ။ တကယ် တော့ ဂေါ်ဖီထုပ်က ဒီနှစ်မှာအထွက်လှိုင်ပြီး၊ ဈေးမရလို့ အရင်နှစ် တွေက ဒီလိုဆိုဒ်ကြီး၊ အလေးချိန်စီးတဲ့ 'ထူးရှယ်' အထုပ်တွေဆို နှစ်ရာ၊ သုံးရာလောက်ပေးဝယ်ရတာ၊ အရင်နှစ်ကထက်စာရင် တော်တော်ကြီးကို ဈေးသက်သာနေပြီ။ သူတို့ခမျာ ထွေလာဂျီ စက်ခ ဈေး ဈေးကောက်ပေး၊ စားစရိတ်နဲ့ အလုပ်သမားစရိတ်နဲ့ ဘာမှကျန် တာမဟုတ်ဘူး၊ ငွေပေါ်အောင် ရောင်းနေကြရတာ။ ကြားရသ လောက်ဆို ပျိုးပင်ခတောင် ကျေတယ်ဆိုရုံလေးရတာ။ စိုက်ပျိုးခ၊ အလုပ်သမားစရိတ်နဲ့ မြေသြဇာဖိုးက အရှုံးသက်သက်။ အဲ . . . ပထမဆုံးထွက်တဲ့ ဂေါ်ဖီထုပ်က ဈေးကောင်းရထားလို့၊ မဟုတ်လို့က တော့ ခွက်ခွက်လန်အောင် ရှုံးပြီးသားပဲ။ သူတို့ခမျာ ငွေပေါ်ရုံလေး





ဈေးပေါပေါနဲ့ရောင်းတာကိုပဲ ဒေါ်သက်က 'အားမနာ၊ လျှာမကျိုး' တစ်ထုပ် အစိတ်နှုန်းရအောင်ဆစ်တယ်။ နောက်ဆုံးတော့ ဂေါ်ဖီထုပ် သည်ခမျာ ကိုယ်မရောင်းလည်း သူများဆီရောက်သွားမှာဆိုတော့ "ယူ . . . ယူ" ဆိုပြီးထားပေးရှာတယ်။ ဒေါ်သက်ကတော့ ကြီးမေ့ . . . ကောင်းမေ့ဆိုတဲ့ အထုပ်တွေ ရွေးရွေးပြီး၊ ဈေးခြင်းထဲ ခပ်သွက် သွက်ထည့်တယ်။

ဂေါ်ဖီထုပ်သည်ကြီးရဲ့သား လူမမယ်လေးက 'ကလေး' ဆို တော့ သူတတ်သလောက်နဲ့ ဒေါ်သက်ကိုလောကွတ်စကားဆိုတယ်။

"အဒေါ်ကြီး များများယူလေ . . . စောစောက လူတစ် ယောက်ဆို ဝက်ကျွေးဖို့ဆိုပြီး . . တစ်ထောင်ဖိုးတောင်ဝယ်တာ"

"ဟဲ့ . . . ငြိမ်ငြိမ်နေ . . . လျှာမရှည်နဲ့ . . ."

ကွတ်ခနဲ ပျက်သွားတဲ့ ဒေါ်သက်မျက်နှာကြီးကို ကြည့်ပြီး၊ ဂေါ်ဖီထုပ်သည်ကြီးက သူ့သားကို လှမ်းဟန့်တယ်။ ဂေါ်ဖီထုပ်တွေ ဈေးတအားပေါတော့ ဝက်မွေးတဲ့လူတွေကလည်း ဝက်ကို ဒီဂေါ်ဖီ ထုပ်ပဲကျွေးကြတော့တာကိုး။ ကလေးကတော့ ဘာရယ်မဟုတ်ဘူး ပိုဝယ်အောင်လို့ပြောတာ . . .။ ဒေါ်သက်ကတော့ တွန့်ခနဲကိုနေ သွားတယ်။ ဆောင့်ကြီးအောင့်ကြီးနဲ့ တစ်ရာတန်ခပ်နွမ်းနွမ်းကို တမင်ရွေးပေးရင်း ကလေးကို 'ဆတ်' ခနဲမျက်စောင်းကြီးထိုးတယ်။ ဂေါ်ဖီထုပ်သည်က သူ့သားကို ခေါင်းခေါက်မလို့ရွယ်တဲ့အချိန်မှာ ဒေါ်သက်က ကြက်ဥသည်မရဲ့ ဆိုင်ရှေ့ရောက်သွားပြီ။

ကြက်ဥသည်မက ဒီဈေးမှာ မသိသူမရှိဘူး။ မရှိဆို အဲဒီ့ ကလေးမက ကျပ်သိပ်မပြည့်ရှာဘူး။ တစ်ခါတစ်ခါ လူကြီးမှန်း မသိ၊ လူငယ်မှန်း မသိ၊ မထင်ရင် မထင်သလို ပြောချင်ရာကို စွတ်ပြော ပစ်တာ။ အားနာရကောင်းမှန်းမသိဘူး။ ဒါပေမဲ့ တချို့က ဒါကိုပဲ 'ဟာသ' လုပ်ပြီးတော့ သူ့ဆိုင်မှာအားပေးကြတယ်။ သူကလည်း

www.burmeseclassic.com



ကျပ်သာမပြည့်တာ၊ သူ့ဆိုင်မှာ ကြက်ဥတွေ ကို 'ရှယ်' တွေကြီးတင်တာ။ အသေးအကွေးဆို မဘင်ဘူး။ ထုံးစံအတိုင်း 'ရှယ်' က တစား၊ 'ထူးရှယ်' က တစား။ 'ထူးထူးရှယ်' ဆိုတဲ့ အကောင်းဆုံးက တစား။

သုံးစားခဲ့ထားတဲ့ကြက်ဥတွေကို ဖုန်ခါလိုက်၊ ပြင်ပြီး စီလိုက်နဲ့ ကြက်ဥသည်မ တစ်ယောက်အလုပ်ရှုပ်နေတယ်။ ဒေါ်သက်ရောက်လာတာကို မသိလို့မဟုတ်ဘူး၊ သိရက်နဲ့ မမြင်ချင်ယောင်ဆောင်တာ။ ကျပ်ကသာ မပြည့်တာ၊ သူ့စီးပွားရေးကို တုတ်နဲ့ထိုးမယ့်လူဆိုတာကိုတော့ မြင်တာနဲ့သိပြီးသားကိုး။ သူ့ဘာသာသူ ကျပ်ပြည့်ပြည့် မပြည့်ပြည့် သူ့ဆိုင်က ကြက်ဥအသန့်တွေ ရှယ်တွေကြီးရောင်းတော့ ဖောက်သည်ကများတယ်။ ဒီတော့ ဒေါ်သက်က မဝယ်လည်း သူကတော့ ပန်းပန်လျက်ပဲကိုး။ နောက်ဆုံးရှင်းရှင်းပြောရရင် သူက စိန်စီထားတဲ့ ဒေါ်သက်ကို အဖက်ကိုမလုပ်ချင်တာ။ ပြတ်ကရော . . .။ ဒါကြောင့်ကိုး တမင်မမြင်ချင်ယောင်ဆောင်ထားတာ။

"ဟဲ့ . . . ဒီအထဲက ဆယ်လုံးဈေး . . . ဘယ်လောက်လဲ"

ဒေါ်သက်ရဲ့ ခပ်ဆောင့်ဆောင့်အမေးကို ကြက်ဥသည်မက မဖြေချင်ဖြေချင်နဲ့ လှမ်းဖြေတယ်။ ဒေါ်သက်ကိုတော့ လုံးလုံးလှည့်မကြည့်ဘူး။ ခပ်ပြတ်ပြတ်နဲ့ . . .

"ဆယ်လုံး . . . ခြောက်ရာ . . . တော်ရေ့"

'ရှယ်' က ဆယ်လုံး ခြောက်ရာ၊ 'ထူးရှယ်' ဆို ခုနစ်ရာ။

'ထူးထူးရှယ်' က ခုနစ်ရာ့ငါးဆယ်။ ဒါ သူ့အလွတ်ရထားပြီးသား။ ဒါပေမယ့် ဒေါ်သက်က ကြက်ဥသည်မ ဈေးပြန် မဖြေခင် တတည်းက စိန်လက်စွပ်တွေ မြင်မကောင်းအောင် ဝတ်ထားတဲ့ ဘယ်ဘက်လက်ကို ရင်ဘတ်ကိုတင်ထားပြီးသား။ ဘယ်လောက်ဈေးပြောပြော . . . 'အမလေးလေး . . . လေး . . . ဈေးကြီး . . .





လိုက်တာ . . .'ဆိုပြီး၊ ရင်ဘတ်ဖိပြီး၊ ဈေးနှိမ်ရဦးမယ် မဟုတ်လား။

ကြက်ဥသည်မက ဈေးနှုန်းကို စိတ်မပါလက်မပါနဲ့ မဖြေချင်ဖြေချင် ဝတ်ကျေတမ်းကျေလည်း ဖြေပြီးရော၊ ဒေါ်သက်က ရင်ဘတ်ကို တဖတ်ဖတ်ရိုက်ရင်းနဲ့ . . .

"အမ . . လေး . . လေး . . အံ့ပါရဲ့တော်. . ကြက်ဥကဖြင့် ငုံးဥသာသာပဲရှိတဲ့ဟာကိုများ . . ဆယ်လုံး ခြောက်ရာတဲ့ . . ငါးရာပဲထား . . ညည်းကြက်ဥကဖြင့် သေးသေးလေးပဲဟာကို . ."

"ဘာ . . ဒီကြက်ဥကိုလား . . သေးတာ"

သူ့ကြက်ဥကို ငုံးဥသာသာဆိုပြီးတော့ သေးတယ်၊ ဘာပြုတယ်၊ ညာပြုတယ်လည်း ပြောလိုက်ရော၊ ကြက်ဥသည်မက ကြက်ဥကိုကောက်ပြီးတော့ ဒေါ်သက်ရှေ့မှာကိုင်ပြရင်း 'ဒီကြက်ဥကိုလား . . သေးတာ' လို့ ခပ်ဆတ်ဆတ်ပြန်မေးတယ်။ ကြက်ဥသည်မရဲ့အသံကလည်း လုံးဝကို 'ဟဲဗီး' အသံကြီးဆိုတော့ လူတော်တော်များများက နဂိုကမှအာရုံစိုက်နေတဲ့ကြားထဲ ပိုလို့အာရုံစိုက်လာကြရော။ သိတယ် မဟုတ်လား . . လူတွေကလည်း ကျယ်ကျယ်ကျယ်ကျယ်နဲ့ ပွဲကြီးပွဲကောင်းဆိုလို့ကတော့ အားပေးချင်လာတာ တအားပဲကိုး။

ဒေါ်သက်ကတော့ သူ့ကိုခုနစ်သံချီ၊ ရှစ်သံချီနဲ့ ပြန်အော်လိမ့်မယ်ထင်မထားတော့ အံ့အားသင့်ပြီး ကြက်ဥသည်မကို ကြောင်တောင်တောင်နဲ့ ပြန်ကြည့်တယ်။ လူတွေက ဝိုင်းကြည့်နေကြတော့ မြို့မျက်နှာဖုံးဆိုတဲ့ သိက္ခာနဲ့ ရှက်လည်းရှက်နေပြီကိုး။ အခုမှလှည့်ထွက်ရမှာကလည်း မဟုတ်။ အဲဒီအချိန်မှာပဲ ကြက်ဥသည်မက ဆိုးဆိုးဆတ်ဆတ်နဲ့ သူပြောချင်တာကို စွတ်အော်ပြောတော့တာပဲ။ အော်လိုက်ပုံကလည်း . . .

"အ . . မလေးလေး . . ဒီလောက်ကြီးတဲ့ 'ကြက်ဥ' ကိုများ . . . ငုံးဥသာသာပဲရှိသတဲ့ . . သေးသေးတဲ့ . . အရပ်ကတို့ရေ



www.burmeseclassic.com

www.burmeseclassic.com



. . ကြားကြရဲ့လား . . ဒီမယ် . . မအဲ့ဘ . . ကြက်မကတော့ ဒီထက်ကြီးတဲ့ ဥ မအုနိုင်တော့ဘူး . . တော့်ကျမှပဲ တော်လိုချင်တဲ့ အရွယ်ကို . . တော့်စိတ်တိုင်းကျ . . တော့် ဘာသာတော် . . . ဥမွေတာ်မူ . . . "တဲ့။

ဒေါ်သက်တစ်ယောက် ပြန်ပြောရမှာကလည်း ဟိုက ကျပ်မပြည့်မှန်း တစ်မြို့လုံးအသိ။ ငြိမ်ခံနေရမှာလည်း မဟုတ်နဲ့။ နောက်ဆုံးတော့ မျက်နှာကြီးနီလို့ အငြေးတစ်ပိုင်းနဲ့ 'ဒိုး' ရတော့တာပေါ့။



အဲဒီနောက်ပိုင်း ဒေါ်သက်တစ်ယောက် 'ကြက်ဥ' ဆို လုံးလုံးမဝယ်တော့ဘူး။ အဲ . . . 'ကြက်ငှက်တုပ်ကွေး' ကြောက်လို့တော့ မဟုတ်ဘူး။ 'အနိုင်းခံလိုက်ရတာကို စိတ်နာလို့' တဲ့လေ . . ကဲ . . . ။

www.burmeseclassic.com

www.burmeseclassic.com






# တစ်ခွန်းဆိုတစ်ခွန်း

ကျွန်တော့်ချစ်သူ 'ခနဲ့'မလေးက စကားတော်တော်လေးဝဲ၏။ ကျွန်တော့်အဖို့ကတော့ ထိုစကားဝဲခြင်းကပင် တစ်မျိုး ချစ်စရာဖြစ်နေသည်။

သူမ၏ စကားအသုံးအနှုန်းတို့က တစ်ခါတစ်ရံ ထူးခြားသည်မို့ ဗဟုသုတလည်းရသည်။ သူမတို့ ခနဲ့စကားက မြန်မာစကားကဲ့သို့ပင်ဖြစ်သော်လည်း လေယူလေသိမ်းမှာ တော်တော်ကြီး ကွဲလွဲသည်။

ဥပမာ 'ထိုင်လေ' ဟူသော စကားကို သူမတို့ပြောလျှင် 'ထိန်လေ' ဟု အသံထွက်သည်။ 'မိုးတိမ်' ဆိုလျှင် 'မှိုးတိုင်' ဟုအသံထွက်ပြီး 'စိတ်ညစ်တယ်' ဆိုလျှင် 'စိုက်ညစ်တယ်' ဟုထွက်လေသည်။

ထို့ကြောင့် သူမနှင့် ဆုံလေတိုင်း၊ စကားပြောဖြစ်တိုင်း အနည်းနှင့်အများ ဂါမောက်ကမဖြစ်ရသည်ချည်း။ နောက် ပြန်တွေးကြည့်တော့လည်း ရယ်စရာဖြစ်သွားသည်က များသည်။

အခုလည်း အင်းလျားကန်ပေါင်မှာ လေညှင်းခံရင်း နှစ်ယောက်သား ဇီတီတာတာဖြင့် ရောက်တတ်ရာရာတွေ ပြောကြရာက . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ပြော ချစ်"

"ချစ်လေ မနေ့က မောင် 'ကဲ' တဲ့အကြောင်းတွေ ဖေဖေတို့ကို ပြောပြလိုက်တယ်သိလား"

"ဘာ! ဘယ်လို"

"မောင် . . . ကဲတဲ့အကြောင်း ပြောပြလိုက်တယ်လို့"

"ဟိုက်!"

ကျွန်တော်ကိုယ့်နဖူး ကိုယ်ပြန်ရိုက်မိသည်။ 'သွားပြီ' ဟု မျက်နှာကြီးနီကာ ကိုယ့်နဖူးကိုယ် ပြန်ရိုက်သော ကျွန်တော့်ကို ချစ်သူက အူကြောင်ကြောင်ဖြင့် ကြည့်ကာနေသည်။ သူဘာမှ မသိနားမလည်သလိုမျိုး။

မျက်နှာကြီးနီကာ ရှက်နေသောကျွန်တော့်ကို ချစ်သူက 'ဘာဖြစ်သွားတာလဲ' ဟု ပြူးတီပြူးကြောင်ဖြင့် မေးသည်။

"အာ ဘာဖြစ်ရမှာလဲ ချစ်ရာ ပြောပြစရာရှားလား၊ လူကြီးသူမ . . မ"

"မောင်ကလည်း . . မောင်ကဲလို့ ကဲတယ်ပြောပြတဲ့ဟာကို"

"ချစ်ရာ . . ."

"ဘာလဲ"

ကျွန်တော်ရှက်ရှက်ဖြင့် အံ့အားတသင့် 'ချစ်ရာ' ဟု ရေရွတ်တော့ သူမက 'ဘာလဲ' ဟု ခပ်ဆောင့်ဆောင့်ထူးသည်။

"လူကြီးတွေကို သွားပြောပြစရာလား"

"ရော် . . . မောင်ကဲတာတွေကို ပြောပြမှ သူတို့လည်း သဘောတူမှာပေါ့၊ မောင်က ကဲလေ သူတို့က သဘောတူလေပဲ"

"သေလိုက်ပါတော့" ဟု ကိုယ့်နဖူး ကိုယ်ရိုက်မိပြန်သည်။ သူမကလည်း ပြူးတီပြူးကြောင်ဖြင့် . . . .





"မောင် . . ဘာဖြစ်နေတာလဲ" ဟုဆိုပြန်သည်။

"ချစ်ပဲ မောင်ကဲတဲ့အကြောင်းကို ချစ်မိဘတွေကို ပြောပြလိုက်တယ်ဆို"

"ဟုတ်တယ် . . ပြောပြတာကမှ ခရေစေ့တွင်းကျကို ပြောပြတာ"

"သေပြီ ဆရာ"

ကျွန်တော်မျက်နှာကြီးနီပြီး ရှက်နေသလောက် သူမကတော့ ဘာမှမဖြစ်သလို 'မောင်ဘာဖြစ်နေတာလဲ အူကြောင်ကြောင်နဲ့' ဟု တစ်ပြန်တစ်လဲ စိတ်တိုသည်။ ပြီးတော့မှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် 'မဟုတ်ဘူး မဟုတ်ဘူး' ဟု ဗလုံးဗထွေးရွတ်ကာ မျက်နှာကြီးနီတက်လာသည်။

"ဘာမဟုတ်တာလဲ ချစ်"

"ဟို ချစ်ပြောတဲ့ ကဲတယ်ဆိုတာက ခနုလို 'ကဲ' တာကိုပြောတာ။ ခနုလိုဆိုလိုရင်းက သူတကာထက် ကဲတာ၊ သာတာ ကြိုးစားမှုလွန်ကဲတာ၊ တော်တာ၊ တတ်တာကို ပြောတာ. . ."

အသံခပ်တိုးတိုးဖြင့် ခေါင်းကြီးငုတ်ငုံ့ကာ သူမရှင်းပြတော့မှ သူမပြောသော 'ကဲ' ၏ အဓိပ္ပါယ်ကို နားလည်ရတော့သည်။

ဩော် ခနုလို 'ကဲတယ်' ဆိုတာ သူ့ထက်ကဲ၊ သူ့ထက်တော်၊ သူ့ထက်သာတယ်ကို ပြောတာကိုး။ သိပါဘူး။ ဒီက ကောင်ကဖြင့် ချွေးစေးတွေကို ပျံသွားတာပဲ။ သူမက ကျွန်တော်ကဲတဲ့အကြောင်းတွေ လုံးစေ့ပတ်စေ့ ခရေစေ့တွင်းကျ သူ့မိဘကိုသွားပြောပြတယ်ဆိုတာကိုး။ အဟီးဟီး တော်သေးတာပေါ့ဗျာ . . . နေဦး။ သူ့အရပ်နဲ့ သူ့ဇာတ်မို့လို့ပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# မြင်ယောင်မိပါသေးသည်





## မြင်ယောင်မိပါသေးသည်

“ပြင်သစ်လို သွားတော့မယ်ဆိုရင် ဘယ်လိုနှုတ်ဆက်ရမလဲ”

“မှတ်မိလွယ်အောင် ပြောရရင်တော့ ‘အာဘွား’လို့ပဲ သင်ပေးရမှာပဲ”

“ဟာကွာ”

‘ဟာကွာ’ဟုဆိုကာ မျက်နှာ အကြီးအကျယ်ပျက်သွားသော ကျွန်တော့်ကို ကြည့်ရင်း ငွတိုခေါ် ငြိမ်းချမ်းက ခွီးခနဲ ရယ်သည်။ ပြီးမှ . . .

‘အမှန်ကတော့ . . . “အော်ဘွား” လို့ အသံထွက်ရင် ပိုမှန်မယ်။ ဒါပေမယ့် မင်းမေ့သွားနိုင်တယ်လေ၊ ဒီတော့ မင်းမှတ်မိလွယ်အောင် “အာဘွား”လို့ပဲ နှုတ်ဆက်လိုက်။ သူတို့က ‘အော်ဘွား’လို့ သူတို့ဘာသာပြင်ပြီး ကြားပေးသွားလိမ့်မယ်’

“တော်ပါတော့ကွာ”

“တော်ပါတယ် . . . အာဘွားရာ”

“ကျွတ်”

“ကျွတ်” ခနဲစုပ်သတ်မိရင်း ခေါင်းကိုကုတ်ဖြစ်သည်။ မေးမိ



www.burmeseclassic.com

www.burmeseclassic.com



သော ပါးစပ်ကိုပင် ရွှေချချင် . . အဲလေ . . . ဖြတ်ရိုက်ချင်စိတ်ပေါ်သွားရသည်။ ဘယ့်နှယ် "ကြဲကြဲဖန်ဖန်" ပြင်သစ်ကို သွားတော့မယ်လို့နှုတ်ဆက်တာ "အာဘွား" တဲ့လား။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်နာမည်ပြောင်ကလည်း 'အာဘွား' ဖြစ်သည်။ အကြောင်းမဲ့ သက်သက်ဖြင့်တော့ နာမည်ပြောင် ရရိုးထုံးစံမရှိ။ ထိုနာမည်ကို အရှက်ဖြင့်ရင်း၍ ရခဲ့ခြင်းဖြစ်သည်။



"ချစ်စရာလေးကွာ"

"ဟာ . . . ဟုတ်တယ်ကွာ . . . တောက်"

ကောင်မလေး ခပ်ချောချောဆို အရင်ဆုံး ဦးအောင်မြင်နေကျဖြစ်သော ဂွတို၏မျက်လုံးများက လမ်းပေါ်က ဆိုင်ကယ်နှင့် နတ်သမီးလေးတစ်ပါးကိုတွေ့တွေ့ခြင်း ချီးမွမ်းခန်းဖွင့်သည်။ တကယ်တော့ သိပ်မချောလည်း ကြဲဖန်ချီးမွမ်းနေကျဖြစ်သည်။ အခု သူချီးမွမ်းသော ကောင်မလေးက ချီးလည်း ချီးမွမ်းထိုက်လောက်အောင် လှသောကောင်မလေး၊ တောင်ကြီးမြို့တော်၏ ရတနာများထဲက ရတနာတစ်ပါးပင် ဖြစ်လိမ့်မည်။

'ချစ်စရာလေးကွာ' ဆိုသော ဂွတို၏စကားကို ညီသူက ထောက်ခံသည်။ "ဟာ . . ဟုတ်တယ်ကွာ . . . တောက်" ဟု၊ ပထမ 'ဟာ' ကတော့ အာမေဋိတ်သံဖြစ်က၊ ဒုတိယ 'ဟုတ်တယ်ကွာ' ဆိုသော စကားလုံးကတော့ ထောက်ခံတာဖြစ်သည်။

မျက်လုံးပြူးကြီးနှင့်ကြည့်ကာ အံကြိုးကြိတ်ပြီး ရေရွတ်သော 'တောက်'ဆိုသည့် နောက်ဆုံးစကားလုံး၏ အဓိပ္ပါယ်ကတော့ အဲ . . . ထုံးစံအတိုင်း 'တောက်' ပဲ ဖြစ်ပါလိမ့်မည်။

ဇော်ဝင်းငြိမ်း စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေးကို မြင်မြင်ခြင်း ကျွန်တော်ကလည်း မဆိုင်းမတွပင် 'အာဘွား'ဟု နှုတ်မှ အလိုလိုရေရွတ်မိလျက်သားဖြစ်သွားသည်။ အဲဒါက ကျွန်တော့်ဝသီ။ ကောင်မလေးလှတပတလေးဆိုလို့ကတော့ နှုတ်ကဘာရယ်မဟုတ် 'အာဘွား' ဟု ရေရွတ်မိလျက်သားဖြစ်ဖြစ်သွားသည်။

ကောင်မလေးက ကြားသွားဟန်ဖြင့် 'ဆတ်' ခနဲ လှည့်ကြည့်သည်။ ကျွန်တော်တို့ သုံးကောင်က 'ဖျတ်'ခနဲ ခေါင်းကိုငုံ့သည်။

"မင်းအသံက အကျယ်ကြီးပဲ ငပွ"

"အေးလေ ကျယ်လိုက်တဲ့ အသံ"

"အတော့်ကို ကျယ်သွားသလား အဟီး"

ညီသူ၏အပြစ်တင်မှုကို ဂွတိုက ထောက်ခံသည်။ ကျွန်တော်ကတော့ ဟီးခနဲရယ်ရင်း ရှက်သွားမိသည်။ သုံးယောက်သား ခေါင်းကိုပြန်မမော့ကြသေးဘဲ စကားပြောနေကြခြင်းဖြစ်သည်။ ကျွန်တော်ခေါင်းငုံ့ထားလျက်ကပင် ကောင်မလေးဆီ လှမ်းကြည့်တော့ ထိုကောင်မလေးက မရှိတော့။

"ဟာ . . . မရှိတော့ဘူးကွ"

ကျွန်တော့်ရေရွတ်သံကြောင့် သကောင့်သား နှစ်ယောက်က ခေါင်းထောင်ရင်း လိုက်ရှာကြသည်။ မရှိတော့။

"တောက်! ချစ်စရာလေးကွာ"

"အေးကွာ"

သုံးယောက်သား တစ်ယောက်တစ်ပေါက်ရေရွတ်ရင်း လက်ဖက်ရည်ဆိုင်ထဲက ထွက်ခဲ့ကြသည်။ နတ်သမီးလေးကတော့ . . . ဘယ်ဆီရောက်သွားသည်မသိ။



"ငါ မနက်ဖြန် ရန်ကုန်သွားမလို့ . . . နှင့်သူငယ်ချင်းဆီ ဘာမှာဦးမလဲ"

ကျွန်တော့်အမေးကြောင့် ချောရတီကမျက်လုံးထောင့်ကပ်ရင်း စဉ်းစားသည်။ ရန်ကုန်က သူမ၏သူငယ်ချင်းက ရှမ်းတရုတ်မလေးမို့ အသားအရေကအစ ပြောစရာမရှိအောင်လှသူ ဖြစ်သည်။

"ဘာမှတော့ ထူးထူးထွေထွေမရှိပါဘူးဟာ . . . စကားလက်ဆောင်ပဲ ပါးလိုက်ပါ့မယ်။ တောင်ကြီးကို အလည်ပြန်လာခဲ့ဦးလို့"

"အေး အေး စိတ်ချ။ လူကိုယ်တိုင်သွားပြီးတော့ သေသေချာချာကိုပြောပေးဦးမှာ"

စပ်ဖြီးဖြီးဖြင့်ဆိုသော ကျွန်တော့်စကားအဆုံးမှာ ဂွတိုက 'တဏှာကောင်' ဟု ခိုးကျူးထောပနာပြုသည်။

"ဒါနဲ့ . . . နှင့်သူငယ်ချင်းဆီ အာဘွားတွေ ဘာတွေပါးချင်ရင်လည်းရတယ်နော်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ချောရတီက ကြောင်တောင်တောင်ဖြင့် 'ဘာ' ဟုရေရွတ်သည်။

ပြီးမှ မျက်နှာကြီးနီရဲလျက် 'သေနာ' ဟု ဆဲရေးသည်။

"အားမနာပါနဲ့ဟာ ဘော်ဒါတွေပဲဥစ္စာ၊ နင်က ငါ့ အာဘွားပေးလေ၊ ငါက သူ့ဆီတစ်ဆင့် ပြန်ပေးပေးမှာပေါ့၊ ဒီလောက်တော့ ငါကူညီနိုင်ပါတယ်"

"အောင်မာ . . . နစ်နာနေဦးမယ်"

"သူငယ်ချင်းတွေပဲဟာ . . . သာတယ် နာတယ် သဘောမထားပါဘူး"

"သေနာ"

ကျွန်တော့်အပြောကြောင့် ချောရတီက ဒုတိယမ္ပိ 'သေနာ' ဟုရွတ်ပြန်သည်။

"ဇော် . . . ငါပြောတာ သဘာဝမကျလို့လား၊ တစ်ဆင့်စီပဲလေ မပျောက်မပျက်အောင် ငါထိန်းသွားပေးမှာပေါ့"

"ရတယ်လေ"

ထို 'ရတယ်လေ' က ချောရတီဆီက လာတာမဟုတ်။ ညီသူဆီကလာတာဖြစ်သည်။

ချောရတီက အူကြောင်ကြောင်ဖြင့် 'ဘာရတယ်လေလဲ နင်နော်' ဟုရှက်ဝဲဝဲဖြင့် အာခေါင်ခြစ်ကာ အော်သည်။

"ငါပြောတာ အရင်နားထောင်ဦး ဒီလိုလေဟာ . . . အဲ . . . သူပြောသလို တစ်ဆင့်စီပေါ့ ချောရတီရာ . . နင်က နင့်အဖေကို အာဘွားပေးလိုက်၊ နင့်အဖေကနေ သူ့ကို အာဘွားပေးပလေ့စေ။

အဲ . . . ဒီကောင်ကလည်း ရန်ကုန်ရောက်ရင် နင့်သူငယ်ချင်းရဲ့အဖေ၊ ဒါမှမဟုတ် အမေကို 'အာဘွား' ပေးပါစေ။ သူ့အမေ ဒါမှမဟုတ် သူ့အဖေဆီကနေ နင့်သူငယ်ချင်းဆီကို အာဘွားပြန်ပေး





ပလေ့စေပေါ့ သူပြောသလို တစ်ဆင့်စီပဲ . . . အစီအစဉ်ကပိုရှုပ်ပြီး ပိုတောင်လှသွားသေး"

ညီသူ၏စကားကြောင့် ချောရတီက လက်ဖျောက်ယတီးသည်။ ပြီးတော့ . . .

" အေးဟုတ်တယ်။ လာ . . . ငပွ ငါ့အိမ်လိုက်ခဲ့"

" အာ . . . ရတီကလည်း သီတင်းကျွတ်အောင်တော့ စောင့်ပါဦးဟာ . . . နင်ကလည်း ဇွတ်"

" အောင်မာ မာ . . . သေနာ . . . နင့်ကို အိမ်ခေါ်တာ၊ နင်ပြောတဲ့'အာဘွား' ပါးမလို့လေ ငါ့အဖေဆီကနေ 'အာဘွား' လိုက်ယူလှည့်"

" အာ . . . ယူဘူး၊ ယူဘူး"

" ဒါဆို ငါ့အမေဆီက တစ်ဆင့်ယူမလား "

" No. . . No "

ခေါင်းကုတ်ရင်း တ 'နိုးနိုး' လုပ်သော ကျွန်တော့်ကို ကြည့်ကာ ရတီနှင့် သကောင့်သားနှစ်ကောင်က လက်ညှိုးထိုးရင်း ရယ်သည်။

"ဟာ . . . ဟို . . . ဟိုကောင်မလေးကွ"

ထုံးစံအတိုင်း ကောင်မလေးဆို ဂွတိုကအရင်မြင်သည်။ ဂွတိုညွှန်ရာကိုကြည့်ရင်း ကျွန်တော့်ရင်ခုန်သံတို့ ပြောင်းဆန်သွားရသည်။

ဟိုတစ်နေ့က ရင်ခုန်ခဲ့ရပါသော နတ်သမီးလေး။ မမေ့နိုင်သေးသော 'အာဘွား' လေး . . .

"ဟဲ့ အဲဒါ . . . ငါ့သူငယ်ချင်းရဲ့ ညီမဟဲ့ . . . "

"ဟာ . . . ဟုတ်လား . . မိတ်ဆက်ပေးစမ်းပါဟာ . . . ချစ်စရာလေးဟ"



www.burmeseclassic.com

"ဟဲ့"

ကျွန်တော့်စကားကြောင့် ချောရတီက အလန့်တကြားဖြင့် 'ဟဲ့' ဟု ရေရွတ်သည်။

"မ,ဟဲ့နေနဲ့ လာသွားရအောင် . . . တောက်! အာဘွား ပေးချင်စရာလေးပါလားနော်"

ပြောပြောဆိုဆို ထိုကလေးမဆီ ကျွန်တော်လှမ်းသည်။ ကြောင်ကြောင်အအောင်တောင်နှင့် 'ဟဲ့' နေ့သော ချောရတီက 'မဟုတ်သေးဘူး ငပွ. . . နေဦး' ဟု ဆိုရင်းလှမ်းဆွဲထားသည်။

"ဘာလဲဟ"

"အဲဒါ"

"အဲဒါ။ နင့်သူငယ်ချင်းရဲ့ ညီမဆို . . . ချစ်စရာလေးပါဟ၊ အာဘွားပေးရအောင် . . . အဟီး"

ပြောင်ချော်ချော် နောက်တောက်တောက် လုပ်နေသော ကျွန်တော့်နောက်နားသို့ ထိုကလေးမရောက်လို့လာသည်။

ချောရတီ က ထိုကလေးမလေးကို ကမန်းကတန်း လှမ်းပြုံးပြသည်။ ကျွန်တော် က ရတီ့ကို 'မမေ့နဲ့' ဆိုသော ပုံစံဖြင့် မျက်ခုံးပင့်ပြတော့ ရတီက မျက်စောင်း 'ဒိုင်း' ခနဲ ထိုးသည်။

ကျွန်တော်ကတော့ ရင်ခုန်ချင်ချင်။

"ညီမလေး. . . ဘယ်သွားမလို့တုံး"

"သမီး ဗိုက်သွားပြမလို့"

'သေပါ' ဟု ကိုယ့်နဖူးကို ကိုယ်ပြန်ရိုက်မိရန် အနည်းငယ်သာလိုသည်။

'ဝုန်း' ခနဲ နားထဲက မိုးကြိုးပစ်ချလိုက်သလိုမျိုး၊ လူတစ်ကိုယ်လုံး ပူထူသွားရသည်။ ဘာတဲ့ 'သမီး ဗိုက်သွားပြမလို့' တဲ့။

သေသေချာချာကြည့်မိချိန်မှာ သူဝတ်ထားတာ 'ဗိုက်ဖုံး





အင်္ကျီကြီး' ဟု သတိထားမိတော့သည်။ မျက်နှာကြီးနီကာ ထူပူနေသော ကျွန်တော့်ကိုကြည့်ကာ ချောရတီရော သားကောင့်သား နှစ်ကောင်မှာ ရယ်ချင်ပတ်ကျိဖြစ်နေကြသည်။ ကောင်မလေး ရှေ့မှာမို့ အတော်ကြီးအောင့်အည်းနေကြဟန်တူသည်။

"သမီး သွားတော့မယ်နော်"

ရတီနှင့် ထိုကောင်မလေးတို့ ဘာတွေပြောနေကြမှန်း ကျွန်တော် မကြား။ ထိုခဏအတွင်းမှာ လူကထူပူကာ အလိုလိုနေရင်း နင်နေမိသည်။

ကော့ကော့၊ ကော့ကော့ဖြင့် ကောင်မလေးထွက်သွားချိန်မှာ ရတီက ကျွန်တော့်ကို စပ်ဖြီးဖြီးကြည့်ရင်း . . .

"ဒီနေ့ကစပြီး နင့်နာမည် 'အာဘွား' ဖြစ်ပြီ"

"ရတီနော်"

"ဟုတ်တယ်. . . ဟကောင် ရတီပြောသလိုပဲ ဒီနေ့ကစပြီး နင့်နာမည် 'အာဘွား' ဖြစ်ပြီး"

"မလုပ်ကြပါနဲ့ကွာ"

"ကဲ ကဲ အချိန်ရှိတုန်း အိမ်တကာလှည့်ပြီး သတင်းဖြန့်လိုက်ဦးမယ်ဟေ့၊ ငါသိသွားပြီသိလား၊ ဟဲ့ 'အာဘွား' ငါသွားပြီနော်"

"ရတီ . . . နင်သေမယ်နော်"

ရှက်ရမ်းရမ်းနေသော ကျွန်တော့်ကိုကြည့်ကာ ဂွတိုတို့နှစ်ကောင်က ရယ်နေကြသည်။

'သမီး ဗိုက်သွားပြမလို့'တဲ့။

တောက်! ငယ်ငယ်ရွယ်ရွယ်နဲ့များ အိမ်ထောင်ပြုရတယ်လို့၊ ခေတ်ကာလ သားသမီးတွေများ။

ပြီးတော့ ဗိုက်ကြီးသည်ဖြစ်ပြီး၊ ဗိုက်အကြီးကြီး ထွက်နေပါတော့လား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပျားအုံကို တော်မီတို့၊ ဂျာအေးတို့၊ ထွန်းသောင်းတို့ ကောင်တွေက မရေမတွက်နိုင်အောင်ကို ဖွတ်နှင့်ကြပြီးသားဖြစ်သည်။ ကျွန်တော်က မဖွတ်တတ်၊ သူများတွေလုပ်တတ်ပြီး ကိုယ်မလုပ်တတ်လျှင် မကျေနပ်နိုင်သောကျွန်တော်က သကောင့်သားများ ကွယ်ရာမှာ ကြိတ်လုပ်ကြည့်ဖို့ကြံခြင်းဖြစ်သည်။

ညနေခင်းရောက်တော့ ဟိုကောင်တွေ လုပ်သလို လုပ်ရန် ဓားတစ်လက်ကိုယူလာသည်။ ဟိုကောင်တွေ ပျားအုံဖွတ်တာက လွယ်လွယ်လေး၊ သစ်ပင်ပေါ်တက်ကာ ပျားအုံစွဲနေသော သစ်ကိုင်းကိုခုတ်ချလိုက်ရုံသာ။ အောက်ကကောင်က ထိုသစ်ကိုင်းကို ယူကာ 'ဆတ်' ခနဲ 'ဆတ်'ခနဲ ပျားတွေကို ခါချပြီး ခပ်သုတ်သုတ် ပတ်ပြေးလိုက်ရုံသာ။ ထိုပျားတွေက တကယ်တမ်းကျ ကာတွန်းတွေထဲကလို လူနောက်က တကောက်ကောက်လိုက်တာမဟုတ်။ (ကျွန်တော် ကြုံဖူးသလောက်တော့) ထိုနည်းဖြင့် ပျားအကိုက်မခံရဖူးသေး။

ကျောင်းဆင်းတော့ သူမနှင့် ကျွန်တော် ပျားအုံရှိရာ သစ်ပင်ဆီ ချီတက်ကြသည်။ သစ်ပင်ဆီရောက်တော့ သူ့ကို မှာစရာရှိတာ မှာရသည်။

"လုံးဝကြောက်စရာ မလိုဘူးနော် နွေး"

"အေးပါ . . . ငါဘာမှကြောက်တတ်တာမဟုတ်ဘူး၊ သွားနင်တက်စရာရှိတာသာမြန်မြန်တက်၊ တော်ကြာ ကျောင်းပြန် နောက်ကျလို့ အဆော်ခံနေရဦးမယ်"

ဤသို့ဖြင့် . . . ကျွန်တော် သစ်ပင်ပေါ်တက်ကာ ပျားအုံရှိရာ အကိုင်းဆီသွားသည်။ ပြီး . . . အသင့်ယူလာသော ဓားကိုထုတ်ကာ သစ်ကိုင်းငယ်ကို 'ဒုတ်'ခနဲ နေအောင်ခုတ်လိုက်သည်။

'ဒုတ်'

'ဟာ'





ဓားက ဟိုကောင်တွေသုံးနေကျဓားလိုမထက်၊ အတုံးကြီးဖြစ်သည်။ ဓားကတုံးတော့ သစ်ကိုင်းက မပြတ်ကျ 'ဒီ' ခနဲ ပျားတွေလေးဘက်လေးတန်ပျံလာကြသည်။ ကျွန်တော် အံကိုကြိတ်ကာ နောက်တစ်ချက်ခုတ်သည်။ မပြတ် နောက်တစ်ချက် . . . နောက်တစ်ချက်။

သစ်ကိုင်းက ဘယ့်နှယ်မှမနေ။ ပျားအုံမှာ ပျားလဘို့ကာသာ 'ဖုတ်'ခနဲ သူမခေါင်းပေါ်ကျသည်။

"ဟဲ့! အောင်မလေး၊ ငါ့ခေါင်းပေါ်မှာအုံကျ . . . အား ကိုက်တယ်၊ တုပ်တယ် အမလေး"

'နွေး' ခေါင်းပေါ်မှာ ပျားတွေအုံပြီးခဲနေတာကိုကြည့်ရင်း သူရင်ထိတ်သွားရသည်။ ကျွမ်းကျင်မှုမရှိဘဲ အလုပ်တစ်ခုကို တတ်ယောင်ကားဖြင့် လုပ်မိကာမှ ပြဿနာကတက်သည်။ 'နွေး'ကတော့ အော်အော်ပြီး ခွေးပြေးဝက်ပြေးကို ပြေးနေရသည်။

"ဟိုက် . . . ငါ့လည်းဆော်တယ်ဟ၊ ဟ . . . ဟ အောင်မငိုး၊ ဆော်တယ်"

ကျွန်တော်သည်လည်း အပင်ပေါ်က ကမန်းကတန်း ဆင်းကာပြေးရသည်။ သို့သော် မလွတ် ထိုစဉ်ကနှစ်ယောက်စလုံး ပျားကိုက်ဒဏ်ကြောင့် ဖျားခဲ့ကြသေးသည်။

အခုတော့ သူမလည်း နှစ်ဆယ်ကျော်၊ ကျွန်တော်လည်း နှစ်ဆယ်ကျော် . . .။ ချစ်သူတွေလည်း ဖြစ်နေကြပြီ ဖြစ်သည်။

အမှတ်ရတိုင်း သူမကတော့ "ငါတို့ ပျားအုံမဖွတ်ရတာ ကြာပြီနော်" ဟု နောက်တတ်သည်။ ကျွန်တော်ကတော့ သူများယောင်လျှင် ခုထိ လိုက်ယောင်တတ်တုန်း ဖြစ်သည်။ ခုလည်း သူများတွေ ရည်းစားထားလို့ ကိုယ်လိုက်ထားခဲ့တာကိုး၊ ကျွန်တော်က ထိုသို့သော ကျွန်တော်။

www.burmeseclassic.com

www.burmeseclassic.com






# မိုးခါးရေ

ကျွန်တော်ဆိုသည့်ကောင်က ယဲယဲလေးကတည်းက တော်တော်ဆိုးတဲ့ အကောင်ဖြစ်သည်။ ကစားစရာဆိုလည်း သူများ ကိုင်လျှင် ကိုယ်လည်းကိုင်ရမှ . . . စစ်တိုက်တမ်းကစားလို့ ကစား ဖော်တွေက သေနတ်အကြီးကြီးကိုင်လျှင် ကျွန်တော်ကလည်း ထို သေနတ်မျိုးကို ကိုင်ရမှ။

အခြားအရာများတွင်လည်း ထို့နည်းတူ။ သူများဘာဆို ကျွန်တော်လည်းဘာမှ၊ သူများဈေးစားလျှင် ကိုယ်လည်း စားမယ် ဆိုသော ကောင်မျိုး။

တစ်နေ့ . . .

လေးနှစ်သားခန့်ဖြစ်သော ကျွန်တော် အိမ်တိုမှုန်ကုတ်တုတ် ဖြင့်ပြန်လာတော့ . . . မေမေက ဆီးကာ မေးသည်။

"ဟဲ့ . . . ငါ့သားမျက်နှာလည်းမကောင်းဘူး။ ဘယ်သူနဲ့ စကားများလာပြန်ပြီလဲ . . . မေမေ့ကို ပြောစမ်း"

"တို့ကောင်တွေနဲ့ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ များကြတာလဲ"

"သူတို့က မေမေ့ကို ခေတ်မမီဘူး ပြောတာကိုး"

"အလိုတော် . . . တော်တို့ လက်မလောက်ကလေးတွေကများ . . . ကဲပြောပါဦး ဆရာကြီးရယ်၊ သားသူငယ်ချင်းတွေက မေမေ့ကို ဘယ်လိုခေတ်မမီဘူးတဲ့လဲ"

ကျွန်တော်တို့ . . . သားအမိစကားဝိုင်းကို သတင်းစာဖတ်နေသော ဖေဖေကပါ စိတ်ဝင်စားလာဟန်ဖြင့် ဖတ်လက်စ သတင်းစာကိုခွာကာ ကျွန်တော်ဘာဖြေမလဲဆိုတာကို နားစွင့်သည်။

"ထွန်းသောင်းက ပြောတယ်၊ သူ့အမေက အရမ်း ခေတ်မီတာတဲ့ . . . သူ့အဖေကိုဆို 'ကိုကို' လို့ခေါ်တာတဲ့"

"ဟဲ့"

အမေက 'ဟဲ့' ဟုဆိုရင်း မျက်နှာကြီးနီသွားသည်။ တကယ်တော့ ကျွန်တော်က လူအိုနောက်ကျသားဖြစ်သည်။ အဖေရော အမေပါ အသက်လေးဆယ်ကျော်မှ ကံပေါ်လို့ ကျွန်တော့်ကိုမွေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော့် အပေါင်းအဖော်များကလည်း ကျွန်တော့်နည်းတူ လူအိုနောက်ကျသားများချည်းသာ။

"ဆက်ပြောပါဦး သားရ"

ပြုံးဖြီးဖြီးဖြင့် . . . စကားထောက်သော အဖေ့ကို အမေက 'ဒိုင်း' ခနဲ မျက်စောင်းထိုးသည်။

'ဂျာအေးကလည်း . . . သူ့အမေကလည်း သူ့အဖေကိုဆို 'မောင်' လို့ ခေါ်တာတဲ့"

"အင်းပြောပါဦး"

ဖေဖေ၏ ဒုတိယမ္ပိစကားထောက်မှုကြောင့် ပြုံးစိစိ ဖေဖေ့ကို မေမေက မျက်စောင်းကြီး 'ဒိုင်း' ခနဲ ထိုးပြန်သည်။

"တော်မီကလည်း သူ့မာမီက သူ့ဒယ်ဒီကို 'ဒါလင်'လို့ ခေါ်





တယ်တဲ့။ သားကျတော့ သားမေမေက ဖေဖေ့ကို ကိုအောင်ကြိုင်၊ ကိုအောင်ကြိုင်နဲ့ ခေတ်မီမီလည်း မခေါ်တတ်ဘူးတဲ့ . . . အဟင့်။ သားကိုလည်း မင်းအမေလို မင်းလည်း ခေတ်နောက်ကျမယ့်ကောင်တဲ့။ ဟီး ဟီး"

"အလိုတော် . . . ကိုအောင်ကြိုင်မို့လို့ ကိုအောင်ကြိုင်ခေါ်တာပဲ ခေတ်မမီဘူးတဲ့လား . . . အံ့ပါရဲ့တော် သူတို့ကများ ရာရာစစ"

"အဲဒါတော့ သားလည်းမသိဘူး။ မေမေလည်း ဖေဖေ့ကို တစ်ခုခုခေါ်။ အဟင့် အဟင့် မခေါ်ရင် သားကို နောက်ရက်တွေတွေ့ သူတို့ပြောကြစကြဦးမှာ"

"အမလေး စစ၊ မစစ ကျေးဇူးရှင်။ တော် မမွေးခင်ကတည်းက တော့်အဖေကို ကိုအောင်ကြိုင်လို့ခေါ်လာတာ၊ တော်မွေးမှ ကျုပ်က ကိုကိုတွေ၊ မောင်တွေ ပြောင်းမခေါ်နိုင်ပေါင်တော်"

"မရဘူး . . အဟီးဟီး . . ပြောင်းခေါ် . . . ပြောင်းခေါ်"

"မခေါ်ဘူး၊ တကတည်းတော် ပူဆာစရာမရှိ လာပူဆာနေတာ"

"မင်းကလည်းကွာ . . ကလေးစိတ်မကောင်းဖြစ်ပါ့မယ်တွ"

ရှက်မျက်နှာဝဲဝဲဖြင့် ခေါင်းတခါခါ . . . လည်တခါခါ ငြင်းသော မေမေ့ကို ဖေဖေက ပြောင်ချော်ချော်ဖြင့် ကျွန်တော့်ဘက်မှ စစ်ကူပေးသည်။

"မခေါ်နိုင်ဘူး . . . ခေတ်မမီချင်လည်း နေပါစေ"

"အဟီးဟီး . . . ဟင့် . . ခေါ်ခေါ်"

"မိန်းမကလည်းကွာ . . ၊ ကလေး စိတ်ချမ်းသာအောင် ခေါ်ပေးလိုက်စမ်းပါကွ . . . အဟီး"

"တော်နော် . . . ကလေးကလားနဲ့ ကျုပ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မိန်းမရာ . . . ကလေးစိတ်ချမ်းသာအောင် လို့ပါကွ"

ထိုသို့ဖြင့် ကျွန်တော်ကငိုလိုက် ဖေဖေကတိုက်တွန်းလိုက် ဖြင့် မေမေ့ခမျာ ဖေဖေ့ကို 'အစ်ကို' ဟု မရဲတရဲ ခေါ်ရပါလေတော့သည်။

မှတ်မှတ်ရရ ထိုအချိန်က မေမေ့မျက်နှာ ရှက်သွေးတွေ ဖြာနေလိုက်ပုံများ။

မေမေက "အစ်ကို" ဟု ခေါ်စဉ်က ဖေဖေ့မျက်နှာ ရှက်တက်တက်ဖြင့် မိန့်မိန့်ကြီးဖြစ်နေပုံကို ပြန်မြင်ယောင်မိနေသေးသည်။

တစ်နေ့ မုန့်ဖိုးတစ်ကျပ်သာရနေကျဖြစ်သော ထိုအချိန်က မေမေမသိအောင် ဖေဖေခိုးပေးသော ငွေတစ်ဆယ်ကို ကျေးဇူးရှင်တော်မီတို့၊ ဂျာအေးတို့ ထွန်းသောင်းတို့နှင့်အတူ မုန့်တွေအဝအပြဲ ဝယ်စားခဲ့ကြတာ ပြန်မှတ်မိနေသေးသည်။

အခုတော့ ကျွန်တော်လည်း အသက်နှစ်ဆယ်ကျော်လာသလို ဖေဖေနှင့် မေမေလည်း အသက် '၆၀' ကျော်လာပြီဖြစ်သည်။ ကျွန်တော့်ကြောင့် 'အစ်ကို' ဟုခေါ်ဖြစ်သွားသော မေမေ့ အခေါ်အဝေါ်သည် ဖေဖေ့အပေါ် ခုထိမပြောင်းလဲသေး။ ကြားရသူအပေါင်းကတော့ မေမေ့ကို . . .

"အလဲ့ . . . အဘွားကြီးက ခေတ်တော့ အမီသားကွ"

ဟုများ မပြောမိလိုက်နှင့် မေမေက 'အဲဒါ . . ဟိုအကောင်ကြောင့်လေ' ဟု အစချီကာ . . . ရှက်ရှက်ဖြင့် ပြန်ပြောပြနေတုန်းဖြစ်သည်။

ကျွန်တော်ကား ငယ်စဉ်ကတည်းက ထိုသို့နှယ် ကြံပေါက်ကြံစည် လျှောက်လုပ်တတ်သောကောင် ဖြစ်သည်။

မြီးကောင်ပေါက်ဖြစ်လာသောအခါ ကြယ်စင်နွေးဆိုသော





ငတိမလေးထံ ကျွန်တော်ကပ်တတ်နေပြီဖြစ်သည်။ လူဖို့ မဖြစ်တဖြစ် ကျွန်တော်နှင့်ပျိုဖော်ဝင်စသူမတို့မှာ ကလေးစိတ်က မကုန်ချင်သေး။

တစ်နေ့ . . .။

"နွေး နင်ပျားရည် မစားချင်ဘူးလား"

"ဟင်အင်း"

"ဘာဖြစ်လို့"

"ငါက . . . မွေ့ပျားရည်ဆို မကြိုက်ဘူးဟ၊ သဘာဝ ပျားအုံက ပျားရည်ဆိုရင်တော့ စားချင်တယ်"

သူမအပြောကြောင့် ကျွန်တော် ဝမ်းသာသွားရသည်။

"အာ . . . စိတ်ချ။ သဘာဝ စစ်စစ်မှလေ စစ်စစ် စစ်စစ်တောင် မြည်နေသေးတယ်။ သစ်ပင်ပေါ်မှာ ငါတွေ့ထားတာ ဘယ်သူမှတောင်မပြရဲသေးဘူး"

"ပြတော့ သူများဖွတ်သွားမှာစိုးလို့လား"

"အေးပေါ့ဟ . . . နင်မကြားဖူးဘူးလား၊ မှိုရယ်၊ ပျားအုံရယ်၊ အဲ . . ဟို . . ရည်းစားရယ် မှတ်ထားလို့ မရဘူးတဲ့ သူများလက်မဦးခင် အရင်လက်ဦးထားရတယ်ဆိုတာလေ"

အဓိပ္ပာယ်ပါပါ ကျွန်တော့်စကားကိုနွေးကတော့နားမလည်။

"အဲဒီတော့ . . ."

"အဲဒီတော့ ငါနင့်ကို ဒီနေ့ညနေခင်း ကျောင်းဆင်းရင် ဖွတ်ကျွေးမယ်"

"အာ . . . နင်က ဖွတ်တတ်လို့လား"

"ငါ သူများဖွတ်တာတွေ မြင်ဖူးပါတယ်ဟာ၊ နင်ကလည်း ငါ့ကိုလူအကြီးကျလို့၊ ညနေခင်းကျောင်းဆင်းရင်သာ ငါ့ကို စောင့်နေဖို့မမေ့နဲ့"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပျားအုံကို တော်မီတို့၊ ဂျာအေးတို့၊ ထွန်းသောင်းတို့ ကောင်တွေက မရေမတွက်နိုင်အောင်ကို ဖွတ်နှင့်ကြပြီးသားဖြစ်သည်။ ကျွန်တော်က မဖွတ်တတ်၊ သူများတွေလုပ်တတ်ပြီး ကိုယ်မလုပ်တတ်လျှင် မကျေနပ်နိုင်သောကျွန်တော်က သကောင့်သားများ ကွယ်ရာမှာ ကြိတ်လုပ်ကြည့်ဖို့ကြံခြင်းဖြစ်သည်။

ညနေခင်းရောက်တော့ ဟိုကောင်တွေ လုပ်သလို လုပ်ရန် ဓားတစ်လက်ကိုယူလာသည်။ ဟိုကောင်တွေ ပျားအုံဖွတ်တာက လွယ်လွယ်လေး၊ သစ်ပင်ပေါ်တက်ကာ ပျားအုံစွဲနေသော သစ်ကိုင်းကိုခုတ်ချလိုက်ရုံသာ။။ အောက်ကကောင်က ထိုသစ်ကိုင်းကို ယူကာ 'ဆတ်' ခနဲ 'ဆတ်'ခနဲ ပျားတွေကို ခါချပြီး ခပ်သုတ်သုတ် ပတ်ပြေးလိုက်ရုံသာ။ ထိုပျားတွေက တကယ်တမ်းကျ ကာတွန်းတွေထဲကလို လူနောက်က တကောက်ကောက်လိုက်တာမဟုတ်။ (ကျွန်တော် ကြုံဖူးသလောက်တော့) ထိုနည်းဖြင့် ပျားအကိုက်မခံရဖူးသေး။

ကျောင်းဆင်းတော့ သူမနှင့် ကျွန်တော် ပျားအုံရှိရာ သစ်ပင်ဆီ ချီတက်ကြသည်။ သစ်ပင်ဆီရောက်တော့ သူ့ကို မှာစရာရှိတာ မှာရသည်။

"လုံးဝကြောက်စရာ မလိုဘူးနော် နွေး"

"အေးပါ . . . ငါဘာမှကြောက်တတ်တာမဟုတ်ဘူး၊ သွားနင်တက်စရာရှိတာသာမြန်မြန်တက်၊ တော်ကြာ ကျောင်းပြန် နောက်ကျလို့ အဆော်ခံနေရဦးမယ်"

ဤသို့ဖြင့် . . . ကျွန်တော် သစ်ပင်ပေါ်တက်ကာ ပျားအုံရှိရာ အကိုင်းဆီသွားသည်။ ပြီး . . . အသင့်ယူလာသော ဓားကိုထုတ်ကာ သစ်ကိုင်းငယ်ကို 'ဒုတ်'ခနဲ နေအောင်ခုတ်လိုက်သည်။

'ဒုတ်'

'ဟာ'





ဓားက ဟိုကောင်တွေသုံးနေကျဓားလိုမထက်၊ အတုံးကြီးဖြစ်သည်။ ဓားကတုံးတော့ သစ်ကိုင်းက မပြတ်ကျ 'ဒီ' ခနဲ ပျားတွေလေးဘက်လေးတန်ပျံလာကြသည်။ ကျွန်တော် အံကိုကြိတ်ကာ နောက်တစ်ချက်ခုတ်သည်။ မပြတ် နောက်တစ်ချက် . . . နောက်တစ်ချက်။

သစ်ကိုင်းက ဘယ့်နှယ်မှုမနေ။ ပျားအုံမှာ ပျားလဘို့ကသာ 'ဖုတ်'ခနဲ သူမခေါင်းပေါ်ကျသည်။

"ဟဲ့! အောင်မလေး၊ ငါ့ခေါင်းပေါ်မှာအုံကျ . . . အား ကိုက်တယ်၊ တုပ်တယ် အမလေး"

'နွေး' ခေါင်းပေါ်မှာ ပျားတွေအုံပြီးခဲနေတာကိုကြည့်ရင်း သူရင်ထိတ်သွားရသည်။ ကျွမ်းကျင်မှုမရှိဘဲ အလုပ်တစ်ခုကို တတ်ယောင်ကားဖြင့် လုပ်မိကာမှ ပြဿနာကတက်သည်။ 'နွေး'ကတော့ အော်အော်ပြီး ခွေးပြေးဝက်ပြေးကို ပြေးနေရသည်။

"ဟိုက် . . . ငါလည်းဆော်တယ်ဟ၊ ဟ . . . ဟ အောင်မငီး၊ ဆော်တယ်"

ကျွန်တော်သည်လည်း အပင်ပေါ်က ကမန်းကတန်း ဆင်းကာပြေးရသည်။ သို့သော် မလွတ် ထိုစဉ်ကနှစ်ယောက်စလုံး ပျားကိုက်ဒဏ်ကြောင့် ဖျားခဲ့ကြသေးသည်။

အခုတော့ သူမလည်း နှစ်ဆယ်ကျော်၊ ကျွန်တော်လည်း နှစ်ဆယ်ကျော် . . .။ ချစ်သူတွေလည်း ဖြစ်နေကြပြီ ဖြစ်သည်။

အမှတ်ရတိုင်း သူမကတော့ "ငါတို့ ပျားအုံမဖွတ်ရတာကြာပြီနော်" ဟု နောက်တတ်သည်။ ကျွန်တော်ကတော့ သူများယောင်လျှင် ခုထိ လိုက်ယောင်တတ်တုန်း ဖြစ်သည်။ ခုလည်း သူများတွေ ရည်းစားထားလို့ ကိုယ်လိုက်ထားခဲ့တာကိုး၊ ကျွန်တော်က ထိုသို့သော ကျွန်တော်။

www.burmeseclassic.com

www.burmeseclassic.com

# ခေါ်တာ အပြစ်လား





## ခေါ်တာ အပြစ်လား...

ချစ်သူလေးတစ်ယောက်ကနေ ပြဿနာစတက်တော့တာပဲ။

'နတ်ရေးတဲ့ရွှေဖူးစာ' လို့ပြောရမလား။ 'အသွင်မတူ အိမ်သူမဖြစ်' လို့ပဲ ပြောရမလား။

အဲ . . . ပြောချင်သလိုသာပြော၊ ကျုပ် ချစ်သူနဲ့ ကျုပ် တော်တော်များများတူတယ်။

အလှအပလေးဖြစ် အောင်ပြောရရင် သွားပေါ်လေးဖြစ်နေတာချင်း တူတယ်ပေါ့ဗျာ။

ဘာဗျ! . . . ခင်ဗျားက လည်မလိုလိုနဲ့ တော်တော်ပိန်းတဲ့လူ။ 'သွားပေါ်လေး'ဆိုတာ 'သွားခေါတာ' ကိုပြောတာဗျ။

ဟောဒီ ကျုပ်သွားလို ဟောသလိုကြီး ခေါတာကို ပြောတာ . . . . ။

ကဲ . . . ရှင်းပြီလား။

အစတုန်းကတော့ မပြင်ချင်ခဲ့လို့ပေါ့ဗျာ။

ကျုပ်က 'သဘာဝသမား' ပေါ့ဗျာ။ 'သဘာဝသမား'။



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီကျုပ်သွားကို Naturalအတိုင်း(စ်)။

Sorry ... တံတွေးစင်သွားလား ... လက်ကြီးကာ မထားပါနဲ့ဗျ။ နောက်ထပ် မစင်အောင် ကျုပ်ထိန်းပြောပါ့မယ်။

အဲ ... အဲသလိုပေါ့ဗျာ ... ကျုပ်သဘာဝအတိုင်းပဲ ထားလိုက်ချင်တာ။

ဒါပေမယ့် အခုထားလို့ မရတော့ဘူး။ ကျုပ် ပြောပြီးပါပ ကော။

ချစ်သူလေးတစ်ယောက်ရပါတယ်။ သူ့မသာ ကိုယ်မသာ။

သူလည်းခေါ၊ ကိုယ်လည်းခေါ အခေါချင်း ပြိုင်နေသလား တောင် မေးခံရတယ်။

"မင်းတို့နှစ်ယောက် အချစ်ချင်းပြိုင်ကြပါလား"

မေးတဲ့သူနဲ့ ...။

"အုန်းသီးခြစ်တဲ့ လုပ်ငန်းကိုသာ မင်းတို့နှစ်ယောက် တက် ညီလက်ညီ ကြိုးစား၊ သန်းကြွယ်သူဌေးကြီးဖြစ်ဦးမှာ"

လို့ ခနဲ့လား ခနဲ့ကြရဲ့။

"သားသမီးမွေးလို့ကတော့ စိတ်ရှိလက်ရှိကို ခေါ်နေကြ ဦးမှာ"

လို့ ရွဲ့တဲ့လူက ရွဲ့။

ကိုယ့်ထမင်းကိုယ်စားပြီး၊ ခေါတဲ့ကျုပ်တို့နှစ်ယောက်ကို ..

"မင်းတို့နှစ်ယောက်ကြည့်ရတာ အမြဲတမ်းပြုံးနေတော့တာ ပဲ"

တဲ့လေ။

(ရွဲ့တာ ... ရွဲ့တာ)

"နိုင်ငံခြားက တချို့တွေလို ပလက်တီနမ်နဲ့စိန်သာ ကွပ်ထား လိုက်တော့ ကြည့်ကောင်းဦးမှာ"





လို့ ပြောတဲ့လူနဲ့။

"သွားတိုက်ဆေးကြော်ငြာလေးရိုက်ပါလား"

လို့ ငေါ့တဲ့လူနဲ့၊ လွတ်လွတ်လပ်လပ်ခေါလို့ကို မရဘူး။

ဘာဗျ! .. လိုရင်းပဲပြော ... ဟုတ်လား ... 'ခေါ' မြီကာချဲ့နေတာ မဟုတ်ရပါဘူး ဆရာရယ် ... လူနာလေးပါးတုန်း ကျုပ်လည်း ရင်ဖွင့်ချင်လွန်းလို့ပါ။

ဒီလို ... ကျုပ်ချစ်သူက သွားလေးသာခေါတာ နှုတ်ခမ်း လေးကတော့ အလှသား။

အဲဒီ 'ခေါ'နေတဲ့သွားကို မလုံမခြုံဖွတ်ကြီး ဖုံးဖိထားတဲ့အချိန် ဆို ဖူးငုံ့ချွန်စုနေလိုက်တာများ လာ ...လာ ... ပြောရင်းနဲ့ ကျုပ်ရင်တွေခုန်လာပြီ။

ကန်တော့နော်ဆရာ ... အဟီး 'နားနဲ့မနာ ဖဝါးနဲ့နာ'ပါ။ ပြောရမှာ ရှက်စရာတော့အကောင်းသား။

အဟိ ... ရည်းစားသဘာဝချိန်းတွေ့ကြရင် နမ်းချင်တာ ဗျ။

ဒါပေမယ့် စာစာကပြောသလိုအသွင်တူတဲ့ ကျုပ်တို့ နှစ် ယောက်စလုံးက 'ခေါ' တာတူသလို နှာခေါင်းပြားတာချင်းကပါ တူနေပြန်တယ်လေ။

သွားက နှာခေါင်းထက် ရှေ့ရောက်ရောက်နေတော့ကာ ပါးလေးနမ်းရင်တောင် သွားပြီးခြစ်ခြစ်မိနေတယ်။

ကန်တော့နော် ဆရာ ... အဟဲ ... သူကပိုတောင် ခြစ်သေး။

သူက နည်းနည်းပိုခေါတာကိုး။

ထားပါတော့။

ကျုပ်ပြောတဲ့ နမ်းမရတဲ့ကိစ္စ၊ ကျုပ်ဒုက္ခရောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဖောင်စီးရင်းရေငတ်' တို့၊ 'မြင်သာမြင်ရ မကြင်ရ' တို့ဆိုတာ ဒါမျိုးထင်ပါရဲ့ဆရာရယ်။

တောက်! . . . ကျုပ်ကလည်း ကျုပ်ပဲ . . .။

သူငယ်ချင်းတွေဆီ မရှက်မကြောက်ရင်ဖွင့်မိတယ်လေ။ တစ်ယောက်ကပြောတယ်။

"ကြည့်လုပ်နော်. . . ကိုယ့်ဆရာ" တဲ့။

"မင်းချစ်သူ မင်းနမ်းတာကကိစ္စမရှိဘူး . . ."

"တော်ကြာ သွား,သွားချင်းရိုက်မိလို့ မီးတွေ ထပွင့်နေကုန်မှအခက်"

တဲ့။

ကျုပ်က ရည်းစားချိန်းရင် မီးသတ်ကားခေါ်သွားရမတဲ့လား။

အဟင့် . . . ပြောရက်ကြပုံ။

ဟိုတစ်ကောင်ပြောတာက ပိုဆိုးသေး။

"မင်းတို့ရည်းစားချိန်းရင် သွားဆရာဝန်နှစ်ယောက်လောက်ခေါ်သွား"

တဲ့လေ။

"နမ်းလို့ပဲဖြစ်ဖြစ် . . . ရန်ဖြစ်ကြရင်ပဲဖြစ်ဖြစ် သွား သွားချင်းချိတ်နေမှ ဟုတ်ပေဖြစ်နေမယ်"

တဲ့။

'ရှင်းလေ . . ရှုပ်လေနဲ့ သွားဆရာဝန်နှစ်ယောက် လောက်သာမပါရင် ဒုက္ခကိုလှလှကြီးတွေ့ကြမတဲ့။

ဒီတော့ သွား ရှင်းလင်းရေးလုပ်ဖို့ သွားဆရာဝန်နှစ်ယောက်ပါခေါ်သွားတဲ့လေ။

ကြားလို့မှကောင်းကြသေးရဲ့လား။






ဟီး . . ဟီး . . ရွတ် . . . အဲဒါပါပဲ . . ဆရာရယ် . . ကိုယ့်ဘာသာကိုယ် 'ခေါ်'ချင်တိုင်း 'ခေါ်' လို့မရမယ့်အတူတူ ထုံဆေးများများပေးပြီးတော့ မြန်မြန်သာ ပြင်ပေးစမ်းပါဗျာ။

ကျုပ်အဲဒီ စကားတွေ မခံနိုင်လွန်းလို့ပါ။

အဟုတ်။

www.burmeseclassic.com

www.burmeseclassic.com





# ငမြီးလိုက်ပုံက

အပျိုကြီးတို့မိသားစုက ဒီမြို့ဇာတိမဟုတ်။ ကျွန်တော်တို့မြို့ကိုပြောင်းလာပြီး ကျွန်တော်တို့ ရပ်ကွက်ကလေးမှာပင် ကုန်စုံဆိုင်လေးဖွင့်ထားသည်။ ကျွန်တော်တို့ အနီးအနားတစ်ဝိုက်ကတော့ အပျိုကြီးတို့ ကုန်စုံဆိုင်လေးကြောင့် ဈေးဝယ်ရပြုရ အတော်ကြီးကို အဆင်ပြေသည်။ အပျိုကြီးအကြောင်း တစေ့တစောင်းဆိုရလျှင် အပျိုကြီးမှာ ဒေါသထွက်လွယ်သူ ဖြစ်သည်။ သူမမှာ အလွန်အေးသော မိဘနှစ်ပါးနှင့် အူတူတူအတတ မောင်လေးတစ်ယောက်ရှိသည်။

ဈေးဝယ်သက်ကလေးရလာသောအခါ အပျိုကြီးနှင့်ရောသူမ၏ မောင်နှင့်ပါ ကျွန်တော်အတော့်ကို ခင်မင်လာကြသည်။ တစ်နေ့ အပျိုကြီးဆိုင်မှာ ဈေးဝယ်ရန်ထွက်လာခဲ့သော ကျွန်တော်သူမတို့ဆိုင်ထဲဝင်ခါနီးမှ ပိုက်ဆံအိတ် မေ့ကျန်ခဲ့တာကို သတိရသည်။ ကိစ္စမရှိ . . . အပျိုကြီးကိုကြည့်ပြောပြီး အဆင်ပြေအောင်ဖန်တီးရမည်။ ပိုက်ဆံအိတ် ပြန်ယူရမှာကလည်း အိမ်ကအတော်လေးဝေးသည်ကိုး။ ဘာရယ်ညာရယ်မဟုတ်။ အပျိုကြီးကိုချောမော့ပြီးခမ်းရန် အကြံနှင့် ကျွန်တော် ထွေရာလေးပါး နှုတ်ဆက်ရသည်။

www.burmeseclassic.com



"အစ်မ .. မောင်ဖိုးကျော်လည်း မတွေ့ပါလား"

"အေးကွယ် . . . မေမေတို့ ဖေဖေတို့နဲ့ ဘုရားသွားလေရဲ့၊ အစ်မ တစ်ယောက်တည်းဆိုင်စောင့်ကျန်ရစ်ခဲ့တာ . . . လာလေ နိုင်သော်"

အလဲ့ . . . ပထမအဆင့်တော့ အဆင်ကိုပြေလို့ . . . ရှက်ကလည်းရှက်မို့ ခေါင်းကိုကျွန်တော်ခပ်ကြွမ်းကြွမ်း ကုတ်ပစ်လိုက်သည်။ ဘယ်က စလိုက်ရမှန်းကိုမသိ။

"အစ်မ"

"အေး . . ပြော"

"ဟို . . ."

"ပြောလေ .. မောင်လေး"

အို . . . လမ်းစဖွင့်ပေးသူကတောင် ဖွင့်ပေးနေမှတော့ အားနာမနေတော့ . . .။

"အစ်မ . . . ကျွန်တော် . . . ငမ်းချင်လို့"

"ဘာ"

အပျိုကြီး တီကို ဆားနှင့် တို့သလိုကြီးတွန့်ခနဲဖြစ်သည်။ အေးလေ ကျွန်တော်ကလည်း အငမ်းသက်သက်လာသလို ဖြစ်နေတာကိုး။ မထူးပြီ။ မထူးဇာတ် ခင်းလိုက်မှဖြစ်တော့မည်။

'ဟို . . . ငမ်းချင်လို့ပါ ဒီတစ်ခါတည်း . . .'

'ဘာကွဲ့'

အပျိုကြီးမျက်နှာ၌ ပြောမပြတတ်သော အမူအရာတချို့ ဖြတ်သွားသည်။

'ဘယ် . . . ဘယ်သူမှ မရှိကြဘူးကွဲ့'

'ဘာလဲ . . . အစ်မ ကျွန်တော့်ကို မယုံလို့လား'

ကျွန်တော့်စကားကြောင့် အပျိုကြီးမျက်နှာ 'နီ' တက်သွား



BURMESE CLASSIC .com



သည်။ ကျွန်တော်လည်း ရှက်သည်ပေါ့။ အိမ်လှည့်ပြန်ရမှာကလည်း မဟုတ်။

"အစ်မက ပေးမငမ်းချင်လို့လား . . . ကျွန်တော်လည်း ငမ်းချင်လွန်းလို့တော့ မဟုတ်ပါဘူး၊ ငမ်းမှ မငမ်းပြန်ရင်လည်း"

'နိုင်သော်!'

ကျွန်တော့်စကားမဆုံးခင် အပျိုကြီးက အာခေါင်ခြစ်ကာ အော်ရင်းတားသည်။ မျက်နှာကြီးကိုနီလို့။ ကျွန်တော် နားမလည်နိုင်။ ကျွန်တော် ဘာမှားနေပါသနည်း။

"စိတ်ချပါအစ်မရ၊ ကျွန်တော်ငမ်းတာ နေ့မကူးစေရဘူး။ အစ်မကလည်း ကျွန်တော့်ကို မသိတာလည်း မဟုတ်ဘဲနဲ့။ ဟဲ . . . ဟဲ ငမ်းမယ်နော် . . . နော်လို့"

"နင် .. နင် . . . ကဲဟယ်"

"ဖြန်း"

ဘာကြောင့် ဒေါသထွက်သွားသည်ဟု ကျွန်တော်နားမလည်နိုင်သောအပျိုကြီး ကျွန်တော့်ပါးကို 'ဖြန်း' ခနဲ မညှာမတာ၊ မစာမနာ ဆော်သည်။

"ဟာ ခင်ဗျားကြီး . . . ဘာလဲဗျ လူကို အသားလွတ်"

အသားကနာတော့ ဒေါသကထွက်သည်မို့ အစ်မလည်း မခေါ်နိုင်တော့။

"ဟင်း နင်ကများ၊ လူကို ဘာကောင်မ အောက်မေ့နေလဲ၊ လူပါးတော့ လာမဝနဲ့ .. မိတိုတဲ့ တစ်တိုတည်းရှိတယ် . . . ဟင်း ဟင်း"

အပျိုကြီးက တဟင်းဟင်းဖြင့် ဒေါထကာတစ်ကိုယ်လုံး နတ်ပူးသလိုတောင်တုန်နေလိုက်သေးသည်။ သူမဘာသာ တစ်ကိုတည်း ရှိတာနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ ပါးရိုက်တာလဲဗျ"

"နင်ပဲ . . . ငမ်းမလေး ဘာလေးနဲ့"

"ဟ မငမ်းနဲ့ဆို ပြီးရောပေါ့ . . . ဒါလေး ပြောရုံနဲ့"

"ဟဲ့ . . ဟဲ့ . . . ဘာဖြစ်နေကြတာလဲ . . ."

အော်ကြီးဟစ်ကျယ်ဖြစ်နေသော ကျွန်တော်တို့ နှစ်ယောက်ကြားကို ဈေးဝယ်လာသော အဒေါ်ကြီးနှစ်ယောက်က အပြေးတစ်ပိုင်း ဝင်ရပ်ကြရင်းမေးသည်။ အပျိုကြီးက ဟီးခနဲ နေအောင်ငိုချသည်။ လက်ညှိုးကလည်း နေရင်းထိုင်ရင်း ကျွန်တော့်ဆီကို ထိုးလိုက်သေးသည်မို့ ကျွန်တော်ပျာပျာသလဲ ရှင်းပြရသည်။ တော်ကြာတစ်မျိုးတစ်မည်ထင်ကုန်မှ အခက်။

ကျွန်တော့်စကားဆုံးတော့ အဒေါ်ကြီးနှစ်ယောက်က ဗိုက်နှိပ်ပြီး ရယ်သည်။ တစ်ယောက်ကဆို မျက်ရည်များတောင် ထွက်လို့။ အပျိုကြီးက အငိုတိတ်ကာ အံ့အားတသင့် ကြောင်တောင်တောင်ဖြင့် ကျွန်တော်နှင့်အဒေါ်ကြီး နှစ်ယောက်ကို တစ်လှည့်စီကြည့်သည်။

"ငါ့တူမက ဒီဇာတိမဟုတ်တော့ မသိသေးဘူးပေါ့။ ငမ်းတယ်ဆိုတာ ဒီမှာကအကြွေးယူတာကို ပြောတာကွဲ့၊ ဟိုလို အပျိုလူပျိုငမ်းတာကို ပြောတာ မဟုတ်ဘူး"

"ရှင်"

ဒီတော့မှ မွန်ထူနေသော ကျွန်တော်နှင့် ရှက်ရက်ဖြင့် သဘောပေါက်သွားသော အပျိုကြီးတို့ တစ်ယောက်ကိုတစ်ယောက် မရဲတရဲကြည့်ဖြစ်ကြသည်။ အေးလေ ကျွန်တော်ကလည်း ကျွန်တော်ဇွတ် . . . သူမကလည်း အဲ သူမ . . ဇွတ်။

အဲဒီနေ့ကစလို့ ကျွန်တော်အပျိုကြီးဆိုင်မသွားရဲတော့။ အဲ . . . ပါးအရိုက်ခံလိုက်ရတာကလည်း ဆိမ့်လှသမို့ မကြာခဏ သတိရမိတုန်း။






ကဲ . . . မိတ်ဆွေ 'ခနု' မြေကိုရောက်ခဲ့ရင် ကောင်မလေးတွေ ရောင်းတဲ့ဆိုင်မှာ စပ်ဖြီးဖြီးနဲ့ 'ငမ်းလို့ရမလား' လို့ ဖြောင်မေးကြည့်ပါလား။ အဲ . . . ပါးအရိုက်ခံရရင်တော့ တစ်ခုခုချော်နေလို့ပဲ။ ကျွန်တော့်ကို မကျိန်ဆဲနဲ့ဦးနော့။

(မှတ်ချက်။ ။ 'ခနု' လို 'ငမ်း' ဆိုသော စကားလုံးသည် အကြွေးယူခြင်း၊ အကြွေးယူသည်ဟု အဓိပ္ပာယ်ရပါကြောင်း)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






# မှတ်ထား

ဦးထွန်းအေးက . . . ကျုပ်တို့ ရပ်ကွက်မှာတော့ ရှေ့မီနောက်မီ လူကြီးတစ်ယောက်ပေါ့ . . . နေရာတကာ ဦးထွန်းအေးမပါတဲ့ နေရာကိုမရှိဘူး။ ပြောစရာရှိတာကိုဆို ပွင့်ပွင့်ကြီး ပြောတတ်လို့ သူ့ဆို . . . အရပ်ထဲက ငယ်ငယ် ကြီးကြီး ကြောက်ကြောက်နဲ့ လေးစားကြတယ်။ ရပ်ကွက်ထဲက ဂျစ်ကန်ကန်ငနဲတွေကအစ ကလန်ကဆန်မလုပ်ရဲကြဘူး။

လုပ်လို့လည်းမရဘူးလေ။ ဦးထွန်းအေးက တော်တန်ရုံပြောလို့ရရင်ရ၊ မရလို့ကတော့ လက်ကပါတော့တာ။ အဘိုးကြီးမို့လို့တော့ လျှော့မတွက်နဲ့၊ သူ့ခေတ်သူ့အခါက မြန်မာ့ရိုးရာသိုင်းပညာမှာ သူက ဆရာကြီး။ ငွေရေးကြေးရေးကအစ ပြည့်စုံပြီးသားဆိုတော့ ရပ်ကွက်ထဲမှာ အင်မတန်လူဝင်ဆံ့တဲ့ ဦးထွန်းအေးမှာ သားသမီးဆိုလို့ တစ်ယောက်ပဲထွန်းကားခဲ့တာ။ သီးချိန်တန်သီးလို့ ပွင့်ချိန်တန်လို့လည်း ပွင့်ပြီးရော ဦးထွန်းအေးမှာ မြေးထီးလေးတစ်ယောက် ရလာတယ်။ သားအချစ် မြေးအနှစ်ဆိုသလို ဦးထွန်းအေးကြီး သူ့မြေးကိုချစ်လိုက်တာများတုန့်လို့။

www.burmeseclassic.com



သားနဲ့ချွေးမက ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ အသုံးမကျ သလောက် ဦးထွန်းအေးကြီးက ဘာမှမပြောဘူး။ မြေးမျက်နှာနဲ့ အိမ်ပေါ်မှာဒီအတိုင်းတင်ကျွေးထားတယ်။ သားနဲ့ချွေးမကိုလည်း ကုန်စုံဆိုင်လေးဖွင့်ပေးထားလိုက်တယ်။ မြေးလေးရှေ့ရေးအတွက် အသင့်အတင့် စုဆောင်းရှာဖွေနိုင်အောင်ပေါ့။

ဒါပေမယ့် ဦးထွန်းအေးကြီးထင်သလိုဖြစ်မလာခဲ့ဘူး။ သားက ဘောလုံးပွဲဝါသနာရှင်ဖြစ်လာသလို ချွေးမကလည်း နှစ်လုံးရောဂါ ဝေဒနာရှင်ဖြစ်လာတယ်။ လောင်းကစားဖက်လာတော့ကုန်စုံဆိုင် လေးက ကြီးပြီးပြည့်စုံလာဖို့နေနေသာသာ ရောင်းစရာပစ္စည်းတောင် များများစားစား မတင်နိုင်တော့ဘူး။

ဒါကို ဦးထွန်းအေးကြီးကသိတယ်။ မပြောဘူး။ နှင်ချလိုက် ပြန်ရင်လည်း မြေးလေးမျက်နှာကရှိသေးသကိုး။

ဒီလိုနဲ့ မြေးလေး ၂ နှစ်သားရောက်လို့ တီတီတာတာပြော တတ်ချိန်မှာ ဦးထွန်းအေးတစ်ယောက် ဇရာထောင်းပြီး မေ့တတ် လာတယ်။ ဒါကိုအခွင့်ကောင်းယူပြီး သားနဲ့ချွေးမက ငွေလေးချေး လိုက် အမေ့ခံပြီးပြန်မဆပ်ပဲနေလိုက်နဲ့ လုပ်လာတယ်။ တစ်ခါတစ်ခါ ကျတော့လည်း ဦးထွန်းအေးကြီးက မှတ်မိတယ်။ ဒါပေမယ့် ထုံးစံ အတိုင်း သည်းခံလိုက်တာများတယ်။ ဒီလင်မယားကိုနှင်ချလိုက်ပြန် ရင် သူသိပ်ချစ်တဲ့ မြေးလေးပဲ ဒုက္ခရောက်မှာကိုး။ ဒါပေမယ့် သည်းခံ လေလေ ရောင့်တက်လေလေဖြစ်လာတဲ့ ချွေးမက ယူထားတဲ့ကြွေး ပြန်မဆပ်သေးဘဲနဲ့ ငွေထပ်ချေးတယ်။ ဦးထွန်းအေးကြီးကလည်း စာရွက်စာတမ်းနဲ့မှတ်မထားပေမယ့် အရင်လကမှ ငွေနှစ်သိန်း ယူ ထားတာကိုတော့ ကောင်းကောင်းကြီးမှတ်မိနေသေးတယ်။ မေ့တတ် တယ်ဆိုပေမယ့်ပေါ့။

"ဟဲ့ . . . မိငွေ နင်အရင်လက ယူထားတာလည်း ပြန်မဆပ်





ဘူး၊ အခုလည်းချေးပြန်ပြီ နင်တို့ လင်မယားက မလွန်လွန်းဘူးလား"

မြေးလေးကို . . . ချီထားရင်းက ပြောတဲ့ အဖေလုပ်သူကို ချွေးမက ဘာမှပြန်မပြောရဲပေမယ့် သားလုပ်သူကတော့ ထပြီး အတွန့်တက်တယ်။

"အာ . . . ဖေဖေကလည်း ပြန်ဆပ်ပြီးပြီလေ ဖေဖေ အမှတ်မှားနေတာပဲဖြစ်မှာပေါ့၊ ဖေဖေကလည်း မေ့တတ်လိုက်တာ လွန်ရော"

သူ့ရဲ့မေ့တတ်တဲ့အားနည်းချက်ကြီးကိုဖော်ပြီး ပြောင်ပြောင် တဲ့သားလုပ်သူကို ဦးထွန်းအေးတစ်ယောက် တော်တော်ကြီး တင်း သွားတာမို့ ချီထားတဲ့မြေးလေးကိုမြှောက်ပြရင်း၊ ပြန်ပြောလိုက်တဲ့ စကားက သားရော၊ ချွေးမကိုပါငြိမ်သွားစေတယ်။ ငြိမ်သွားချက်ကမှ ခေါင်းကို မဖော်နိုင်ဘူး။

ဦးထွန်းအေးကြီး ဒေါနဲ့မောနဲ့ပြောလိုက်ပုံက . . . .

"ဘာ! ဘာမေ့တတ်တာလဲ၊ ငါလားမေ့မှာ၊ ဒီမှာငါမေ့တတ် လား မမေ့တတ်လား၊ ဟောဒီငါ့မြေးလေး မင်းတို့ မင်္ဂလာဆောင်ပြီး ငါးလတည်းနဲ့မွေးတာတောင် မှတ်မိတယ်မှတ်ထား" တဲ့။

ပြည့်ဖိုးဝိမ္ဗူးဆီ
၁၀/၁၆၊ ရွှေဥမင်ဘုရားလမ်း၊
ဆင်ခြေဖုံးရပ်၊ ဗန်းမော်မြို့